ရတနာပုံ

yadanarbonnews.com

၁၉၉၂ ခုနှစ် ၊ မေလ ၁ ရက် စတင်ထုတ်ဝေသည်။

၁၃၈၆ခုနှစ် ၊ ဝါဆိုလဆန်း (၈) ရက် ၊ စနေနေ့ ၊ (13-7-2024) ၊ အတွဲ (၃၃) ၊ အမှတ် (၀၇၄)

**ဒို့တာဝန်အရေးသုံးပါး**

- ပြည်ထောင်စုမပြိုကွဲရေး။
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ်(၅)ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံးတည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျုံးဝင်သော စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအားမြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် NCA ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများနစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျန မှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ ကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း၊ ရေ၊ လေ) မိသားစုများ၏ ၂၀၂၄ ခုနှစ် ဒုတိယအကြိမ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲ ကျင်းပပြုလုပ်



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှ၊ အဖွဲ့ဝင်များက အရာရှိ၊ စစ်သည်၊ မိသားစုများ၏ စုပေါင်းသစ်ပင်စိုက်ပျိုးနေမှုကို လှည့်လည်ကြည့်ရှုအားပေးစဉ်။

**နေပြည်တော် ဇူလိုင် ၁၂**

သဘာဝပတ်ဝန်းကျင်အား ထိန်းသိမ်းနိုင်စေရန်နှင့် ရာသီဥတုကို အထောက်အကူဖြစ်စေရန်၊ အရိပ်အာဝါသရရှိစေရန်နိုင်ငံ့စီးပွားရေးအတွက် တစ်ဖက်တစ်လမ်းမှ အထောက်အကူဖြစ်စေရန် ရည်ရွယ်၍ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း၊ ရေ၊ လေ) မိသားစုများနှင့် တိုင်းစစ်ဌာနချုပ် အသီးသီးတို့တွင် ၂၀၁၁ ခုနှစ်မှစ၍ နှစ်စဉ် မိုးရာသီတစ်အုပ်တစ်မ သစ်ပင်စိုက်ပျိုးပွဲများ ကျင်းပပြုလုပ်လျက်ရှိသည်။

ယနေ့တွင် ၂၀၂၄ ခုနှစ် ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း၊ရေ၊လေ) မိသားစုများ၏ **စာမျက်နှာ ၁၆ ကော်လံ ၁**



ရတနာပုံ
၂၀၂၄ ခုနှစ် ဇူလိုင် ၁၃ ရက်
အယ်ဒီတာ့အာဘော်

# ကာကွယ်ရေးစွမ်းအားတိုးမြှင့်စေသော ပြည်သူ့စစ်မှုထမ်းဥပဒေ

ကမ္ဘာပေါ်ရှိ နိုင်ငံအများစုသည် ပြည်သူ့စစ်မှုထမ်းဥပဒေကို မိမိတို့နိုင်ငံအခြေအနေနှင့် ကိုက်ညီအောင် ပြဋ္ဌာန်းကျင့်သုံးလေ့ရှိကြသည်။ ပြဋ္ဌာန်းကျင့်သုံးကြသည့် ရည်ရွယ်ချက်များမှာ နိုင်ငံသားအားလုံးသည် မိမိနိုင်ငံကို ကာကွယ်ရန် တာဝန်ရှိခြင်း၊ လိုအပ်ပါက စစ်မှုထမ်းဆောင်ရန်တာဝန်ရှိခြင်း၊ နိုင်ငံတော်ကာကွယ်ရေးပညာများကို တတ်မြောက်အောင် သင်ယူရန်တာဝန်ရှိခြင်းဟူသော အသိစိတ်ဓာတ်များ ကိန်းအောင်းလာစေရန်အတွက် ဖြစ်ပေသည်။

မိမိတို့မြန်မာနိုင်ငံတွင်လည်း နိုင်ငံသားတိုင်းသည် ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးဟူသည့် ဒို့တာဝန်အရေးသုံးပါးကို ထိန်းသိမ်းစောင့်ရှောက်ရန်တာဝန်ရှိကြသဖြင့် ယင်းတာဝန်များကို ထမ်းဆောင်ရန်အတွက် စစ်ပညာသင်ကြားရန်နှင့် နိုင်ငံတော်ကာကွယ်ရေးအတွက် စစ်မှုထမ်းဆောင်နိုင်ရန် ရည်ရွယ်၍ ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ်(၁)၊ (၂)၊ (၃) တို့ကို တိုင်းဒေသကြီးနှင့်ပြည်နယ်အသီးသီး၌ အောင်မြင်စွာဖွင့်လှစ်သင်ကြားပေးနိုင်ခဲ့သည်။

ထိုပြည်သူ့စစ်မှုထမ်းသင်တန်းများအနက် အမှတ်စဉ် (၁) သို့ နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို ကိုယ်တိုင်ပါဝင်ထမ်းဆောင်နိုင်ရေးအတွက် မိမိသဘောဆန္ဒအလျောက် စာရင်းပေးသွင်းပြီး သင်တန်းတက်ရောက်ခဲ့ကြသည့် နိုင်ငံ့သားကောင်း စစ်သည်များသည် ပြီးခဲ့သည့် ဇွန် ၂၈ ရက်နေ့တွင် သင်တန်းဆင်း၍ တာဝန်ကျရာ တပ်ရင်း၊ တပ်ဖွဲ့အသီးသီးသို့ နိုင်ငံတော်ကာကွယ်ရေးနှင့်လုံခြုံရေးတာဝန်များကို လေးစားဂုဏ်ယူစွာ တာဝန်ထမ်းဆောင်နေကြပြီဖြစ်ပေသည်။

ပြည်သူ့စစ်မှုထမ်းသင်တန်း တက်ရောက်နေသူ နိုင်ငံ့သားကောင်း စစ်သည်များသည် သင်တန်းကာလအတွင်း ကြံ့ခိုင်ရေးဘာသာရပ်၊ စစ်ရေးပြဘာသာရပ်၊ ခြေလျင်လက်နက်ငယ်ဘာသာရပ်များကိုလည်းကောင်း၊ စစ်နည်းဗျူဟာဘာသာရပ်၊ အထူးစစ်နည်းဗျူဟာဘာသာရပ်၊ စစ်ဘက်ရေးရာ လုံခြုံရေး၊ ချေမှုန်းရေးလေ့ကျင့်ခန်းများနှင့် အခြားသင်ခန်းစာများကိုလည်းကောင်း စာတွေ့ လက်တွေ့ စနစ်တကျသင်ကြားလေ့ကျင့်ပေးခဲ့ခြင်းဖြစ်သည်။ ထို့ကြောင့် လက်ရှိသင်တန်းသားများ၊ သင်တန်းဆင်းနိုင်ငံ့သားကောင်း စစ်သည်များတွင် အဖွဲ့အစည်းစိတ်ဓာတ်များ၊ အဖွဲ့အစည်းဖြင့် စည်းစနစ်ကျနစွာလုပ်ကိုင်ဆောင်ရွက်တတ်သည့် အလေ့အကျင့်များ၊ ရဲဘော်ရဲဘက်စိတ်များ၊ မျိုးချစ်စိတ်၊ ပြည်ထောင်စုစိတ်ဓာတ်များ ကိန်းအောင်းရှင်သန်စွာဖြင့် ကျရာတာဝန်အသီးသီးကို ကျေပွန်စွာထမ်းဆောင်ရင်း ဂုဏ်သိက္ခာမြင့်မားစွာ ရပ်တည်နေနိုင်သွားတော့မည်ဖြစ်ပေသည်။

နိုင်ငံ၏ ကာကွယ်ရေးစွမ်းရည်၊ စွမ်းအားမြင့်မားစေရေးအတွက် ပြည်သူ့စစ်မှုထမ်းဥပဒေကို အိမ်နီးချင်းနိုင်ငံများ၊ ဒေသတွင်းနှင့်ကမ္ဘာ့နိုင်ငံအများစုတွင် မဖြစ်မနေကျင့်သုံးဖော်ဆောင်လျက်ရှိပေသည်။ လက်ရှိ ကမ္ဘာ့အရေးတွင် အင်အားကြီးနိုင်ငံများ၏ အားပြိုင်မှုကြား၌ မိမိနိုင်ငံသည် ပထဝီနိုင်ငံရေးအရ အချက်အချာကျကျ တည်ရှိနေမှုကြောင့် မိမိနိုင်ငံ၏ ကာကွယ်ရေးစွမ်းပကားကို မြင့်မားနေရန်မှာ အသက်တမျှအရေးကြီးလှပေသည်။ ထို့ကြောင့် ယခုကဲ့သို့ နိုင်ငံတော်တွင် ပြည်သူ့စစ်မှုထမ်းဥပဒေနှင့်အညီ ကျင့်သုံးဆောင်ရွက်မှုအပေါ်ငြင်းသည် တိုင်းရင်းသားစည်းလုံးညီညွတ်မှု၊ တပ်မတော်နှင့်ပြည်သူ အပြန်အလှန်ယုံကြည်နားလည်မှုတို့ တိုးပွားခိုင်မာလာမည်ဖြစ်သည်။ ထို့ပြင် ကာကွယ်ရေးအမြင်နှင့် လုံခြုံရေးအသိ၊ လုံခြုံရေးသတိရှိသော နိုင်ငံသားများ နိုင်ငံတော်တစ်ဝန်း၌ အများအပြားတည်ရှိလာမည်ဖြစ်သည့်အတွက် နိုင်ငံတော်၏အချုပ်အခြာအာဏာသည် ကမ္ဘာတည်သရွေ့ ခိုင်မြဲနေမည်ဖြစ်ပါကြောင်း ဖော်ညွှန်းရေးသားလိုက်ရပါသည်။

# (၂၅)ကြိမ်မြောက် အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ(ဗဟိုအဆင့်)၌ ယှဉ်ပြိုင်နိုင်ရေးနှင့်တိုင်းဒေသကြီးအဆင့်ကျင်းပနိုင်ရေး ညှိနှိုင်းစည်းဝေး




**မန္တလေး ဇူလိုင် ၁၂**

၂၀၂၄ ခုနှစ် (၂၅)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ(ဗဟိုအဆင့်)၌ မန္တလေးတိုင်းဒေသကြီး ကိုယ်စားပြု ပါဝင်ယှဉ်ပြိုင်နိုင်ရေးနှင့် တိုင်းဒေသကြီးအဆင့်ပြိုင်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် ပထမအကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ဇူလိုင် ၁၁ ရက် မွန်းလွဲပိုင်းက မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမတွင် ကျင်းပသည်။

အဆိုပါ အစည်းအဝေးသို့ (၂၅)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကျင်းပရေးဦးစီးကော်မတီဥက္ကဋ္ဌ မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ်ဦးမျိုးအောင်၊ တိုင်းဒေသကြီးဝန်ကြီးများ၊ ပြိုင်ပွဲကျင်းပရေးဦးစီးကော်မတီ၊ ဆပ်ကော်မတီမှ တာဝန်ရှိသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဦးစွာ မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင်က နိုင်ငံတော်က အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများမပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး စသည့် ဦးတည်ချက်(၄)ရပ်ဖြင့် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲများကို ၁၉၉၃ ခုနှစ်မှစတင်၍ ကျင်းပပေးခဲ့ရာ ယခု (၂၅)ကြိမ်မြောက် ငွေရတုသို့ ရောက်ရှိပြီဖြစ်ပါကြောင်း၊ မန္တလေးတိုင်းဒေသကြီးအနေဖြင့် နှစ်စဉ်ပါဝင်ယှဉ်ပြိုင်ခဲ့ရာ ဆုတံဆိပ်များစွာရရှိခဲ့ပါကြောင်း၊ ယခုနှစ်တွင်လည်း ဗဟိုကသတ်မှတ်ပြဋ္ဌာန်းထားသည့် ပြိုင်ပွဲအမျိုးအစားနှင့် အဆင့်များတွင် အင်အားပြည့် ပါဝင်ယှဉ်ပြိုင်သွားနိုင်ရေးနှင့် ဆုတံဆိပ်များ ပိုမိုတိုးတက်ရရှိရေးအတွက် အရည်အသွေးပြည့်မီသူများကိုစနစ်တကျမှန်ကန်စွာ စိစစ်ရွေးချယ်သွားကြရမည်ဖြစ်ပါကြောင်း စသည်ဖြင့် ပြောကြားခဲ့သည်။

ထို့နောက် ပြိုင်ပွဲကျင်းပရေး ဦးစီးကော်မတီ ဒုတိယဥက္ကဋ္ဌများဖြစ်သည့် တိုင်းဒေသကြီးလူမှုရေးရာဝန်ကြီး ဦးအောင်ကျော်မိုး၊ အမျိုးသားယဉ်ကျေးမှုနှင့်အနုပညာ တက္ကသိုလ်(မန္တလေး)ပါမောက္ခချုပ် ဦးအောင်ဆန်းဦးနှင့် အဖွဲ့ဝင်များက ဖြည့်စွက်ဆွေးနွေးတင်ပြပြီး လုပ်ငန်းကော်မတီဝင်များမှတာဝန်ရှိသူများက ကဏ္ဍများအလိုက် ကြိုတင်ပြင်ဆင်ဆောင်ရွက်သွားမည့် အခြေအနေများ၊ မြို့နယ်၊ ခရိုင်အဆင့် ပြိုင်ပွဲများကျင်းပသွားမည့် အစီအမံများကို ရှင်းလင်းတင်ပြရာ တိုင်းဒေသကြီးဝန်ကြီးချုပ်က လိုအပ်သည်များပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**မျိုးကျော်**

# မန္တလေးဈေးကွက်အတွင်း မြင်းမူဘက်မှထွက်ရှိသည့်ဂျုံများ အရောင်းအဝယ်ကောင်းမွန်နေ

**မန္တလေး ဇူလိုင် ၁၂**

မန္တလေး ဈေးကွက်အတွင်း မြင်းမူဘက်မှထွက်ရှိသည့် ဂျုံများ အရောင်းအဝယ် ကောင်းမွန်နေကြောင်း ပွဲစားကုန်သည်စက်ပိုင်များ မဟာကထိန်တော်အသင်း (မန္တလေးကုန်စည်ဒိုင်) အတွင်းရေးမှူး ဦးစက်မောင်ဆွေက ပြောပြ၍ သိရသည်။

မန္တလေး ဈေးကွက်အတွင်း မြင်းမူဘက်မှ အရည်အသွေးကောင်းမွန်သည့်ဂျုံများ ပြန်လည်ဝင်ရောက်လာကြောင်း၊ ၎င်းဂျုံများကို မန္တလေးဈေးကွက်အတွင်း ဝယ်ယူမှုယခင်ကထက် ပိုမိုများပြားလာသည့်အပြင် မြို့နယ်အသီးသီးကလည်း မှာယူမှုများပြားလာခြင်းကြောင့် မြင်းမူဘက်မှထွက်ရှိသည့် ဂျုံများ အရောင်းအဝယ်ကောင်းမွန်လျက်ရှိကြောင်း သိရသည်။

"မြင်းမူဘက်ကနေ အရည်အသွေးကောင်းမွန်တဲ့ ဂျုံတွေ မန္တလေးဈေးကွက်နဲ့ တောင်ကြီးမြို့အပြင် အခြားမြို့တွေကပါ မှာယူမှုပြန်ပြီးများလာတယ်။ မြင်းမူဘက်ကဂျုံတွေကို ကုန်သည်တွေက မှာယူမှု ပြန်ပြီးများပြားလာတာကြောင့် ဂျုံအရောင်းအဝယ်ပြန်ကောင်းလာပါတယ်"ဟု ဦးစက်မောင်ဆွေက ပြောပြသည်။

မန္တလေးဈေးကွက်အတွင်း ဇူလိုင် ၁၁ ရက် ပေါက်ဈေးအရ မြင်းမူဘက်မှထွက်ရှိသည့် ဂျုံ ပိဿာ ၆၀ ဝင် တစ်အိတ်လျှင် ငွေကျပ် ၁၈၀၀၀၀ ပေါက်ဈေးရှိကြောင်း ပွဲစားကုန်သည်စက်ပိုင်များ မဟာကထိန်တော်အသင်း(မန္တလေးကုန်စည်ဒိုင်)မှ သိရသည်။ (၁၈၄)

# တစ်ပတ်အတွင်း မန္တလေး မြေဈေးကွက်

**မန္တလေး ဇူလိုင် ၁၂**

မန္တလေး အိမ်ခြံမြေဈေးကွက်အတွင်း တိုက်ခန်းများ အရောင်းအဝယ်အေးနေပြီး ဆောက်လုပ်ရေးလုပ်ငန်းများပါ ကျဆင်းနေဆဲဖြစ်ကြောင်း ဈေးကွက်အတွင်းမှ သိရသည်။

ထို့ပြင် အိမ်ခြံမြေဈေးကွက်အတွင်း မြို့နယ်တိုင်းရောင်းချလိုမှုများနေပြီး အဝယ်နည်းနေကြောင်း၊ ဈေးကွက်အတွင်း လုပ်ငန်းကြီးသမားများ၏ ရင်းနှီးမြှုပ်နှံမှုများ လျော့ကျလာခြင်းကြောင့် အရောင်းအဝယ် အေးနေရခြင်းအပြင် ဝယ်လက်ပျောက်နေမှုကြောင့် အရောင်းအဝယ်ကျဆင်းနေခြင်းဖြစ်ကြောင်း သိရသည်။

"လက်ရှိမှာက ဆောက်ပြီးသားတိုက်ခန်းတွေကော၊ ဆောက်လက်စတိုက်ခန်းတွေပါ အရင်က ငွေကျပ် သိန်း ၅၀၀ လောက်ရောင်းရင် အခု ငွေကျပ် သိန်း ၈၀၀ လောက်နဲ့ ရောင်းနေကြတယ်။ ဒါပေမဲ့ အရောင်းအဝယ်ကတော့ လက်ရှိမှာ ဈေးကွက်အေးနေတဲ့အနေအထားဖြစ်ပါတယ်"ဟု အိမ်ခြံမြေအကျိုးတော်ဆောင် ဦးဌေးဌေးက ပြောပြသည်။

အိမ်ခြံမြေဈေးနှုန်းများအနေဖြင့်မြို့သစ်ပိုင်း (မြို့သစ် ၁၊ ၂၊ ၃၊ ၄၊ ၅) လမ်းမတန်းမြေကွက်များမှာ ငွေကျပ် သိန်း၂၀၀၀ နှင့်အထက်၊ ကြားကွက်များမှာ ငွေကျပ်သိန်း ၅၀၀ မှ သိန်း ၁၇၀၀ ခန့်၊ စက်မှုဇုန်နှင့် အနီးဝန်းကျင်ရပ်ကွက်များမှ လမ်းတင်မြေကွက်များမှာ ငွေကျပ် သိန်း ၂၅၀၀ ခန့်နှင့်အထက်၊ ကြားကွက်များမှာ ငွေကျပ်သိန်း ၇၀၀ မှ သိန်း ၂၀၀၀ ခန့်၊ ပြည်ကြီးတံခွန်မြို့နယ် အရှေ့ခြမ်းနှင့် ပုသိမ်ကြီးမြို့နယ်တွင် ငွေကျပ် သိန်း ၅၀၀ နှင့်အထက်၊ အမရပူရမြို့နယ်တွင် ရပ်ကွက်အတွင်းပိုင်းရှိ လမ်းတင်မြေကွက်များမှာ ငွေကျပ် သိန်း ၈၀၀ ခန့်နှင့်အထက်၊ ကြားကွက်များမှာ ငွေကျပ်သိန်း ၃၀၀ မှ သိန်း ၁၀၀၀ ခန့်၊ လမ်းမတန်းကြီးများတွင် လမ်းတင်မြေကွက်များမှာ ငွေကျပ်သိန်း ၁၅၀၀ ခန့်နှင့်အထက်၊ ကြားကွက်များမှာ ငွေကျပ်သိန်း ၇၀၀ မှ သိန်း ၂၀၀၀ ခန့်ရှိကြောင်း အိမ်ခြံမြေအကျိုးတော်ဆောင် ဦးဌေးဌေးထံမှ သိရသည်။ (၁၇၃)

ထုတ်ဝေခွင့်အမှတ်-၀၀၃၂၄၊ ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်-၀၀၁၆၈၊ စာတည်းအဖွဲ့-၀၃၃-၇၂၇၈၁၊၀၉-၄၅၈၈၉၁၃၀၀၊ကြော်ငြာ-၈၄လမ်းနှင့် ၂၉-၃၀လမ်းကြား-၀၂-၄၀၆၆၆၅၁၊ ဖြန့်ချိရေး-၀၂-၄၀၃၆၄၂၂၊
E-mail-yadanarbonnewspaper@gmail.com ၊ မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ဘိုးရာဇာလမ်းနှင့် ဓဝရက်လမ်းကြား၊ ရတနာပုံသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။

# ငါန်းဇွန်မြို့နယ် ရွာသစ်ကျေးရွာ၌ တတိယအကြိမ် မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**ငါန်းဇွန် ဇူလိုင် ၁၂**

မန္တလေးတိုင်းဒေသကြီး တံတားဦးခရိုင် ငါန်းဇွန်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ရွာသစ်ကျေးရွာ၌ တတိယအကြိမ် မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေ ထုတ်ချေးခြင်းကို ဇူလိုင် ၁၁ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ငါန်းဇွန်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမိုးအောင်က ကျေးလက်နေပြည်သူများ ဆင်းရဲမှုလျော့ကျစေရန်နှင့် မိသားစုဝင်ငွေ တိုးပွားစေမည့် တစ်နိုင်တစ်ပိုင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် အခြားလုပ်ငန်းများ ဆောင်ရွက်နိုင်စေရန် ရည်ရွယ်၍ မြစိမ်းရောင်ကျေးရွာ စီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေ ထုတ်ချေးပေးခြင်းဖြစ်ကြောင်း၊ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များအနေဖြင့် မိမိတို့ကျေးရွာရှိ ဒေသခံပြည်သူများ တစ်နိုင်တစ်ပိုင်မိသားစုဝင်ငွေတိုး လုပ်ငန်းများဖော်ဆောင်ရာ၌ ရန်ပုံငွေ လေလွင့်ဆုံးရှုံးမှုမဖြစ်အောင် ကြပ်မတ်ဆောင်ရွက်သွားရန်လိုအပ်ကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံဝန်ထမ်းများက ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့် စည်းကမ်းချက်များ၊ အတိုးနှုန်းနှင့်ကာလသတ်မှတ်ချက်များပြောကြားပြီး မြို့နယ်ဦးစီးမှူးနှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များထံ ရန်ပုံငွေကျပ် ၃၂၅ သိန်း လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာ စီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များက စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် အခြားလုပ်ငန်းလုပ်ကိုင်သူ ၉၇ ဦးကို ရန်ပုံငွေကျပ် ၃၂၅ သိန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**အောင်ရဲကျော်**



မန္တလေး ချမ်းမြသာစည်မြို့နယ် ကန်တော်ကြီးကန်ပတ်လမ်းရှိ ဇီဝိတဒါနသံဃာ့ဆေးရုံကြီးတွင် အလှူရှင် မန္တလေးမြို့ မန်းမြန်မာပလာဇာမြေညီထပ် ရွှေသူ၊ ရွှေသားများ ဘုံဆွမ်းလောင်းအသင်းက ရာသက်ပန်ဆွမ်းပဒေသာပင်အတွက် အလှူငွေကျပ် သိန်း ၆၀ လှူဒါန်းရာ ဆွမ်းကွမ်းဝေယျာဝစ္စဆပ်ကော်မတီအတွင်းရေးမှူး ဦးဝဏ္ဏ၊ ဆွမ်းကွမ်းတွဲဖက်အတွင်းရေးမှူး ဦးချွန်နှင့် တာဝန်ရှိသူများက လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်စဉ်။

# မော်လမြိုင်ကျွန်းမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇွန်လအတွင်း စိုက်ပျိုးရေးကောက်ရိုးမှို ပိဿာချိန် ၇၇၀၀၀ ထိ တင်ပို့ရောင်းချခဲ့ရ



**မော်လမြိုင်ကျွန်း ဇူလိုင် ၁၂**

ဧရာဝတီတိုင်းဒေသကြီး မော်လမြိုင်ကျွန်းမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ပြီးခဲ့သည့် ဇွန်လအတွင်း ဒေသထွက် စိုက်ပျိုးရေးကောက်ရိုးမှို ပိဿာချိန် ၇၇၀၀၀ ထိတင်ပို့ရောင်းချခဲ့ရကြောင်း မော်လမြိုင်ကျွန်းမြို့နယ်မှ လယ်ယာထွက်ကုန်ရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်အိအိအေးက ပြောပြ၍ သိရသည်။

မော်လမြိုင်ကျွန်းမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ မေလအတွင်းက စိုက်ပျိုးရေးကောက်ရိုးမှို ပိဿာချိန် ၅၂၀၀၀ သာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး ဇွန် ၁ ရက်မှ ၃၀ ရက်ထိ စိုက်ပျိုးရေးကောက်ရိုးမှို ပိဿာချိန် ၇၇၀၀၀ ထိ တင်ပို့ရောင်းချခဲ့ရကြောင်း သိရသည်။

"လက်ရှိ မော်လမြိုင်ကျွန်းမြို့နယ်မှာ စိုက်ပျိုးရေးကောက်ရိုးမှိုတွေ လှိုင်လှိုင်ထွက်ရှိနေပါတယ်။ ဒီဘက်က လယ်ယာထွက်ကုန်တွေကို ရန်ကုန်ဈေးကွက်ကို ပို့တာများတယ်။ ပြီးခဲ့တဲ့ ဇွန်လအတွင်းက ကောက်ရိုးမှိုပိဿာချိန် ၇၇၀၀၀ ထိ တင်ပို့ရောင်းချခဲ့ရပါတယ်။ လက်ရှိ ဇူလိုင်လထဲမှာလဲ မှိုတွေကို ရန်ကုန်ဝယ်လက်တွေက ဝယ်ယူမှုအားကောင်းနေပါတယ်။ ပြည်တွင်းစားသောက်ဆိုင်တွေ၊ ဟိုတယ်တွေက အသုံးပြုတာများလာလို့ ဝယ်ယူမှုအားကောင်းလာတာဖြစ်ပါတယ်။ ဒေသမှာက ကောက်ရိုးမှိုကို ဆောင်းကာလနဲ့ မိုးကာလမှာ အများဆုံးစိုက်ပျိုးကြပါတယ်။ မှိုအဖူးက အရောင်းအဝယ်ပိုကောင်းပါတယ်"ဟု မော်လမြိုင်ကျွန်းမြို့နယ်မှ လယ်ယာထွက်ကုန်ရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်အိအိအေးက ပြောပြသည်။

မော်လမြိုင်ကျွန်းမြို့နယ်မှ ထွက်ရှိသည့် စိုက်ပျိုးရေးကောက်ရိုးမှိုများကို လယ်ယာထွက်ကုန်ရောင်းဝယ်ရေး ပွဲရုံပိုင်ရှင်များက ဝယ်ယူပြီး စနစ်တကျသန့်စင်ကာ ရန်ကုန်ဈေးကွက်သို့ အများဆုံး တင်ပို့ ရောင်းချလျက်ရှိကြောင်း သိရသည်။

စိုက်ပျိုးရေး ကောက်ရိုးမှိုများကို ဒေသခံစိုက်ပျိုးရေးလုပ်ငန်းရှင် တစ်ဦးလျှင် အရှည်ပေ ၃၀ ရှိ ပေါင် ၁၀ ပေါင်မှ ပေါင် ၂၀ ထိ စိုက်ပျိုးကြကြောင်း၊ အဆိုပါစိုက်ပျိုးရေးကောက်ရိုးမှို တစ်ပိဿာလျှင် ငွေကျပ် ၁၂၀၀၀ ထိ ဈေးရရှိနေကြောင်း သိရသည်။

**ကျော်ကျော်လင်း**

# တန့်ယန်းမြို့နယ် မန်ချပ်ကျေးရွာ၌ ရေရရှိရေးလုပ်ငန်းဆောင်ရွက်နိုင်ရေး စစ်ဆေး

**တန့်ယန်း ဇူလိုင် ၁၂**

ရှမ်းပြည်နယ် (မြောက်ပိုင်း) တန့်ယန်းခရိုင် တန့်ယန်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက မိုင်းပတ်ကျေးရွာအုပ်စု မန်ချပ်ကျေးရွာ၌ သန့်ရှင်းသော သောက်သုံးရေ ဖူလုံစွာရရှိစေရန်အတွက် စိမ့်စမ်းရေသွယ်ယူခြင်း လုပ်ငန်းဆောင်ရွက်နိုင်ရေး မြေပြင်အခြေအနေကို ဇူလိုင် ၁၁ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် တန့်ယန်းခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးတင်အောင်လွင်နှင့် အင်ဂျင်နီယာဝန်ထမ်းများက ကျေးရွာမှတာဝန်ရှိသူများနှင့်အတူ မန်ချပ်ကျေးရွာ၌ အရှည် ခြောက်ဖာလုံရှိ စိမ့်စမ်းရေသွယ်ယူခြင်း လုပ်ငန်းဆောင်ရွက်ရန် လျာထားသည့်အခြေအနေများကို မြေပြင်ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူးက ကျေးရွာရှိ ရေရရှိရေးကော်မတီဝင်များနှင့်တွေ့ဆုံ၍ ရှေ့ဆက်လက်ဆောင်ရွက်ရမည့် ရေရရှိရေးလုပ်ငန်းအစီအစဉ်များနှင့် ကျေးရွာ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့သည်။

တန့်ယန်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအနေဖြင့် မန်ချပ်ကျေးရွာရှိ အိမ်ခြေ ၃၄ အိမ်မှ လူ ၂၁၅ ဦးအတွက် နှစ်စဉ် နွေကာလရေရှားပါးသည့် ပြဿနာများ ပြေလည်စေရန်နှင့် သန့်ရှင်းသော သောက်သုံးရေများ ဖူလုံစွာရရှိစေရန်ရည်ရွယ်ပြီး ယခုဘဏ္ဍာနှစ်တွင် စိမ့်စမ်းရေသွယ်ယူခြင်းနှင့် ဆက်စပ်လုပ်ငန်းများကို ပြည်နယ်ခွင့်ပြုရန်ပုံငွေကျပ် ၂၂ ဒသမ ၁၅၆ သန်းဖြင့် K1 Solution ကုမ္ပဏီက အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။ **ရှိုသန်းညွန့်**

# ကန့်ဘလူခရိုင်တွင် ယခုနှစ် နွေသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးထားသော စပါး ၆၉၉၄ ဧကထိ ရိတ်သိမ်းပြီးစီးပြီဖြစ်

**ကန့်ဘလူ ဇူလိုင် ၁၂**

စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူခရိုင်တွင် ယခုနှစ် နွေသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးထားသော စပါး ၆၉၉၄ ဧကထိ ရိတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း ကန့်ဘလူခရိုင်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ကန့်ဘလူခရိုင်တွင် ယခုနှစ် နွေသီးနှံစိုက်ပျိုးရာသီ၌ စိုက်ပျိုးထားသော စပါးစိုက်ခင်းများကို ယခုနှစ်မေလမှ စတင်ရိတ်သိမ်းခဲ့ရာ ယနေ့ထိ ကန့်ဘလူမြို့နယ်တွင် ဧက ၆၆၆၀၊ ကျွန်းလှမြို့နယ်တွင် ၃၃၄ ဧက စုစုပေါင်း ၆၉၉၄ ဧကရိတ်သိမ်းပြီးစီးနေပြီး တစ်ဧကလျှင် ၈၃ ဒသမ ဝ၃ တင်းထွက်ရှိကြောင်း သိရသည်။

"ကန့်ဘလူခရိုင်မှာ နွေသီးနှံစိုက်ပျိုးရာသီက စပါး ၂၂၃၄၈ ဧကထိ စိုက်ပျိုးနိုင်ခဲ့ပါတယ်။ လက်ရှိမှာတော့ ရိတ်သိမ်းနေပါတယ်။ ဒီနေ့ထိ ၆၉၉၄ ဧကရိတ်သိမ်းပြီးစီးပြီဖြစ်ပါတယ်။ နွေစပါးစိုက်တောင်သူတွေကို စိုက်ပျိုးရေးဆိုင်ရာနည်းပညာနဲ့ ပိုးမွှားကျရောက်မှုကာကွယ်ရေးအသိပညာပေးလုပ်ငန်းတွေ၊ သီးနှံတွေပျက်စီးဆုံးရှုံးမှုမရှိစေဖို့၊ ရိတ်သိမ်းပြီးစပါးတွေအမိုးအကာအောက်အချိန်မီရောက်ရှိစေဖို့ အသိပညာပေးလုပ်ငန်းတွေ ဆောင်ရွက်ပေးခဲ့ပါတယ်"ဟု ကန့်ဘလူခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးအရာရှိ ဒေါ်မာမာဝင်းက ပြောပြသည်။

ကန့်ဘလူခရိုင်တွင် ယခုနှစ် နွေသီးနှံစိုက်ပျိုးရာသီ၌ စပါးဧက ၂၀၆၀၀ စိုက်ပျိုးရန်လျာထားပြီး ယခုနှစ် ဖေဖော်ဝါရီလမှ ဧပြီလထိစိုက်ပျိုးခဲ့ရာ ကန့်ဘလူမြို့နယ်တွင် ၂၂၀၁၄ ဧက၊ ကျွန်းလှမြို့နယ်တွင် ၃၃၄ ဧက စုစုပေါင်း ၂၂၃၄၈ ဧကစိုက်ပျိုးနိုင်ခဲ့ကြောင်း သိရသည်။

ကန့်ဘလူခရိုင်၌ နွေစပါးစိုက်ပျိုးရာတွင် ဆည်၊ ကန်၊ တမံရေတို့ဖြင့် စိုက်ပျိုးကြပြီး သက်ဆိုင်ရာမြို့နယ်အတွင်းရှိ ဒေသခံတောင်သူများ ရာသီအလိုက်သီးနှံများ အချိန်မီစိုက်ပျိုးနိုင်ရန်၊ စိုက်ပျိုးရေဖူလုံစေရန် သက်ဆိုင်ရာဌာနအနေဖြင့် နှစ်စဉ် ရေလှောင်တမံများမှ စိုက်ပျိုးရေများကို ရေပေးမြောင်းများမှတစ်ဆင့် လယ်ယာမြေစိုက်ခင်းများအရောက် စနစ်တကျဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။ (၂၀၆)



# တိုင်းရင်းဆေးတွင်အသုံးများသော ဆေးအမှတ်(၁)သေမှပုတိက သလိပ်ပုပ်ပျောက်ဆေး

ကြည်လွင်မြင့်(မုံရွာ)



ဆေးဖက်ဝင် မက်လင်ချဉ်သီးကို တွေ့ရစဉ်။

တိုင်းရင်းဆေးတွင် အိမ်သုံးဆေးအဖြစ် အသုံးများသော ဆေးအမှတ်(၁)သေမှပုတိက သလိပ်ပုပ်ပျောက်ဆေးကို လူသိများသောအရပ်ခေါ် အမည် "မက်လင်ချဉ်"ဆေးဖြစ်သည်။ အချို့ကလည်း ချဉ်ပြုံးပြုံးဖြင့် လျက်ကောင်းသောဆေးဖြစ်သဖြင့် "မက်လင်ချဉ်လျက်ဆား"ဟုလည်း ခေါ်ဝေါ်ကြသည်။

အမှန်တော့ လျက်ဆားဆိုသည်မှာ ခံတွင်းကောင်းစေရန် လျက်ရသည့်ဆေးမျိုးဖြစ်သည်။ ရှေးဆေးကျမ်းများမှလာသော "သေမှပုတိက သလိပ်ပုပ်ပျောက်ဆေး"မှာ ရင်ကျပ်ရောဂါရှိသူ၊ ချွဲသလိပ်ပိတ်ဆို့နေပြီး အသက်ရှူမဝဖြစ်နေသူများအတွက် လျက်လိုက်လျှင် ချက်ချင်းသလိပ်ပျော်စေနိုင်သည့် ဆေးစွမ်းကောင်းဖြစ်သည်။ ထိုဆေးတွင်ပါဝင်သော မက်လင်ချဉ်အသီးကြောင့် ချဉ်သောအရသာပေါ်လွင်နေခြင်းဖြစ်သည်။ အခြားပါဝင်ပစ္စည်းဖြစ်သော ငရုတ်ကောင်း၊ ပိတ်ချင်း၊ ချင်း၊ ဖာလာငယ်၊ ဖာလာကြီးစသည်များမှာ သလိပ်ကိုပျော်စေနိုင်သော ဆေးများဖြစ်သည်။

အသံဝင်သူများ၊ ချောင်းအဆက်မပြတ် ရက်ရှည်ဆိုးပြီး လည်ချောင်းနာသူများ၊ အသံပျောက်သွားသူများအတွက်လည်း အစွမ်းထက်သောဆေးဖြစ်သည်။ ဤဆေးတွင်ပါဝင်သော ကျောက်ချဉ်၊ ဇဝက်သာ၊ သိန္ဓောအစရှိသော တွင်းထွက်ပစ္စည်းများသည် သလိပ်ပျော်ပြီး ခံတွင်းရှင်းအသံကောင်းစေသော ဆေးများဖြစ်သည်။

မန္တလေးတိုင်းရင်းဆေးသိပ္ပံဖွင့်ခါစ ၁၉၇၆ ခုနှစ်မှ ၁၉၈၀ ပြည့်နှစ်အတွင်း၌ မြန်မာနိုင်ငံတွင် အသည်းရောင်အသားဝါရောဂါ အလွန်အဖြစ်များသည်။ ထိုပိုးသည် ကူးစက်လည်းမြန်သည်။ မိခင်ကိုယ်ဝန်ဆောင်စဉ်အသားဝါရောဂါဖြစ်လျှင် မွေးဖွားသောကလေးတွင်လည်း အသားဝါရောဂါပါလာတတ်သည်။ ထိုခေတ်အခါက မန္တလေးတောင်ခြေရှိ တိုင်းရင်းဆေးသိပ္ပံနှင့် တွဲဖက်ဖွင့်လှစ်ထားသော တိုင်းရင်းဆေးရုံတွင် အသားဝါရောဂါလူနာများ အများအပြားရောက်ရှိလာရာ တိုင်းရင်းဆေးသမားတော်ကြီးများက အနောက်တိုင်းဆေးရုံများနည်းတူ အသားဝါရောဂါပျောက်ကင်းအောင် ကုသပေးနိုင်ခဲ့ကြသည်။ ထိုသို့ကုသရာတွင် အဓိကလက်သုံးဆေးမှာ တိုင်းရင်းဆေးအမှတ်(၁)သေမှပုတိက သလိပ်ပုပ်ပျောက်ဆေးခေါ် မက်လင်ချဉ်ဆေးပင်ဖြစ်သည်ဟု သမားတော်ကြီးများက အမိန့်ရှိခဲ့ဖူးသည်။

တိုင်းရင်းဆေးပညာဦးစီးဌာနက ထုတ်ဝေသော ဌာနသုံး တိုင်းရင်းဆေးနည်းများနှင့် သမားစဉ်ဆေးဖုံများစာအုပ်(၂၀၁၆ ခုနှစ် ဇူလိုင်လထုတ်)တွင် ဖော်ပြထားသည့်အတိုင်း တိုင်းရင်းဆေးအမှတ်(၁) ဆေးဖော်စပ်ပုံနှင့်တကွ အသေးစိတ်လေ့လာချက်များကို အောက်တွင် ဖော်ပြထားပါသည်။

**ဆေးအမှတ်(၁)**

**ဆေးအမည်**

သေမှပုတိက သလိပ်ပုပ်ပျောက်ဆေး။

**မှီငြမ်းသောကျမ်း သို့မဟုတ် သမားစဉ်**

ရှုပဝိနိစ္ဆယကုထုံးကျမ်း၊ ပရမတ္ထအလင်းပြဆေးကျမ်း၊ အဘိဓမ္မာတောင်သာဋီကာ

**ဆေးတစ်ဖုံတွင်ပါဝင်သော ဆေးပစ္စည်းများနှင့် အလေးချိန်**

| | | |
|---|---|---|
| ၁။ | စမုန်ဖြူ(အသီး) | တစ်ပဲသား၊ |
| ၂။ | စမုန်နီ(အစေ့) | တစ်ပဲသား၊ |
| ၃။ | စမုန်ညို(အသီး) | တစ်ပဲသား၊ |
| ၄။ | စမုန်ဖွဲ(ပင်စည်ရိုးတံ) | တစ်ပဲသား၊ |
| ၅။ | စမုန်စပါး(အသီး) | တစ်ပဲသား၊ |
| ၆။ | ငရုတ်ကောင်း(အသီး) | လေးပဲသား၊ |
| ၇။ | ပိတ်ချင်း(အသီး) | ရှစ်ပဲသား၊ |
| ၈။ | ချင်း(မြေအောက်ပင်စည်) | တစ်ကျပ်သား၊ |
| ၉။ | ဖာလာငယ်(အစေ့) | နှစ်ကျပ်သား၊ |
| ၁၀။ | ဖာလာကြီး(အသီး) | လေးကျပ်သား၊ |
| ၁၁။ | မက်လင်ချဉ်(အသီး) | ၁၀ ကျပ်သား၊ |

**ဓာတုပစ္စည်း**

| | | |
|---|---|---|
| ၁၂။ | ကျောက်ချဉ် (တွင်းထွက်ပစ္စည်း) | ရှစ်ကျပ်သား၊ |
| ၁၃။ | ဇဝက်သာ (တွင်းထွက်ပစ္စည်း) | ကိုးကျပ်သား၊ |
| ၁၄။ | သိန္ဓော(တွင်းထွက်ပစ္စည်း) | ၁၆ ကျပ်သား၊ |

**လတ်ဆတ်သောဆေး၏အရောင်**

ဖော်စပ်ပြီးစတွင်ဖြူ၍ နောက်ပိုင်းတွင် ညိုဖျော့ဖျော့အရောင်ရှိသည်။

**လတ်ဆတ်သောဆေး၏အနံ့**

မွှေး၍မွှန်ပြီး မက်လင်ချဉ်အနံ့ရသည်။

**လတ်ဆတ်သောဆေး၏အရသာ**

အေး၊ ငန်၊ ချဉ်၊ ဖန်၊ စပ်။

**ဓာတုဗိပါက(ဒေသနာ)**

- သီတ၊ ဝါယာ၊ အာကာသ၊ အာပေါ(ပဌွရဏ)
- အပူငြိမ်းစေ၏။
- အဇ္ဈတ္တပထဝီအနည်းငယ်ပျက်စေ၏။
- ဗဟိဒ္ဓအာပေါဓာတ်၏ အာဗန္ဓနအပတ်အဖွဲ့ကိုပျက်စေ၍ အာကာသရစေ၏။ ဆီး၊ ဝမ်းရွှင်စေ၏။
- ကဏ္ဍုနာ၊ ပထမပိတ္တမ္ဘိတနာတို့တွင် နေ့ဆေးအဖြစ် အဓိကသုံးစွဲနိုင်သည်။

**အဓိကအသုံးပြုနိုင်သောရောဂါများနှင့် အသုံးပြုရမည့် ရေလဲပစ္စည်းများ**

- သလိပ်ပွချောင်းဆိုးခြင်း၊ သလိပ်ကြောင့် ရင်ကျပ်ခြင်း၊ သလိပ်ပုပ်ထခြင်း၊ ရင်အောင့်ခြင်း၊ ရင်တောင့်၍ အကြောတက်ခြင်းတို့ကို ကွမ်းရွက်စိမ်းရည် သို့မဟုတ် ကွမ်းရွက်ပြုတ်ရည်နှင့်တိုက်ပါ။
- သလိပ်မရဘဲ မောဟိုက်၍ကျပ်သော လေပူပန်းနာကို ကြစုသီးသွေးရည်နှင့် တိုက်ပါ။
- ချွဲပူထ၍ ညဘက်တွင်ဖျားသော အပုပ်ဖျားများကို ရှောက်ရည်၊ ပျားရည် နှစ်မျိုးဆတူစပ်၍ တိုက်ပါ။
- အပူဖျား ဖျားလျှင် ကွမ်းရွက်ပြုတ်ရည်နှင့် တိုက်ပါ။
- အော့အန်ခြင်း၊ ပါးစပ်နံခြင်း၊ အပုပ်ဆန်ခြင်းတို့ကို သံပရာရည်နှင့်တိုက်ပါ။
- ခေါင်းကိုက်ခြင်း၊ ခေါင်းနောက်ခြင်းကို သံပရာရည် သို့မဟုတ် ရှောက်ရည်နှင့်တိုက်ပါ။
- ပဋိသန္ဓေရှိ၍ဝမ်းထဲတွင် အပူအောင်းပြီး လည်ချောင်းကွဲခြင်း၊ လျှာကွဲခြင်း၊ လျှာနာခြင်းတို့ကို မန်ကျည်းမှည့်ရည်နှင့်တိုက်ပါ။
- အစာမကြေဖြစ်လျှင် ရေနွေးနှင့်တိုက်ပါ။
- အသည်းရောင်လျှင် ကင်ပွန်းချဉ်ရွက်ပြုတ်ရည်နှင့်တိုက်ပါ။
- အပူအပုပ်များသောအနာမှန်သမျှ ဤဆေးကို သောက်သုံးမည်ဆိုပါလျှင် ရောဂါများ သက်သာပျောက်ကင်းစေပါသည်။

❖ ရှေးဆေးကျမ်းများမှလာသော "သေမှပုတိက သလိပ်ပုပ်ပျောက်ဆေး"မှာ ရင်ကျပ်ရောဂါရှိသူ၊ ချွဲသလိပ်ပိတ်ဆို့နေပြီး အသက်ရှူမဝဖြစ်နေသူများအတွက် လျက်လိုက်လျှင် ချက်ချင်းသလိပ်ပျော်စေနိုင်သည့် ဆေးစွမ်းကောင်းဖြစ်သည်။ ထိုဆေးတွင်ပါဝင်သော မက်လင်ချဉ်အသီးကြောင့် ချဉ်သောအရသာပေါ်လွင်နေခြင်းဖြစ်သည်။ အခြားပါဝင်ပစ္စည်းဖြစ်သော ငရုတ်ကောင်း၊ ပိတ်ချင်း၊ ချင်း၊ ဖာလာငယ်၊ ဖာလာကြီးစသည်များမှာ သလိပ်ကိုပျော်စေနိုင်သောဆေးများဖြစ်သည်။ အသံဝင်သူများ၊ ချောင်းအဆက်မပြတ် ရက်ရှည်ဆိုးပြီး လည်ချောင်းနာသူများ၊ အသံပျောက်သွားသူများအတွက်လည်း အစွမ်းထက်သောဆေးဖြစ်သည်။ ❖

**ဆေးတစ်ခွက်စာပမာဏ**

လူကြီး နှစ်ပဲသား(နှစ်ဂရမ်)

ကလေး တစ်ပဲသား(တစ်ဂရမ်)

**သောက်ရမည့်အကြိမ်နှင့်ရက်**

တိုင်းရင်းဆေးပညာရှင်၏ ညွှန်ကြားချက်အတိုင်း သုံးစွဲသင့်သည်။

**ဆေးဝါးမှီဝဲလျှင် ဖြစ်ပေါ်နိုင်သောနောက်ဆက်တွဲဆိုးကျိုးများ**

မရှိပါ။

**ဆေးဝါးမှီဝဲစဉ်ရှောင်ကြဉ်ရန်**

ပူစပ်သောအစားအစာများ၊ အဆီ၊ အစေးများသောအစားအစာများကို မစားသုံးသင့်ပါ။

**ဆေးဝါးကိုမမှီဝဲသင့်သောအခြေအနေများ**

အငန်ကဲထားသည့်အတွက် သွေးတိုးရောဂါရှိသူများ သတိပြုသုံးစွဲသင့်ပါသည်။

**သုတေသနတွေ့ရှိချက်များ**

**အဆိပ်အာနိသင်စမ်းသပ်ချက် (Toxicological study)**

**လတ်တလောအဆိပ်အာနိသင်စမ်းသပ်ချက်(Acute toxicity test )**

- ကြွက်ဖြူလေး၏ ခန္ဓာကိုယ်အလေးချိန် တစ်ကီလိုဂရမ်လျှင် ဆေးချိန် မီလီဂရမ် ၃၂၀၀ နှုန်းဖြင့်စမ်းသပ်ရာ အဆိပ်အာနိသင် မတွေ့ရှိရပါ။
- ကြွက်ဖြူကြီး၏ ခန္ဓာကိုယ်အလေးချိန် တစ်ကီလိုဂရမ်လျှင် ဆေးချိန် မီလီဂရမ် ၁၆၀၀ နှုန်းဖြင့်စမ်းသပ်ရာ အဆိပ်အာနိသင် မတွေ့ရှိရပါ။
- ယုန်၏ခန္ဓာကိုယ်အလေးချိန် တစ်ကီလိုဂရမ်လျှင် ဆေးချိန် မီလီဂရမ် ၈၀၀ နှုန်းဖြင့် စမ်းသပ်ရာ အဆိပ်အာနိသင်မတွေ့ရှိရပါ။

**ဆေးဝါးအာနိသင်(Pharmacological study)**

- ပူး၏ခန္ဓာကိုယ်ပြင်ပပုံစံဖြစ်သော(in vitro) အူသိမ်ကို Histamine ပေး၍ ကျုံ့စေပြီး ဤဆေးဖြင့်စမ်းသပ်ရာ Histamine ကို ဆန့်ကျင်တိုက်ဖျက်နိုင်သည့်အာနိသင် (Anti_histamine activity) မရှိကြောင်း တွေ့ရှိရသည်။

**ခန္ဓာကိုယ်ပြင်ပပုံစံဖြစ်သော(in vitro)**

- ပူးနှင့်ယုန်တို့၏လေပြွန်မကြီးများကို Carbchol ဆေးပေး၍ကျုံ့စေပြီးနောက် ဤဆေးဖုံဖြင့်စမ်းသပ်ရာ လေပြွန်များကိုကျယ်အောင်ချဲ့သောသတ္တိ(Bronchodilatation activity) ရှိကြောင်း တွေ့ရသည်။
- ဆေးရုံကြီးများ၊ ပြင်ပလူနာဌာနများသို့ လာရောက်ကုသလျက်ရှိသည့် ပန်းနာရင်ကျပ်ရောဂါကို ငါးနှစ်တာအနည်းဆုံးခံစားလျက်ရှိသောလူနာများအား ဆေးနှစ်ဂရမ်(နှစ်ပဲသား)ကို တစ်နေ့သုံးကြိမ် စနစ်တကျတိုက်ကျွေး၍ ရင်ကျပ်ရောဂါသက်သာမှု၏ အာနိသင်ကို သိပ္ပံနည်းကျစမ်းသပ်တိုင်းတာခဲ့ရာ ပန်းနာရင်ကျပ်ခံစားရမှုသက်သာကြောင်း (Bronchodilatation activity) စမ်းသပ်တွေ့ရှိခဲ့ပါသည်။

# လမ်းလျှောက်ခြင်းဖြင့် ကြွက်သားများ သန်မာစေနိုင်သည်



မိမိတို့ရဲ့ ခန္ဓာကိုယ်မှာ ကြွက်သားတွေကလည်း ပိုမို အဆီပိုတွေ မရှိတော့ဘူးဆိုရင် ပေါ်လွင်လာပြီး သန်မာလာမှာ ဖြစ်ပါတယ်။

ဒီလို ဖြစ်ချင်တယ်ဆိုရင်တော့ တစ်ရက်ကို ခြေလှမ်းရေ ၁၀၀၀၀ လောက် လမ်းလျှောက်ပေးရုံနဲ့တင် ရရှိနိုင်ပါတယ်။

ဒီထက်ပိုပြီး ပြင်းထန်တဲ့ လေ့ကျင့်ခန်းမျိုးလိုချင်တယ်ဆိုရင်တော့ တောင်တက်လမ်းလျှောက်ခြင်းကိုလည်း ကြိုးစားကြည့်သင့်ပါတယ်။

ဒါ့အပြင် စက္ကန့် ၃၀ မှ ၁ မိနစ်၊ ၂ မိနစ်အထိ ခပ်မြန်မြန်လမ်းလျှောက်ပြီး ပုံမှန်လမ်းပြန်လျှောက်ခြင်း၊ အဲဒီနောက် ခပ်မြန်မြန်ပြန်ပြီး လမ်းလျှောက်ခြင်းလိုမျိုး လေ့ကျင့်ခန်းတွေကလည်း ထိရောက်မှုရှိလှပါတယ်။

လမ်းလျှောက်ခြင်းဟာ သင့်ခန္ဓာကိုယ်တစ်လျှောက်မှာရှိတဲ့ ကြွက်သားတွေရဲ့ တင်းအားကို တိုးမြင့်စေတာသာဖြစ်ပါတယ်။

လမ်းလျှောက်ခြင်းဟာ ပြင်းထန်တဲ့ လေ့ကျင့်ခန်းမဟုတ်တဲ့အတွက် ကြွက်သားတွေနာကျင်ခြင်းမရှိစေပါဘူး။ ဒါကြောင့် အနာတရဖြစ်တာမျိုး၊ နောက်တစ်ခေါက် လမ်းလျှောက်ဖို့အတွက် ကြွက်သားတွေနာလို့ မလျှောက်နိုင်တာမျိုးလည်း မဖြစ်စေပါဘူး။

# ကောလင်းခရိုင်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ အစေ့ထုတ်ပြောင်းနှင့် ဖူးစားပြောင်း ၁၁၈၃ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်

**ကောလင်း ဇူလိုင် ၁၂**

စစ်ကိုင်းတိုင်းဒေသကြီး ကောလင်းခရိုင်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ အစေ့ထုတ်ပြောင်းနှင့် ဖူးစားပြောင်း ၁၁၈၃ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ကောလင်းခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ကောလင်းခရိုင်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ အစေ့ထုတ်ပြောင်း ၄၆ ဧက၊ ဖူးစားပြောင်းဧက ၁၈၁၀ စိုက်ပျိုးရန်လျာထားပြီး ယခုနှစ်ဇွန်လမှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ ၁၁၈၃ ဧကစိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။



ယခင်နှစ်က ဖူးစားပြောင်းစိုက်ခင်းကို တွေ့ရစဉ်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ ကောလင်းခရိုင်မှာ အစေ့ထုတ်ပြောင်းနဲ့ဖူးစားပြောင်း ဧက ၁၈၀၀ ကျော် စိုက်ပျိုးဖို့လျာထားတယ်။ ဒီနေ့ထိ ဧက ၁၁၀၀ ကျော် စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ ပြောင်းသီးနှံတွေ ဖြစ်ထွန်းအောင်မြင်ဖို့အတွက် အသိပညာပေးတာတွေ၊ ပိုးမွှားရောဂါကျရောက်မှုမရှိအောင်အသိပညာပေးလုပ်ငန်းတွေ ဆောင်ရွက်ပေးနေပါတယ်"ဟု ကောလင်းခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဝင်းသိန်းက ပြောပြသည်။

ကောလင်းခရိုင်တွင် ယခုနှစ် မြို့နယ်အလိုက် ပြောင်းစိုက်ပျိုးပြီးစီးမှုအနေဖြင့် ကောလင်းမြို့နယ်တွင် ဖူးစားပြောင်း ၇၁၆ ဧက၊ ဝန်းသိုမြို့နယ်တွင် ဖူးစားပြောင်း ၂၇၉ ဧက၊ ပင်လည်ဘူးမြို့နယ်တွင် အစေ့ထုတ်ပြောင်း ၃၅ ဧက၊ ဖူးစားပြောင်း ၁၅၃ ဧကစုစုပေါင်း ၁၁၈၃ ဧကဖြစ်ကြောင်း သိရသည်။

ကောလင်းခရိုင်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ မြို့နယ်အလိုက် အစေ့ထုတ်ပြောင်းနှင့် ဖူးစားပြောင်းစိုက်ပျိုးရန် လျာထားမှုအနေဖြင့် ကောလင်းမြို့နယ်တွင် ဖူးစားပြောင်း ဧက ၁၁၃၀၊ ဝန်းသိုမြို့နယ်တွင် ဖူးစားပြောင်းဧက ၆၈၀၊ ပင်လည်ဘူးမြို့နယ်တွင် အစေ့ထုတ်ပြောင်း ၄၆ ဧက စုစုပေါင်း ၁၈၅၆ ဧကဖြစ်ကြောင်း သိရသည်။

ကောလင်းခရိုင်တွင် ယခုနှစ် အစေ့ထုတ်ပြောင်းနှင့် ဖူးစားပြောင်းစိုက်တောင်သူများကို သက်ဆိုင်ရာ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက သင်တန်းပေးခြင်း၊ ကွင်းသရုပ်ပြပွဲများဆောင်ရွက်ပေးခြင်း၊ ဖောင်မြှောင်တောင်ပိုး ကြိုတင်ကာကွယ်ရေးနှင့် ဘက်စုံသီးနှံကာကွယ်ရေးစနစ်ဖြစ်သည့် တမာပိုးသတ်ဆေးနှင့် ချင်း၊ ငရုတ် ပိုးနှင်ဆေး အသုံးပြုရေး၊ စိုက်ပျိုးရေးဆိုင်ရာ အသိပညာပေးခြင်းများဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ (၂၀၆)

# မိုင်းဖြတ်မြို့နယ် တာလကျေးရွာ၌ VDP စီမံကိန်း မိတ်ဆက်ရှင်းလင်းခြင်းနှင့် ကော်မတီဖွဲ့စည်းခြင်းပြုလုပ်

**မိုင်းဖြတ် ဇူလိုင် ၁၂**

ရှမ်းပြည်နယ် (အရှေ့ပိုင်း) တာချီလိတ်ခရိုင် မိုင်းဖြတ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်တွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစီမံကိန်း(VDP) အကောင်အထည်ဖော်ဆောင်ရွက်မည့် တောညကျေးရွာအုပ်စု တာလကျေးရွာ၌ VDP စီမံကိန်း မိတ်ဆက်ရှင်းလင်းခြင်းနှင့် ကော်မတီဖွဲ့စည်းခြင်းကို ဇူလိုင် ၁၁ ရက် မွန်းလွဲပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ မိုင်းဖြတ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ခင်မေလွင်က ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း (VDP) ဆောင်ရွက်ရခြင်း၏ ရည်ရွယ်ချက်များနှင့်လုပ်ငန်းစဉ်များအကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံဝန်ထမ်းများက ကျေးရွာဖွံ့ဖြိုးရေးကော်မတီဖွဲ့စည်းရာတွင် လိုက်နာရမည့် စည်းကမ်းသတ်မှတ်ချက်များ၊ ကျေးရွာကဆောင်ရွက်ရမည့်လုပ်ငန်းစဉ်များနှင့်စပ်လျဉ်း၍ ကဏ္ဍအလိုက် ရှင်းလင်းပြောကြားသည်။

ထို့နောက် မြို့နယ်ဦးစီးမှူး ဒေါ်ခင်မေလွင်နှင့် တာဝန်ရှိသူများ၊ ကျေးရွာသူ၊ ကျေးရွာသားများက ကျေးရွာဖွံ့ဖြိုးရေး ကော်မတီဝင်ခုနစ်ဦးကို အများသဘောဆန္ဒနှင့် အညီ ရွေးချယ်ပေးခဲ့ကြသည်။

တာလကျေးရွာ၌ ကျေးရွာတွင်းကွန်ကရစ်လမ်းခင်းခြင်း လုပ်ငန်းကို ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်းပံ့ပိုးရန်ပုံငွေကျပ် သိန်း ၁၅၀၊ ကျေးရွာပြည်သူထည့်ဝင်ငွေများကိုအသုံးပြုကာ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနဝန်ထမ်းများ၏ နည်းပညာပံ့ပိုးမှု၊ အနီးကပ်ကြီးကြပ်မှုဖြင့် ကျေးရွာသူ၊ ကျေးရွာသားများ ကိုယ်တိုင် အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**ဇင်မာ**

# စစ်မှုထမ်းစို့ ညီနောင်တို့

- တို့နိုင်ငံ သာယာဖို့
လှမ်းချီစို့ ညီညီညာ၊
ကာကွယ်မည် စိတ်နှလုံး
ရွှင်ပြုံးလျက်သာ၊
နိုင်ငံ၏ တာဝန်ဟာ
တို့တွေမှာ အမှန်ရှိ၊
တို့နိုင်ငံ စစ်မှုထမ်း
ကြိုးပမ်းသင့်၏။

- အဖျက်ရန် တို့တားဆီး
တရားသောနည်း စစ်အောင်မည်၊
တိုင်းပြည်ကို ချစ်မြတ်နိုး
ရိုးသားသင့်သည်၊
စစ်မှုထမ်း လက်တွဲညီ
ခွန်အားတည် ပါဝင်စို့၊
တို့နိုင်ငံ သာယာရေးကို
လေးစားကြတို့။

- တို့ရပ်ရွာ ကာကွယ်ဖို့
စစ်မှုထမ်းစို့ ညီနောင်တွေ၊
ပြည်ပရန် ပြည်တွင်းပိုး
ချိုးဖျက်စို့လေ၊
သမိုင်းကပေး တာဝန်ပေ
ကျေဖို့မသွေ ကြိုးစား၊
စိတ်ထက်သန် စစ်မှုထမ်းကာ
ရွှင်လန်းစေသား။ ။

**မောင်စစ်သွေး**

# ညောင်ဦးမြို့နယ် စန်းကန်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**ညောင်ဦး ဇူလိုင် ၁၂**

မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်း ရရှိစေရန်နှင့် မိသားစုဝင်ငွေတိုးပွားစေရန် ရည်ရွယ်၍ စန်းကန်ကျေးရွာ၌ သတ္တမအကြိမ် မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေထုတ်ချေးခြင်းကို ဇူလိုင် ၁၁ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ညောင်ဦးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ဒုတိယဦးစီးမှူး ဒေါ်ဖြူမျိုးသွယ်နှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများက ကျေးရွာစီမံကိန်း ကော်မတီဝင်များ၊ အသင်းသား၊ အသင်းသူများနှင့်တွေ့ဆုံ၍ မြစိမ်းရောင်ကျေးရွာစီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်ရခြင်း၏ ရည်ရွယ်ချက်နှင့် စီမံကိန်းအကျိုးကျေးဇူးများ၊ စီမံကိန်းလုပ်ငန်းများ ရေရှည်ဖွံ့ဖြိုးတိုးတက်ရေး လိုက်နာရမည့် စီမံကိန်းလက်စွဲစာစောင်ပါ စည်းမျဉ်းစည်းကမ်းများကို ရှင်းလင်းပြောကြားသည်။

ထို့နောက် ဒုတိယဦးစီးမှူးနှင့် တာဝန်ရှိသူများက ကျေးရွာစီမံကိန်း ကော်မတီဝင်များနှင့်အတူ စန်းကန်ကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ဦးရေ ၁၉၀ ကို ငွေကျပ် ၅၀ ဒသမ ၅၅ သန်း၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ တစ်ဦးကို ငွေကျပ် သုည ဒသမ ၂၅ သန်း၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ ငါးဦးကို ငွေကျပ် ၁ ဒသမ ၈ သန်း စုစုပေါင်း အသင်းသား၊ အသင်းသူ ၁၉၆ ဦးကို မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေကျပ် ၅၂ ဒသမ ၆ သန်း ထုတ်ချေးပေးခဲ့ကြောင်း ညောင်ဦးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။

**ရဲဝင်းနိုင်(ညောင်ဦး)**

## နိုင်ငံတကာ သတင်းများ

# အစ္စရေးအစိုးရက အမျိုးသားစစ်မှုထမ်းကာလကို လက်ရှိ ၃၂ လမှ ၃၆ လအဖြစ် ပြောင်းလဲသတ်မှတ်

**ဂျေရုဆလင် ဇူလိုင် ၁၂**

စစ်မှုမထမ်းမနေရ ဥပဒေအရ အစ္စရေးအမျိုးသားများ စစ်မှုထမ်းဆောင်ရမည့်ကာလကို အစ္စရေးအစိုးရအဖွဲ့က ယနေ့တွင် လေးလထပ်တိုး၍ ၃၆ လအဖြစ် ပြောင်းလဲသတ်မှတ်ထားကြောင်း သိရသည်။

စစ်မှုမထမ်းမနေရ စနစ်အရ အစ္စရေးအမျိုးသားများ စစ်မှုထမ်းဆောင်ရမည့်ကာလကို လက်ရှိတွင် ၃၂ လအဖြစ် သတ်မှတ်ထားသော်လည်း လေးလထပ်တိုး၍ ၃၆ လထိ ပြင်ဆင်သတ်မှတ်မည်ဖြစ်ကြောင်း အစ္စရေးအစိုးရက သတင်းထုတ်ပြန်ထားသည်။

ပြင်ဆင်သတ်မှတ်လိုက်သည့် စစ်မှုထမ်းကာလ ၃၆ လသည် နောင်လာမည့်ရှစ်နှစ်ထိ ဆက်လက်အာဏာသက်ဝင်မည်ဖြစ်ကြောင်း အစ္စရေးအစိုးရက ပြောကြားထားသည်။

စစ်မှုမထမ်းမနေရ အမျိုးသားများ စစ်မှုထမ်းရမည့်ကာလ ပြင်ဆင်သတ်မှတ်ချက်ကို ဇူလိုင် ၁၄ ရက်၌ အစိုးရအဖွဲ့သို့ တင်ပြ၍ မဲခွဲအတည်ပြုရမည်ဖြစ်သည်။

ဂါဇာအခြေစိုက် ဟားမတ်စ်အုပ်စုနှင့် စစ်ပွဲဖြစ်ပွားနေချိန်တွင် စစ်မှုမထမ်းမနေရ စနစ်အရ အမျိုးသားများ စစ်မှုထမ်းရမည့်ကာလကို လေးလတိုးထားခြင်းဖြစ်ကြောင်း သိရသည်။

**Ref : Xinhua**
**Trs : KKO**

# ဂျီ-၇ အုပ်စုဝင် နိုင်ငံခြားရေးဝန်ကြီးများက ဂျူးအခြေစိုက်အိမ်ရာများ ထပ်မံတိုးချဲ့တည်ဆောက်မည့် အစ္စရေး၏အစီအစဉ်ကို ရှုတ်ချ



**ရောမ ဇူလိုင် ၁၂**

အနောက်ဘက်ကမ်း ဒေသ၌ ဂျူးအခြေစိုက်အိမ်ရာများ ထပ်မံတိုးချဲ့တည်ဆောက်မည့် အစ္စရေး၏ အစီအစဉ်ကို ဂျီ-၇ အုပ်စုဝင်နိုင်ငံများမှ နိုင်ငံခြားရေးဝန်ကြီးများက ဇူလိုင် ၁၁ ရက်တွင် ရှုတ်ချခဲ့ကြောင်း သိရသည်။

အနောက်ဘက်ကမ်း ရှေ့တန်းနယ်မြေ၌ ဂျူးအခြေစိုက် အိမ်ရာစခန်းသုံးခု ထပ်မံတည်ဆောက်မည်ဖြစ်ကြောင်း အစ္စရေးအစိုးရက ပြီးခဲ့သည့်လအတွင်းက ကြေညာထားသည်။

သို့ရာတွင် အစ္စရေး၏ အဆိုပါအစီအစဉ်ကြောင့် အရှေ့အလယ်ပိုင်း ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များ ထိခိုက်သွားနိုင်ကြောင်း ဂျီ-၇ အုပ်စု နိုင်ငံခြားရေးဝန်ကြီးများက ဇူလိုင် ၁၁ ရက်တွင် ထုတ်ပြန်ခဲ့သည့် ပူးတွဲကြေညာချက်၌ ဖော်ပြထားသည်။

အနောက်ဘက်ကမ်း ဒေသသည် ၁၉၆၇ ခုနှစ် အာရပ်-အစ္စရေးစစ်ပွဲအတွင်း အစ္စရေးတပ်များ သိမ်းယူခဲ့သည့် ပါလက်စတိုင်းနယ်မြေဖြစ်သည်။

သို့ဖြစ်ရာ အနောက်ဘက်ကမ်းဒေသ၌ အစ္စရေးနိုင်ငံက ဂျူးအခြေစိုက်အိမ်ရာစခန်းများ တည်ဆောက်မှုကို တရားမဝင်လုပ်ရပ်အဖြစ် နိုင်ငံတကာကသတ်မှတ်ထားသည်။

ထို့ကြောင့် အနောက်ဘက်ကမ်းဒေသ၌ ဂျူးအခြေစိုက်အိမ်ရာများ ထပ်မံတိုးချဲ့မည့် အစီအစဉ်ကို ပြန်လည်ရုပ်သိမ်းရန် ဂျီ-၇ အုပ်စုဝင် နိုင်ငံခြားရေး ဝန်ကြီးများက အစ္စရေးနိုင်ငံကို တိုက်တွန်းထားကြောင်း သိရသည်။

**Ref : RT**
**Trs : KKO**

# လွန်ခဲ့သည့်တစ်နှစ်ကျော်က ဖမ်းဆီးခဲ့သော ရေနံတင်သင်္ဘောကို အီရန်အစိုးရ ပြန်လွှတ်ပေး

**တီဟီရန် ဇူလိုင် ၁၂**

လွန်ခဲ့သည့် တစ်နှစ်ကျော်က အီရန်နိုင်ငံက ဖမ်းဆီးထားသော အက်ဗင်းတိတ်ချ်ဆို အမည်ရှိ ရေနံတင်သင်္ဘောသည် လက်ရှိအချိန်တွင် နိုင်ငံတကာရေပြင်အတွင်းသို့ ဦးတည်ခုတ်မောင်းနေကြောင်း ဇူလိုင် ၁၁ ရက်တွင် ဖော်ပြခဲ့သည်။

မာရှယ်ကျွန်းစုနိုင်ငံ၌ မှတ်ပုံတင်ထားသည့် အက်ဗင်းတိတ်ချ်ဆို ရေနံတင်သင်္ဘောသည် ၂၀၂၃ ခုနှစ် ဧပြီလက အိုမန်ပင်လယ်ကွေ့၌ အီရန်စစ်ဘက်၏ ဖမ်းဆီးမှုကို ခံခဲ့ရသည်။

အီရန်သင်္ဘောတစ်စီးကို ဝင်တိုက်ခဲ့သည်ဟူသော စွဲချက်ဖြင့် အဆိုပါ ရေနံတင်သင်္ဘောကို အီရန်စစ်ဘက်က ဖမ်းဆီးထိန်းသိမ်းခဲ့ခြင်းဖြစ်သည်။

သို့ရာတွင် လက်ရှိအချိန်၌ အီရန်အစိုးရက အက်ဗင်းတိတ်ချ်ဆို ရေနံတင်သင်္ဘောကို ပြန်လွှတ်ပေးလိုက်ပြီဖြစ်ကြောင်း သိရသည်။

လက်ရှိတွင် အက်ဗင်းတိတ်ချ်ဆိုရေနံတင်သင်္ဘောသည် အီရန်မှ တစ်ဆင့် နိုင်ငံတကာရေပြင်အတွင်းသို့ ဦးတည်ခုတ်မောင်းနေကြောင်း ရေကြောင်းခရီးများ ခြေရာခံစောင့်ကြည့်ရေး ဝက်ဆိုက်များ၏ အဆိုအရ သိရသည်။

အက်ဗင်းတိတ်ချ်ဆို ရေနံတင်သင်္ဘော ပြန်လည်လွတ်မြောက်လာမှုနှင့်ပတ်သက်၍ အီရန်အစိုးရက တစ်စုံတစ်ရာ ထုတ်ဖော်ပြောကြားခြင်းမရှိခဲ့ကြောင်း သိရသည်။

**Ref : Xinhua**
**Trs : KKO**



# ယခုနှစ်ကုန်ပိုင်းမှစ၍ တရုတ်အခြေစိုက် ဟောင်ကျိုကားကုမ္ပဏီက ဥရောပဈေးကွက်သို့ လျှပ်စစ်ကားများ တင်ပို့မည်

**ပေကျင်း ဇူလိုင် ၁၂**

တရုတ်နိုင်ငံအခြေစိုက် ဟောင်ကျိုမော်တော်ယာဉ် ထုတ်လုပ်သည့် ကုမ္ပဏီသည် ယခုနှစ်ကုန်ပိုင်းမှစ၍ ဥရောပဈေးကွက်သို့ လျှပ်စစ်ကား အမျိုးအစား နှစ်မျိုး တင်ပို့ရောင်းချရန်စီစဉ်ထားကြောင်း ဇူလိုင် ၁၁ ရက်တွင် ဖော်ပြခဲ့သည်။



ဟောင်ကျိုကားကုမ္ပဏီ၏ အဆိုပါအစီအစဉ်သည် ဥရောပသမဂ္ဂက တရုတ်လျှပ်စစ်ကား ပို့ကုန်များအပေါ် အခွန်စည်းကြပ်မှု တိုးထားသည့်တိုင် တရုတ်ကားကုမ္ပဏီများအနေဖြင့် ဥရောပဈေးကွက်အား ချဲ့ထွင်နေဆဲဖြစ်သည်ကို ပြသနေသည့် လက္ခဏာဖြစ်သည်။

မိမိတို့အနေဖြင့် ယခုနှစ်ကုန်ပိုင်းတွင် အီးအိတ်ချ်-၇ နှင့် အီးအိတ်ချ်အက်စ်-၇ အမျိုးအစား လျှပ်စစ်ကားပုံစံနှစ်မျိုးကို ဥရောပဈေးကွက်သို့ စတင်တင်ပို့မည်ဖြစ်ကြောင်း ဟောင်ကျိုကုမ္ပဏီက သတင်းထုတ်ပြန်ထားသည်။

အဆိုပါ လျှပ်စစ်ကားပုံစံနှစ်မျိုးကို တင်ပို့ရောင်းချမည့်နိုင်ငံများတွင် နော်ဝေ၊ နယ်သာလန်၊ ဆွီဒင်၊ ဒိန်းမတ်နှင့် အိုက်စလန်နိုင်ငံတို့ ပါဝင်ကြောင်း ဟောင်ကျိုကုမ္ပဏီ၏ အဆိုအရ သိရသည်။

အီးအိတ်ချ်-၇ နှင့် အီးအိတ်ချ်အက်စ်-၇ လျှပ်စစ်ကားများသည် အပူချိန် အနုတ် ၁၀ ဒီဂရီဆဲလ်စီးယပ်အောက်၌ မိနစ် ၃၀ အတွင်း လျှပ်စစ်ဓာတ်အား အပြည့်သွင်းနိုင်ကြောင်း ဟောင်ကျိုကုမ္ပဏီ တာဝန်ရှိသူများက ပြောကြားထားသည်။

ဟောင်ကျိုကုမ္ပဏီထုတ် ယာဉ်များသည် ကွန်လွန်သူ တရုတ်ခေါင်းဆောင်ကြီး မော်စီတုန်း အလွန်နှစ်သက်သည့်ယာဉ်များဖြစ်ကြောင်း သိရသည်။

**Ref : Xinhua**
**Trs : KKO**

# နိုင်ဂျာရှိ ကိုတော်ကာလီအကျဉ်းထောင်တွင် ထောင်ဖောက်မှုဖြစ်ပွား အကျဉ်းသားများ ထွက်ပြေးလွတ်မြောက်လျက်ရှိ

**နီအာမေး ဇူလိုင် ၁၂**

နိုင်ဂျာနိုင်ငံ အကျဉ်းထောင်တစ်ခု၌ ဇူလိုင် ၁၁ ရက်က ထောင်ဖောက်မှုဖြစ်ပွားခဲ့ရာ အကျဉ်းသားများ ထွက်ပြေးလွတ်မြောက်သွားကြောင်း သိရသည်။

ထောင်ဖောက်မှုဖြစ်ပွားခဲ့သော ကိုတော်ကာလီအမည်ရှိ အကျဉ်းထောင်သည် နီအာမေးမြို့အနောက်မြောက်ဘက် မိုင် ၃၀ ခန့်အကွာတွင် တည်ရှိသည်။

လက်ရှိအချိန်တွင် ထောင်ဖောက်လွတ်မြောက်သွားသည့် အကျဉ်းသားများကို ပြန်လည်ရှာဖွေဖမ်းဆီးရန် နိုင်ဂျာပြည်ထဲရေးဝန်ကြီးဌာနက လုံခြုံရေးတပ်ဖွဲ့များကို ညွှန်ကြားထားသည်။

အကျဉ်းထောင်ဖောက်မှုသည် မည်သို့ဖြစ်ပွားခဲ့သည်၊ အကျဉ်းသားဦးရေ မည်မျှလွတ်မြောက်သွားသည်ကို နိုင်ဂျာပြည်ထဲရေးဝန်ကြီးဌာနက ထုတ်ဖော်ပြောကြားခဲ့ခြင်း မရှိကြောင်း သိရသည်။

ကိုတော်ကာလီ အကျဉ်းထောင်သည် အစ္စလာမ်မစ် စစ်သွေးကြွများကို ထိန်းသိမ်းထားသည့် အကျဉ်းထောင်ဖြစ်ပြီး လုံခြုံရေးတင်းကျပ်သော အကျဉ်းထောင်ဖြစ်သည်။

နိုင်ဂျာနိုင်ငံနှင့် ဆာဟဲလ်ဒေသအလယ်ပိုင်း အာဖရိကနိုင်ငံများသည် ၂၀၁၂ ခုနှစ်မှစ၍ အင်အားကောင်းလာသည့် ဘာသာရေးအစွန်းရောက်ဝါဒီများ၏ ခြိမ်းခြောက်မှုနှင့် ရင်ဆိုင်နေရကြောင်း သိရသည်။

**Ref : RT**
**Trs : KKO**

# SCIENCE AND TECHNOLOGY

## မိုဘိုင်းဖုန်းများသို့ အင်တာနက်တိုက်ရိုက်ချိတ်ဆက်ပေးနိုင်သော ဂြိုဟ်တုများအပါအဝင် စတားလင့်ခ်အင်တာနက်ဝန်ဆောင်မှုဂြိုဟ်တုသစ်များကို Space-X ကုမ္ပဏီ လွှတ်တင်



**ဝါရှင်တန် ဇူလိုင် ၁၂**

မိုဘိုင်းဖုန်းများသို့ အင်တာနက်ဝန်ဆောင်မှု တိုက်ရိုက်ချိတ်ဆက်ပေးနိုင်သော ဂြိုဟ်တုများ အပါအဝင် စတားလင့်ခ်အင်တာနက်ဝန်ဆောင်မှုဂြိုဟ်တုသစ်များကို အမေရိကန်နိုင်ငံ အခြေစိုက် Space-X အာကာသနည်းပညာကုမ္ပဏီက ယနေ့တွင် လွှတ်တင်ခဲ့ကြောင်း သိရသည်။

အဆိုပါ စတားလင့်ခ်ဂြိုဟ်တုသစ်အစင်း ၂၀ ကို သယ်ဆောင်ထားသည့် ဖယ်လ်ကွန်-၉ ဒုံးပျံကို ကယ်လီဖိုးနီးယားပြည်နယ် ဗင်ဒန်ဘာ့ဂ် အာကာသစခန်းမှတစ်ဆင့် လွှတ်တင်ခဲ့ခြင်း ဖြစ်ကြောင်း သိရသည်။

လွှတ်တင်ပြီး ၅၉ မိနစ်ခန့် အကြာတွင် ဖယ်လ်ကွန်-၉ ဒုံးပျံသည် သယ်ဆောင်ထားသော စတားလင့်ခ်ဂြိုဟ်တုများကို ကမ္ဘာပတ်လမ်း အနိမ့်ပိုင်းသို့ ပို့ဆောင်ပေးနိုင်ခဲ့သည်။

ဖယ်လ်ကွန်-၉ ဒုံးပျံ၏ ပထမအဆင့် ပင်မဒုံးယာဉ်ကမူ လွှတ်တင်ပြီး ရှစ်မိနစ်ခန့်အကြာတွင် ပစိဖိတ်သမုဒ္ဒရာအတွင်းရှိ မောင်းသူမဲ့ တွဲရေယာဉ်ပေါ်သို့ အောင်မြင်စွာ ဆင်းသက်နိုင်ခဲ့ကြောင်း သိရသည်။

ဇူလိုင် ၁၂ ရက် မစ်ရှင်တွင် လွှတ်တင်ခဲ့သော စတားလင့်ခ်ဂြိုဟ်တုအစင်း ၂၀ အနက် ၁၃ စင်းတို့မှာ မိုဘိုင်းဖုန်းများဆီသို့ အင်တာနက် တိုက်ရိုက်ချိတ်ဆက်ပေးနိုင်သော စတားလင့်ခ်ဂြိုဟ်တုများဖြစ်ကြသည်။

Space-X ကုမ္ပဏီသည် ယခုနှစ်အတွင်း ဖယ်လ်ကွန်-၉ ဒုံးပျံဖြင့် မစ်ရှင် ၆၉ ခု လွှတ်တင်ခဲ့ရာ ၄၉ ခုမှာ စတားလင့်ခ်မစ်ရှင်များဖြစ်ကြကြောင်း သိရသည်။

**Ref : Russia Today**
**Trs : KKO**

## နော့သ်ရော့ဂရူးမင်းကုမ္ပဏီ၏ ဆိုက်ဂနက်စ်အာကာသကုန်တင်ယာဉ် နိုင်ငံတကာအာကာသစခန်းမှ ပြန်လည်ခွာထွက်ရန် စီစဉ်ထား

**ဝါရှင်တန် ဇူလိုင် ၁၂**

နော့သ်ရော့ဂရူးမင်းကုမ္ပဏီ၏ ဆိုက်ဂနက်စ် အာကာသကုန်တင်ယာဉ်သည် ဇူလိုင် ၁၃ ရက်တွင် နိုင်ငံတကာအာကာသစခန်းမှ ပြန်လည်ခွာထွက်ရန် စီစဉ်ထားကြောင်း ဇူလိုင် ၁၁ ရက် သတင်းများအရ သိရသည်။

ဆိုက်ဂနက်စ် အာကာသကုန်တင်ယာဉ်သည် နိုင်ငံတကာ အာကာသစခန်း၌ ၅ ဒသမ ၅ လကြာ ဆိုက်ကပ်ထားခဲ့ပြီးနောက် ကမ္ဘာမြေအပြန်ခရီး စတင်ရေးအတွက် အာကာသစခန်းမှ ခွာထွက်ရန် စီစဉ်ထားခြင်းဖြစ်သည်။

ဆိုက်ဂနက်စ် အာကာသကုန်တင်ယာဉ်သည် ကမ္ဘာမြေအပြန်ခရီးစဉ်တွင် နိုင်ငံတကာအာကာသစခန်းပေါ်မှ အသုံးမလိုသည့်အမှိုက်သရိုက်များကို ပြန်လည်သယ်ဆောင်လာမည်ဖြစ်ကြောင်း အမေရိကန်အစိုးရ အမျိုးသားလေကြောင်းနှင့် အာကာသစီမံခန့်ခွဲရေးအေဂျင်စီ (နာဆာ)တာဝန်ရှိသူများက ထုတ်ဖော်ပြောကြားသည်။

နာဆာနှင့်နော့သ်ရော့ဂရူးမင်းကုမ္ပဏီသည် အဆိုပါဆိုက်ဂနက်စ် အာကာသကုန်တင်ယာဉ်ကို ဇန်နဝါရီ ၃၀ ရက်တွင် Space-X ကုမ္ပဏီ၏ ဖယ်လ်ကွန်-၉ ဒုံးပျံဖြင့် လွှတ်တင်ခဲ့ခြင်းဖြစ်သည်။





အဆိုပါ အာကာသကုန်တင်ယာဉ်သည် နိုင်ငံတကာအာကာသစခန်းအတွက် စားနပ်ရိက္ခာနှင့် အခြားပစ္စည်း စုစုပေါင်းကီလိုဂရမ် ၃၇၂၀ ထိ သယ်ယူသွားခဲ့ကြောင်း သိရသည်။

ဇန်နဝါရီ ၃၀ ရက်မစ်ရှင်သည် ဆိုက်ဂနက်စ် အာကာသကုန်တင်ယာဉ်၏ အကြိမ် ၂၀ မြောက်နိုင်ငံတကာအာကာသစခန်း မစ်ရှင်ဖြစ်ကြောင်း သိရသည်။

**Ref : Sputnik News**
**Trs : KKO**

## ခွေးတစ်ကောင်၏အရွယ်အစားမျှရှိသော ဒိုင်နိုဆောမျိုးစိတ်သစ်တစ်မျိုး၏ ကျောက်ဖြစ်ရုပ်ကြွင်းကို သိပ္ပံပညာရှင်များက တူးဖော်တွေ့ရှိ

**ဝါရှင်တန် ဇူလိုင် ၁၂**

မြေအောက်၌ အသိုက်ဖွဲ့နေထိုင်တတ်သည့် အရွယ်အစားအားဖြင့် ခွေးတစ်ကောင်၏အရွယ်အစားမျှရှိသော ဒိုင်နိုဆောမျိုးစိတ်သစ်တစ်မျိုး၏ ကျောက်ဖြစ်ရုပ်ကြွင်းကို သိပ္ပံပညာရှင်များက အမေရိကန်နိုင်ငံ ယူတားပြည်နယ်၌ တူးဖော်တွေ့ရှိထားကြောင်း ဇူလိုင် ၁၁ ရက် သတင်းများအရ သိရသည်။

Fona Herzogae ဟူ၍အမည်ပေးထားသော အဆိုပါဒိုင်နိုဆောများသည် လွန်ခဲ့သည့်နှစ်ပေါင်း ၉၉ သန်းကျော်ခန့်တွင် ယနေ့ခေတ် ယူတားပြည်နယ်၌ ရှင်သန်ခဲ့ကြကြောင်း အမေရိကန် သိပ္ပံပညာရှင်များက ပြောကြားသည်။

Fona Herzogae ဒိုင်နိုဆောများသည် ကိုယ်ခန္ဓာအရွယ်အစားသေးငယ်ပြီး မြေအောက်၌အသိုက်ဖွဲ့နေထိုင်တတ်သော ဒိုင်နိုဆောများဖြစ်ကြသည်။

အမေရိကန်သိပ္ပံပညာရှင်များ တူးဖော်တွေ့ရှိခဲ့သော Fona Herzogae ဒိုင်နိုဆော ကျောက်ဖြစ်ရုပ်ကြွင်းသည် သိပ္ပံပညာရှင်များ ရှာဖွေတွေ့ရှိခဲ့သည့် Fona Herzogae ရုပ်ကြွင်းများအနက်အပြည့်စုံဆုံးဖြစ်ကြောင်း သိရသည်။

Fona Herzogae ဒိုင်နိုဆောကျောက်ဖြစ်ရုပ်ကြွင်းကို ဆီဒါမောင်းတိန်းကျောက်လွှာနယ်မြေ၌ တူးဖော်တွေ့ရှိခဲ့ရခြင်းဖြစ်ကြောင်း သိရသည်။

အဆိုပါ ဒိုင်နိုဆောများသည် အသီးအရွက်စား ဒိုင်နိုဆောအုပ်စုတွင်ပါဝင်သည့် ကမ္ဘာဦးသက်ရှိများဖြစ်ကြကြောင်း သိရသည်။

**Ref : Xinhua News**
**Trs : KKO**

# HEALTH

## အရိုးအဆစ်ရောင်ရမ်းနာရောဂါ လူနာများ၌ အခြားနာတာရှည်ရောဂါများ ခံစားရနိုင်ခြေမြင့်မား

**စတော့ဟုမ်း ဇူလိုင် ၁၂**

အရိုးအဆစ်ရောင်ရမ်းနာရောဂါ (Osteoarthritis) ရှိသူများတွင် အခြားနာတာရှည်ရောဂါများ ခံစားရနိုင်ခြေလည်း ပုံမှန်ထက်မြင့်မားနေတတ်ကြောင်း ဇူလိုင် ၁၁ ရက် သတင်းများအရ သိရသည်။

ဆွီဒင်နိုင်ငံ လန်းတက္ကသိုလ်မှ သုတေသနပညာရှင်များ၏ အဆိုအရ အရိုးအဆစ်ရောင်ရမ်းနာ လူနာများ၌ ရောဂါအခြေအနေ ပိုဆိုးလာချိန်တွင် အခြားနာတာရှည်ရောဂါများထပ်ဝင်နိုင်ခြေ ပုံမှန်ထက် သုံးဆခန့် မြင့်မားနေတတ်ကြောင်း သိရသည်။

အရိုးအဆစ်ရောင်ရမ်းနာ လူနာများ ခံစားရနိုင်သည့် နောက်ဆက်တွဲ နာတာရှည်ရောဂါများထဲတွင် နှလုံးရောဂါ၊ ဆီးချိုရောဂါ၊ စိတ်ကျန်းမာရေးပြဿနာများ၊ ကင်ဆာရောဂါများ၊ ကျောက်ကပ်ရောဂါနှင့် အသည်းရောဂါများ ပါဝင်ကြောင်း သိရသည်။

ဆွီဒင် သုတေသနပညာရှင်များသည် အရိုးအဆစ်ရောင်ရမ်းနာရောဂါရှိသည့် လူနာ ၁၀၀၀၀ ခန့်ကို လေ့လာခဲ့ကြသည်။

လေ့လာချက်မှ ပေါ်ထွက်လာသည့်ရလဒ်များအရ အရိုးအဆစ်ရောင်ရမ်းနာလူနာများတွင် အခြားနာတာရှည်ရောဂါများ ဝင်ရောက်နိုင်ခြေ မြင့်မားနေတတ်သည်ကို တွေ့ရကြောင်း သုတေသနပညာရှင်များက ပြောကြားသည်။

အရိုးအဆစ်ရောင်ရမ်းနာ လူနာများ၏ ဘဝနေထိုင်မှုပုံစံနှင့်ကျန်းမာရေးတို့သည် နောက်ဆက်တွဲ နာတာရှည်ရောဂါများဖြစ်ပွားနိုင်ခြေနှင့် ဆက်စပ်နေနိုင်ကြောင်း သုတေသနပညာရှင်များက သုံးသပ်ထားသည်။

**Ref : Sputnik News**
**Trs : KKO**

## နှလုံးခုန်ရုတ်တရက်ရပ်သောလူနာအမျိုးသမီးများ၌ စိတ်ကျန်းမာရေးပြဿနာများ ခံစားရနိုင်

**အမ်စတာဒမ် ဇူလိုင် ၁၂**

နှလုံးခုန် ရုတ်တရက်ရပ်ခဲ့ပြီးနောက် အသက်ပြန်လည်ရှင်သန်လာကြသူအမျိုးသမီးများ၌ အလားတူ အခြေအနေရှိ အမျိုးသားများထက် စိတ်ကျန်းမာရေးပြဿနာများ ပို၍ခံစားရနိုင်ကြောင်း ဇူလိုင် ၁၁ ရက် သတင်းများအရ သိရသည်။

နယ်သာလန် သုတေသနပညာရှင်များ၏ လေ့လာတွေ့ရှိချက်အရ နှလုံးခုန်ရုတ်တရက်ရပ်ပြီး ပထမတစ်နှစ်တာကာလအတွင်း အမျိုးသမီးလူနာများကြား စိတ်ကျန်းမာရေးဆေးဝါးများ သုံးစွဲမှုနှုန်းမှာ အမျိုးသားလူနာများထက် ၅၀ ရာခိုင်နှုန်း ပိုမြင့်မားကြောင်း သိရသည်။

နယ်သာလန် သုတေသနပညာရှင်များသည် နှလုံးခုန်ရုတ်တရက်ရပ်တန့်မှုပြဿနာဖြင့် ရင်ဆိုင်ခဲ့ရသော လူနာဦးရေ ၁၂၅၀ တို့၏ ကျန်းမာရေးအချက်အလက်များကို လေ့လာခဲ့ကြသည်။

လေ့လာချက်မှ ပေါ်ထွက်လာသည့်ရလဒ်များအရ နှလုံးခုန်ရုတ်တရက်ရပ်တန့်မှုပြဿနာ ကြုံခဲ့ရသော လူနာများအနက် အမျိုးသမီးလူနာများတွင် စိုးရိမ်သောကဝေဒနာနှင့် စိတ်ကျဝေဒနာတို့ခံစားရနိုင်ခြေ ပုံမှန်ထက်ပိုမြင့်မားနေတတ်သည်ကိုတွေ့ရကြောင်း သုတေသနပညာရှင်များက ပြောကြားသည်။

သို့ရာတွင် အထက်ပါ စိတ်ကျန်းမာရေးပြဿနာများကို အမျိုးသားလူနာများတွင် မတွေ့ရှိရကြောင်း သုတေသနပညာရှင်များ၏ အဆိုအရ သိရသည်။

သို့ဖြစ်ရာ နှလုံးခုန်ရုတ်တရက်ရပ်တန့်မှုပြဿနာဖြင့် ရင်ဆိုင်ရသူအမျိုးသမီးများအနေဖြင့် စိတ်ကျန်းမာရေးပြဿနာများကိုလည်း သတိထားရန်လိုအပ်သည်ဟု သုတေသနပညာရှင်များက အကြံပြုထားကြောင်း သိရသည်။

**Ref : Russia Today**
**Trs : KKO**



## နိုင်ငံတကာ အားကစားသတင်းများ

# ပြင်သစ်လက်ရွေးစင်ကစားသမားဘဝမှ အနားယူရန် ကင်စလေကိုးမန်းဆုံးဖြတ်

**ပဲရစ် ဇူလိုင် ၁၂**

ပြင်သစ်အသင်း တောင်ပံကစားသမား ကင်စလေကိုးမန်းသည် ယူရို ၂၀၂၄ ပြိုင်ပွဲတွင် ပွဲကစားခွင့် ဆုံးရှုံးခဲ့ပြီးနောက် လက်ရွေးစင်အသင်း ကစားသမားဘဝမှအနားယူရန် ဆုံးဖြတ်ထားကြောင်း သိရသည်။

အသက် ၂၈ နှစ်ရှိ ကင်စလေကိုးမန်းသည် နိုင်ငံတကာကစားသမားဘဝတွင် အောင်မြင်မှုများ ရယူနိုင်ရန် မျှော်မှန်းထားသော်လည်း ကြွက်သားဒဏ်ရာကြောင့် နေရာရရှိရန်ခက်ခဲခဲ့ပြီး ယူရို ၂၀၂၄ ပြိုင်ပွဲ၌ လက်ရွေးစင်ကစားသမားစာရင်းတွင် ပါဝင်ခဲ့သော်လည်း နယ်သာလန်အသင်းနှင့် ကစားခဲ့သည့် အုပ်စုပွဲစဉ်တွင် ပွဲကစားချိန် ၁၅ မိနစ်သာ ကစားခဲ့ရပြီးနောက် နည်းပြဒက်ချမ့် လက်အောက်တွင် ပွဲထွက်ခွင့်ရရှိရန် ရုန်းကန်ခဲ့ရသည်။

၂၀၂၄ ယူရိုပြိုင်ပွဲတွင် ပြင်သစ်အသင်းသည် ဆီမီးဖိုင်နယ်အဆင့်တွင် စပိန်အသင်းကိုရှုံးနိမ့်၍ ထွက်ခွာခဲ့ရပြီးနောက် နည်းပြဒက်ချမ့်က လာမည့် ၂၀၂၆ ကမ္ဘာ့ဖလားပြိုင်ပွဲအတွက် ကြိုတင်ပြင်ဆင်မှုများပြုလုပ်၍ အသင်းကို ဦးဆောင်သွားမည် ဖြစ်ကြောင်း အတည်ပြု ပြောကြားခဲ့ချိန်တွင် ကင်စလေကိုးမန်းက ပြင်သစ်အသင်းနှင့် အနာဂတ်မသေချာတော့ကြောင်း ထုတ်ပြန်ခဲ့ပြီး နိုင်ငံအသင်းကစားသမားဘဝမှ အနားယူရန် ဆုံးဖြတ်ထားသည်။

တောင်ပံကစားသမား ကင်စလေကိုးမန်းသည် ပြင်သစ်အသင်းနှင့် ၂၀၁၅ ခုနှစ်က စတင်ပါဝင်ခွင့်ရခဲ့ပြီး အသင်းနှင့် ပြိုင်ပွဲစုံ ၅၇ ပွဲကစားခဲ့ရာတွင် သွင်းဂိုး ရှစ်ဂိုးထိသွင်းယူနိုင်ခဲ့သည့်အပြင် ၂၀၁၈ ကမ္ဘာ့ဖလားပြိုင်ပွဲတွင် အသင်းအတွက် အဓိကနေရာမှပါဝင်၍ အသင်းကို ဆုဖလားရရှိအောင် စွမ်းဆောင်ပေးနိုင်ခဲ့သူဖြစ်သည်။

လက်ရှိတွင် ကိုးမန်းသည် ဘိုင်ယန်မြူးနစ်အသင်းနှင့် ပြန်လည်ပူးပေါင်းခဲ့ပြီး ရာသီသစ်အတွက် ပြင်ဆင်မှုများပြုလုပ်သွားမည်ဖြစ်ကာ ၎င်း၏ခြေစွမ်းပိုင်းကို သွင်းဂိုးများဖြင့် သက်သေပြသွားမည်ဟု ထုတ်ဖော်ပြောကြားခဲ့ကြောင်း သိရသည်။

**Ref : Xinhua**
**Trs : ML**



## အားကစားသတင်းအတိုအထွာများ

- ဗလင်စီယာအသင်းက ဆီဗီလာအသင်းကစားသမား မီယာကို တစ်ရာသီအငှားစာချုပ်ဖြင့် ခေါ်ယူခဲ့ပြီး စာချုပ်တွင် အပြီးသတ်ဝယ်ယူခွင့်ပါရှိခဲ့ကြောင်း သိရသည်။
- ဒေါ့မွန်အသင်းက စတုဂတ်တိုက်စစ်မှူး ဂီရက်ဆီကို ယူရို ၁၈ သန်းဖြင့် ခေါ်ယူခဲ့ပြီးနောက် တရားဝင်ဆေးစစ်မှုပြုလုပ်နေကြောင်း သိရသည်။
- ရီးရဲလ်မက်ဒရစ်အသင်း ခံစစ်ကစားသမား ကာဗာဂျယ်က မန်စီးတီးအသင်းကစားသမား ရိုဒရီအနေဖြင့် ရီးရဲလ်မက်ဒရစ်အသင်းနှင့် ပူးပေါင်းသွားမည်ဖြစ်ကြောင်း ထုတ်ဖော်ပြောကြားခဲ့သည်။

**ML**

# ဥရုဂွေးနှင့် ကိုလံဘီယာအသင်းတို့ပွဲစဉ်အပြီး ခိုက်ရန်ဖြစ်ပွားမှုကို စုံစမ်းစစ်ဆေးမည်ဖြစ်ကြောင်း ကွန်မီဘော ဘောလုံးအဖွဲ့ချုပ် ထုတ်ပြန်



**အဆန်စီယွန် ဇူလိုင် ၁၂**

ကိုပါအမေရိကဖလား ဆီမီးဖိုင်နယ်ပွဲစဉ်အဖြစ် ဥရုဂွေးအသင်းနှင့် ကိုလံဘီယာအသင်းတို့ ကစားခဲ့သည့်ပွဲစဉ်တွင် ကိုလံဘီယာအသင်းက တစ်ဂိုး ဂိုးမရှိဖြင့် အနိုင်ရခဲ့ပြီး ပွဲသိမ်းခရာမှုတ်ပြီးချိန်တွင် ကိုလံဘီယာအသင်း ပရိသတ်များနှင့် ဥရုဂွေးအသင်း ကစားသမားများကြား ခိုက်ရန်ဖြစ်ပွားခဲ့သောကြောင့် ကွန်မီဘော ဘောလုံးအဖွဲ့ချုပ်က ယင်းဖြစ်စဉ်ကို စုံစမ်းစစ်ဆေးမည်ဖြစ်ကြောင်း ထုတ်ပြန်ခဲ့သည်။

အဆိုပါပွဲစဉ် အပြီးတွင် ဥရုဂွေးအသင်း ကစားသမားများက ပွဲကြည့်စင်ပေါ်သို့တက်၍ ကိုလံဘီယာအသင်း ပရိသတ်များနှင့် ခိုက်ရန်ဖြစ်ပွားခဲ့သည့် ရုပ်သံဖိုင်မှာ ဆိုရှယ်မီဒီယာ စာမျက်နှာများတွင် ပျံ့နှံ့နေပြီး ဖြစ်စဉ်တွင် ကိုလံဘီယာနှင့် ဥရုဂွေးအသင်းမှ ကစားသမားများ၊ နည်းပြအဖွဲ့များ ပါဝင်နေမှုကြောင့် ကွန်မီဘော ဘောလုံးအဖွဲ့ချုပ်က အရေးယူရန် စုံစမ်းမှုများ ပြုလုပ်သွားမည်ဖြစ်သည်။

ဖြစ်စဉ်တွင် ပါဝင်ခဲ့သည့် ဥရုဂွေးတိုက်စစ်မှူး ဒါဝင်နူနက်နှင့် ခံစစ်ကစားသမား အာရှုဂျိုတို့မှာ ၎င်းတို့၏ မိသားစုများကိုကာကွယ်ရန် ပွဲကြည့်စင်ပေါ်သို့ တက်သွားခြင်းဖြစ်ကြောင်း ဥရုဂွေးအသင်းခေါင်းဆောင် ဂျိမိနက်ဇ်က ပြောကြားခဲ့သည်။

သို့သော် ကွန်မီဘော ဘောလုံးအဖွဲ့ချုပ်က ဘောလုံးပွဲတွင် အကြမ်းဖက်သည့် လုပ်ရပ်မျိုးကို လက်ခံမည်မဟုတ်သဖြင့် ဖြစ်စဉ်တွင်ပါဝင်ခဲ့သည့် ကစားသမားများနှင့် ဝန်ထမ်းများကို ထိရောက်စွာ အရေးယူသွားမည် ဖြစ်ကြောင်း ထုတ်ဖော် ပြောကြားခဲ့ပြီးနောက် စစ်ဆေးမှုများ စတင်ပြုလုပ်လျက်ရှိကြောင်း သိရသည်။

ကွန်မီဘော ဘောလုံးအဖွဲ့ချုပ်က "အားကစားပြိုင်ပွဲမှာ ယှဉ်ပြိုင်မှုက အဓိကကျပြီး သည်းခံမှုရှိရမှာပါ။ အန္တရာယ်ဖြစ်စေမဲ့ လုပ်ရပ်ကိုတော့ ကျွန်တော်တို့လက်မခံပါဘူး။ ဒါကြောင့် အခုလို အကြမ်းဖက်မှုကို လက်မခံတာကြောင့် စစ်ဆေးမှုပြုလုပ်ပြီး အရေးယူသွားမှာပါ"ဟု ပြောကြားခဲ့ကြောင်း သိရသည်။

**Ref : RT**
**Trs : ML**

# Scottish Open ဂေါက်သီးရိုက်ပြိုင်ပွဲ အမှတ်ပေးဇယားကို အမေရိကန်ဂေါက်သီးရိုက်ကစားသမား ဂျက်စတင်သောမတ်စ် ဦးဆောင်

**အီဒင်ဘာ့ဂ် ဇူလိုင် ၁၂**

စကော့တလန် နိုင်ငံတွင် ကျင်းပနေသည့် Scottish Open ဂေါက်သီးရိုက်ပြိုင်ပွဲ ပထမနေ့ အပြီးတွင် အမေရိကန်ဂေါက်သီးရိုက်ကစားသမား ဂျက်စတင်သောမတ်စ်က သတ်မှတ်ရိုက်ချက်ထက် ခုနစ်ချက်လျော့ရိုက်ကာ အမှတ်ပေးဇယားကို ဦးဆောင်နေကြောင်း ယနေ့တွင် ဖော်ပြခဲ့သည်။

ထို့ပြင် တောင်ကိုရီးယားဂေါက်သီးရိုက် ကစားသမား ဆန်ဂျေအင်မ်၊ ဆွီဒင်ဂေါက်သီးရိုက်ကစားသမား လက်ဗစ်အဗက်၊ အမေရိကန် ဂေါက်သီးရိုက်ကစားသမား ဂျက်စတင်လိုဝ်၊ ဂျာမနီဂေါက်သီးရိုက်ကစားသမား မက်စီမီလီယန်၊ တရုတ်ဂေါက်သီးရိုက်ကစားသမား လီဟောင်တန်နှင့် ဘယ်လ်ဂျီယံ ဂေါက်သီးရိုက်ကစားသမား သောမတ်စ်ဒက်ထရိုင်တို့က သတ်မှတ်ရိုက်ချက်ထက် ခြောက်ချက်စီလျော့ရိုက်ကာ အမှတ်ပေးဇယား၏ ဒုတိယနေရာတွင် ပူးတွဲရပ်တည်နိုင်ခဲ့ကြပြီး ပထမနေ့တွင် အကြိတ်အနယ်ရှိခဲ့ပြီး အမှတ်ပေးဇယားရပ်တည်မှုတွင် ရိုက်ချက်ကွာဟမှုများ ကျဉ်းမြောင်းခဲ့သည်။

ဂျက်စတင် သောမတ်စ်က "ပထမနေ့ စွမ်းဆောင်ရည်ပိုင်းနဲ့ ပတ်သက်ပြီးတော့ ကိုယ့်အခြေအနေကိုလဲ အကောင်းဆုံး ထိန်းချုပ်နိုင်ခဲ့တယ်လို့ ခံစားမိတယ်။ ပထမနေ့မှာ ကြီးကြီးမားမား အမှားအယွင်းတွေမလုပ်ခဲ့ဘူးလို့လဲ ခံစားမိပါတယ်။ အရည်အသွေးရှိတဲ့ ရိုက်ချက်တွေကိုလဲ ရိုက်နိုင်ခဲ့ပါတယ်။ နောက်နေ့တွေမှာလဲ အခုလို ရိုက်နိုင်မယ်လို့ မျှော်လင့်ပါတယ်။ ပြိုင်ပွဲဝင် အားလုံးကလဲ အကောင်းဆုံး ပုံစံရနေတော့ ဒီပြိုင်ပွဲဟာ နောက်ဆုံးနေ့အထိ အကြိတ်အနယ် ယှဉ်ပြိုင်သွားရမဲ့ အခြေအနေဖြစ်ပါတယ်"ဟု ပြောကြားခဲ့ကြောင်း သိရသည်။

**Ref : RT**
**Trs : AZL**

# ပီအက်စ်ဂျီအသင်းက အိုစီမန်နှင့် ကာဗာရက်ရှီလီယာကို ယူရို သန်း ၂၀၀ ဖြင့်ခေါ်ယူရန် ကမ်းလှမ်း

**ပဲရစ် ဇူလိုင် ၁၂**

ပီအက်စ်ဂျီအသင်းသည် နာပိုလီအသင်း တိုက်စစ်အတွဲဖြစ်သည့် တိုက်စစ်မှူး အိုစီမန်နှင့် ကာဗာရက်ရှီလီယာတို့နှစ်ဦးကို ပြောင်းရွှေ့ကြေး ယူရို သန်း ၂၀၀ ဖြင့် ခေါ်ယူရန် ကမ်းလှမ်းခဲ့ကြောင်း သိရသည်။

နာပိုလီအသင်း နည်းပြသစ် ကွန်တီက တိုက်စစ်မှူး အိုစီမန်နှင့် ကာဗာရက်ရှီလီယာတို့ကို ရောင်းချမည်မဟုတ်ကြောင်း အတည်ပြုထုတ်ပြန်ထားသော်လည်း အသင်းတာဝန်ရှိသူများက အိုစီမန်ကို ပြောင်းရွှေ့ကြေး ယူရို သန်း ၁၃၀ ရရှိပါက လက်လွှတ်သွားမည်ဟု ပြောကြားထားသဖြင့် ပီအက်စ်ဂျီအသင်းက အိုစီမန်နှင့် ကာဗာရက်ရှီလီယာတို့နှစ်ဦးကို ပြောင်းရွှေ့ကြေး ယူရိုသန်း ၂၀၀ ဖြင့်ခေါ်ယူရန် တရားဝင်ကမ်းလှမ်းခဲ့ခြင်းဖြစ်သည်။

လက်ရှိတွင် ကာဗာရက်ရှီလီယာ၏ အေးဂျင့်ဖြစ်သူက ကစားသမားအနေဖြင့် နာပိုလီအသင်းတွင်သာ ဆက်လက်ကစားရန်ဆုံးဖြတ်ထားကာ အသင်းနှင့် သက်တမ်းတိုးရန် စီစဉ်နေကြောင်း ပြောကြားခဲ့သော်လည်း ပီအက်စ်ဂျီအသင်း တာဝန်ရှိသူများက ကစားသမားအနေဖြင့် အီတလီမှ ထွက်ခွာရန် ယုံကြည်နေသကဲ့သို့ ၎င်းကိုခေါ်ယူရန် နာပိုလီအသင်းဥက္ကဋ္ဌ၏ ဆုံးဖြတ်ချက်သာဖြစ်သောကြောင့် အိုစီမန်နှင့်အတူ ပူးတွဲခေါ်ယူနိုင်ရန် ကမ်းလှမ်းမှုပြုလုပ်ခဲ့ကြောင်း သိရသည်။



ပီအက်စ်ဂျီ အသင်းသည် ကနဦးက အသင်းမှထွက်ခွာသွားသည့် အမ်ဘက်ပီနေရာတွင် အစားထိုးရန် တိုက်စစ်မှူး အိုစီမန်ကိုသာ ခေါ်ယူရန် အာရုံစိုက်နေသော်လည်း ကာဗာရက်ရှီလီယာ အနေဖြင့် အနာဂတ်တွင် ခြေစွမ်းပိုင်း တိုးတက်လာနိုင်သည့် ကစားသမားဖြစ်သည့်အပြင် ယူရိုပြိုင်ပွဲတွင်လည်း ဂျော်ဂျီယာအသင်းနှင့်အတူ ခြေစွမ်းပြသနိုင်ခဲ့သောကြောင့် ကစားသမားနှစ်ဦးစလုံးကို တိုက်စစ်ပိုင်းတွင် အသုံးပြုနိုင်ရန် ဆုံးဖြတ်၍ တရားဝင်ကမ်းလှမ်းခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**Ref : Xinhua**
**Trs : ML**

# ရန်ကုန်တိုင်းဒေသကြီး မြန်မာဘော်လီဘောလူမှုရေးအသင်း အမှုဆောင်ဖလား
# အသက်(၂၀)နှစ်အောက် အမျိုးသား၊ အမျိုးသမီးဘော်လီဘောပြိုင်ပွဲနှင့် ဆုချီးမြှင့်ပွဲအခမ်းအနားကျင်းပ



**ရန်ကုန် ဇူလိုင် ၁၂**

ရန်ကုန်တိုင်းဒေသကြီး ဒုတိယအကြိမ်မြောက် မြန်မာဘော်လီဘောလူမှုရေးအသင်း အမှုဆောင်ဖလား အသက်(၂၀)နှစ်အောက် အမျိုးသား၊ အမျိုးသမီး ဘော်လီဘောပြိုင်ပွဲနှင့် ဆုချီးမြှင့်ပွဲအခမ်းအနားကို ယနေ့မွန်းလွဲပိုင်းက ရန်ကုန်မြို့ အောင်ဆန်း အားကစားကွင်းရှိ မိုးလုံလေလုံ အားကစားခန်းမ၌ ကျင်းပကြောင်း သိရသည်။

အဆိုပါ ဆုပေးပွဲအခမ်းအနားသို့ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်း၊ တိုင်းဒေသကြီးဝန်ကြီးများ၊ အားကစားနှင့် ကာယပညာဦးစီးဌာနမှ တာဝန်ရှိသူများ၊ ခရိုင်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ မြန်မာဘော်လီဘော လူမှုရေးအသင်းဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ၊ ဖိတ်ကြားထားသူများ၊ အားကစားဝါသနာရှင်များ တက်ရောက်ကြည့်ရှုအားပေးသည်။

ပြိုင်ပွဲများအပြီးတွင် ဆုချီးမြှင့်ပွဲအခမ်းအနားကျင်းပရာ ပွဲစဉ်တစ်လျှောက် အမျိုးသား၊အမျိုးသမီး အကောင်းဆုံး အားကစားသမားဆုရရှိသော အားကစားသမားများ၊ အမျိုးသား၊ အမျိုးသမီးပြိုင်ပွဲတွင် စတုတ္ထဆု၊ တတိယဆု၊ ဒုတိယဆုရရှိသော အသင်းများကို မြန်မာဘော်လီဘော လူမှုရေးအသင်း အမှုဆောင်များ၊ အားကစားနှင့် ကာယပညာဦးစီးဌာနမှ တာဝန်ရှိသူများ၊ တိုင်းဒေသကြီးဝန်ကြီးများက တစ်ဦးချင်းဆုတံဆိပ်နှင့် ငွေသားဆုများ ချီးမြှင့်ပေးခဲ့ကြသည်။

ဆက်လက်ပြီး မြန်မာဘော်လီဘော လူမှုရေးအသင်းဥက္ကဋ္ဌ ဦးရဲနိုင်က အမျိုးသမီးပြိုင်ပွဲတွင် ပထမဆုရရှိသော တွံတေးမြို့နယ် အမျိုးသမီးအသင်းအား တစ်ဦးချင်းဆုတံဆိပ်၊ ငွေသားဆုနှင့် တံခွန်စိုက်ဆုဖလားအား ချီးမြှင့်ပေးသည်။

ထို့နောက် ရန်ကုန်တိုင်းဒေသကြီး အားကစားနှင့် ကာယပညာကော်မတီနာယက တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်းက အမျိုးသားပြိုင်ပွဲတွင် ပထမဆုရရှိသော အားကစားနှင့် ကာယပညာသိပ္ပံ (ရန်ကုန်) အမျိုးသားအသင်းအား တစ်ဦးချင်းဆုတံဆိပ်၊ ငွေသားဆုနှင့် တံခွန်စိုက်ဆုဖလားအား ချီးမြှင့်ပေးသည်။

အဆိုပါပြိုင်ပွဲတွင် အမျိုးသားအသင်း ၁၈ သင်း၊ အမျိုးသမီးခြောက်သင်း ပါဝင်ယှဉ်ပြိုင်ခဲ့ကြောင်း သိရသည်။ **STA**

# ဝင်ဘယ်ဒန်တင်းနစ်ပြိုင်ပွဲ ဗိုလ်လုပွဲသို့ ဘာဘိုရာနှင့် ပါအိုလီနီတို့ တက်ရောက်

**လန်ဒန် ဇူလိုင် ၁၂**

လန်ဒန်မြို့တွင်ကျင်းပနေသည့် ဝင်ဘယ်ဒန် တင်းနစ်ပြိုင်ပွဲ ဆီမီးဖိုင်နယ်အဆင့်တွင် နိုင်ပွဲကိုယ်စီရရှိခဲ့ကြသော ချက်တင်းနစ်မယ် ဘာဘိုရာနှင့် အီတလီတင်းနစ်မယ် ပါအိုလီနီတို့ ဗိုလ်လုပွဲယှဉ်ပြိုင်ကစားရမည် ဖြစ်ကြောင်း ယနေ့တွင် ဖော်ပြခဲ့သည်။

ပါအိုလီနီသည် ဆီမီးဖိုင်နယ်အဆင့်တွင် ခရိုအေးရှားတင်းနစ်မယ် ဗီကစ်နှင့် ယှဉ်ပြိုင်ကစားခဲ့ရပြီး (၂-၆၊ ၆-၄၊ ၇-၆) ရလဒ်ဖြင့် အနိုင်ရရှိကာ ဗိုလ်လုပွဲသို့ တက်ရောက်လာခဲ့ခြင်းဖြစ်သည်။

ပါအိုလီနီနှင့် ဗီကစ်တို့ပွဲစဉ်သည် အကြိတ်အနယ်ရှိခဲ့ပြီး ပွဲငယ်တစ်ပွဲစီ အနိုင်ရခဲ့ပြီးနောက် အဆုံးအဖြတ်ပွဲစဉ်တွင် tie-break အဆင့်အထိ ကစားခဲ့ရကာ ပါအိုလီနီအနေဖြင့် နောက်မှလိုက်ကစားခဲ့ရပြီးမှ အနိုင်ရလဒ်ကို စွမ်းဆောင်နိုင်ခဲ့ခြင်းလည်း ဖြစ်သည်။

ထို့အတူ ဘာဘိုရာက ဆီမီးဖိုင်နယ်အဆင့်တွင် ကာဇက်စတန်တင်းနစ်မယ် ရိုင်ဘာကီနာနှင့် ယှဉ်ပြိုင်ကစားခဲ့ရပြီး (၃-၆၊ ၆-၃၊ ၆-၄)ရလဒ်ဖြင့် အနိုင်ရရှိကာ ဖိုင်နယ်အဆင့်သို့ တက်လှမ်းလာနိုင်ခဲ့ခြင်းဖြစ်သည်။

ရိုင်ဘာကီနာသည် ဗိုလ်စွဲရန် ရေပန်းစားနေသည့် ကစားသမားအဖြစ် သတ်မှတ်ခံထားရသော်လည်း ဘာဘိုရာ၏ ထင်မှတ်မထားသော စွမ်းဆောင်ရည်များကြောင့် ရှုံးနိမ့်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**Ref : Xinhua**
**Trs : AZL**

# နိုင်ငံတကာခြေစမ်းပွဲကစားခဲ့သည့် မြန်မာအမျိုးသမီးအသင်းနှင့် အိန္ဒိယအမျိုးသမီးအသင်းတို့ပွဲစဉ်တွင် တစ်ဂိုးစီ သရေရလဒ်ထွက်ပေါ်



**ရန်ကုန် ဇူလိုင် ၁၂**

နိုင်ငံတကာ ခြေစမ်းပွဲစဉ်အဖြစ် ယနေ့ညနေ ၄ နာရီက ရန်ကုန်မြို့ သုဝဏ္ဏအားကစားကွင်းတွင် မြန်မာအမျိုးသမီးအသင်းနှင့် အိန္ဒိယအမျိုးသမီးအသင်းတို့ကစားခဲ့ရာ တစ်ဂိုးစီ သရေရလဒ် ထွက်ပေါ်ခဲ့ကြောင်း သိရသည်။

အဆိုပါပွဲစဉ်တွင် ပွဲစကတည်းက နှစ်သင်းစလုံး ခြေစွမ်းပိုင်းကွာခြားမှုမရှိဘဲ အပြန်အလှန် ဖိအားပေးမှုများဖြင့် အကြိတ်အနယ်ရှိခဲ့ပြီး နှစ်သင်းစလုံး ဂိုးသွင်းခွင့်အချို့ ရရှိခဲ့သော်လည်း အဆုံးသတ်ပိုင်း အားနည်းမှုများကြောင့် ပထမပိုင်းတွင် ဂိုးမရှိ သရေရလဒ် ထွက်ပေါ်ခဲ့သည်။

ထို့နောက် ဒုတိယပိုင်းပြန်လည်စတင်ချိန်တွင် နှစ်သင်းစလုံး တိုက်စစ်မြှင့် ကစားခဲ့မှုကြောင့် ပထမပိုင်းကထက် ပိုမိုအကြိတ်အနယ်ရှိခဲ့ပြီး ပွဲချိန် ၄၇ မိနစ်တွင် ရှာရှာက အိန္ဒိယအမျိုးသမီးအသင်းအတွက် ဦးဆောင်ဂိုးသွင်းယူနိုင်ခဲ့သည်။ ဦးဆောင်ဂိုးပေးခဲ့ရပြီးနောက် မြန်မာအမျိုးသမီးအသင်းက ချေပဂိုးနှင့် အနိုင်ဂိုးများအတွက် ဆက်တိုက် ဖိအားပေးကစားခဲ့ရာမှ ပွဲချိန် ၄၉ မိနစ်တွင် ဝင်းသီတာထွန်းက မြန်မာအမျိုးသမီးအသင်းအတွက် ချေပဂိုးသွင်းယူနိုင်ခဲ့ပြီး လက်ကျန်ပွဲချိန်များတွင် နှစ်သင်းစလုံး ဂိုးသွင်းယူနိုင်ခြင်းမရှိသည့်အတွက် ပွဲပြီးဆုံးချိန်တွင် တစ်ဂိုးစီ သရေရလဒ်ထွက်ပေါ်ခဲ့သည်။

မြန်မာအမျိုးသမီး အသင်းနှင့် အိန္ဒိယအမျိုးသမီးအသင်းတို့သည် နိုင်ငံတကာခြေစမ်းပွဲစဉ် နှစ်ပွဲကစားခဲ့ရာ ပထမပွဲစဉ်တွင် မြန်မာအမျိုးသမီးအသင်းက နှစ်ဂိုး တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့ပြီး ယနေ့ ဒုတိယပွဲစဉ်တွင် တစ်ဂိုးစီ သရေရလဒ် ထွက်ပေါ်ခဲ့ကြောင်း သိရသည်။ **STA**

# ဘိုလော့နာအသင်းတိုက်စစ်မှူး ဇက်ခ်ဇီးကို ခေါ်ယူရန် မန်ယူအသင်း သဘောတူညီမှုရရှိ

**မန်ချက်စတာ ဇူလိုင် ၁၂**

မန်ယူအသင်းသည် ဘိုလော့နာအသင်း တိုက်စစ်မှူး ဇက်ခ်ဇီးကို စာချုပ်ဖျက်သိမ်းကြေး ယူရို သန်း ၄၀ ကျော်ဖြင့်ခေါ်ယူရန် အသင်းတာဝန်ရှိသူများနှင့် သဘောတူညီမှု ရရှိခဲ့ကြောင်း သိရသည်။

မန်ယူအသင်းသည် တိုက်စစ်မှူး ဇက်ခ်ဇီး၏ ပြောင်းရွှေ့ကြေး ယူရို ၄၂ ဒသမ ၅ သန်းကို ကာလရှည်စာချုပ်ဖြင့်ပေးချေရန် ဘိုလော့နာအသင်းနှင့် သဘောတူညီမှု ရရှိခဲ့ပြီးနောက် ငါးနှစ်စာချုပ် ချုပ်ဆိုသွားမည်ဖြစ်ကာ စာချုပ်တွင် တစ်နှစ်သက်တမ်းတိုးခွင့်လည်း ပါရှိခဲ့သည်။

လက်ရှိတွင် နယ်သာလန်အသင်းနှင့် ယူရိုပြိုင်ပွဲပါဝင်ကစားနေသည့် ကစားသမားအနေဖြင့် အင်္ဂလန်အသင်းကို နှစ်ဂိုး တစ်ဂိုးဖြင့် ရှုံးနိမ့်ခဲ့သည့် ပွဲစဉ်အပြီးတွင် ဆေးစစ်မှုပြုလုပ်ရန် မန်ချက်စတာသို့ ရောက်ရှိနေကြောင်း သိရသည်။

အသက် ၂၃ နှစ်ရှိ တိုက်စစ်မှူးသည် ပြီးခဲ့သည့် ဘောလုံးရာသီက ဘိုလော့နာအသင်းအတွက် သွင်းဂိုး ၁၂ ဂိုးထိ သွင်းယူပေးနိုင်ခဲ့သဖြင့် စီးရီးအေကလပ် အေစီမီလန်အသင်းက ခေါ်ယူရန်ကြိုးပမ်းခဲ့ရာ အကြိုသဘောတူညီမှု ရရှိခဲ့သော်လည်း နောက်ဆုံးသဘောတူညီမှုမရဘဲ ကြန့်ကြာနေသောကြောင့် မန်ယူအသင်းသည် ဘိုလော့နာအသင်းက တောင်းဆိုထားသည့် ပြောင်းရွှေ့ကြေးဖြင့် ခေါ်ယူနိုင်ခဲ့ပြီး ပထမဆုံး ကစားသမားခေါ်ယူမှု ပြုလုပ်နိုင်ခဲ့ကာ ကွင်းလယ်ကစားသမား ဇန်ဒီဘိခ်ကို စပိန်ကလပ် ဂျီရိုနာအသင်းသို့ ပြောင်းရွှေ့ခွင့်ပြုခဲ့သည်။

ထို့ပြင် မန်ယူအသင်းသည် ကစားသမားဟောင်း နစ္စတယ်ရွိုင်းနှင့် ဟာကီတို့ကိုလည်း နည်းပြအဖွဲ့တွင် နှစ်နှစ်စာချုပ်ဖြင့် ခေါ်ယူနိုင်ခဲ့သည့်အပြင် စတိုဗ်မက်ကလင်းနှင့် ဖလက်ရှာတို့ကိုလည်း ပထမအသင်း နည်းပြအဖွဲ့တွင် ဆက်လက် ထိန်းသိမ်းနိုင်ခဲ့ကြောင်း သိရသည်။

**Ref : RT**
**Trs : ML**




# မြန်မာနေရှင်နယ်လိဂ်ပြိုင်ပွဲ ပွဲစဉ်(၂)တွင် ရတနာပုံအက်ဖ်စီအသင်းက မဟာယူနိုက်တက်အသင်းကို သုံးဂိုး နှစ်ဂိုးဖြင့် အနိုင်ရရှိ

**ရန်ကုန် ဇူလိုင် ၁၂**

မြန်မာနေရှင်နယ်လိဂ် ပြိုင်ပွဲ ပွဲစဉ်(၂)အဖြစ် ယနေ့ညနေ ၃ နာရီခွဲက ရန်ကုန်မြို့ YUSC အားကစားကွင်းတွင် ရတနာပုံအက်ဖ်စီအသင်းနှင့် မဟာယူနိုက်တက်အသင်းတို့ ကစားခဲ့ရာ အပြန်အလှန် သွင်းဂိုးများနှင့်အတူ ရတနာပုံအက်ဖ်စီအသင်းက သုံးဂိုး နှစ်ဂိုးဖြင့် အနိုင်ရရှိခဲ့ကြောင်း သိရသည်။

အဆိုပါပွဲစဉ်တွင် ပွဲစကတည်းက အပြန်အလှန်ဖိအားပေးမှုများဖြင့် အကြိတ်အနယ်ရှိခဲ့ကာ ပွဲချိန် ၃၅ မိနစ်တွင် ကျော်စွာမင်းက မဟာယူနိုက်တက် အသင်းအတွက် ဦးဆောင်ဂိုး သွင်းယူနိုင်ခဲ့သော်လည်း ပထမပိုင်း ပွဲချိန် ၄၅ မိနစ်အပြီး အချိန်ပိုနှစ်မိနစ်တွင် စိုးမင်းဦးက ရတနာပုံအက်ဖ်စီအသင်းအတွက် ချေပဂိုးသွင်းယူနိုင်ခဲ့သောကြောင့် ပထမပိုင်းအပြီးတွင် တစ်ဂိုးစီ သရေရလဒ် ထွက်ပေါ်ခဲ့သည်။

ဒုတိယပိုင်း ပြန်လည်စတင်ချိန်တွင် နှစ်သင်းစလုံး တိုက်စစ်မြှင့်ပြီး အပြန်အလှန် ဖိအားပေးကစားခဲ့ကာ ပွဲချိန် ၅၃ မိနစ်တွင် တီငြိမ်းမင်းက ရတနာပုံအက်ဖ်စီအသင်းအတွက် ဦးဆောင်ဂိုးသွင်းယူနိုင်ခဲ့ပြီး လေးမိနစ်အကြာ ပွဲချိန် ၅၆ မိနစ်တွင် ပက်ထရစ်က မဟာယူနိုက်တက်အသင်းအတွက် ချေပဂိုး ပြန်လည် သွင်းယူနိုင်ခဲ့သည်။ ဆက်လက်ပြီး ပွဲပြီးဆုံးခါနီးတွင် ရတနာပုံအက်ဖ်စီအသင်း ပြန်လည်ဖိအားပေးကစားခဲ့ရာမှ ပွဲချိန် ၇၉ မိနစ်တွင် မိုးဆွေက ရတနာပုံအက်ဖ်စီအသင်းအတွက် အနိုင်ဂိုး သွင်းယူနိုင်ခဲ့သည့်အတွက် ပွဲပြီးဆုံးချိန်တွင် ရတနာပုံအက်ဖ်စီအသင်းက မဟာယူနိုက်တက်အသင်းကို သုံးဂိုး နှစ်ဂိုးဖြင့် အနိုင်ရရှိခဲ့ကြောင်း သိရသည်။ **STA**

# အိုလံပစ်ပွဲတော်အစ

ရွှေဘိုဘာမထီခင်အောင်

အိုလံပစ်ဆိုသောအမည်သည် ရှေးနှစ်ပေါင်း ၂၇၀၀ ကျော်ခန့်က ဂရိနိုင်ငံ အိုလံပီယာမြို့တွင် ဂရိလူမျိုးများ လေးနှစ်တစ်ကြိမ်ကျင်းပသော ပွဲမှအစပြု၍ ပေါ်ပေါက်လာခဲ့ခြင်းဖြစ်သည်။

ရှေးဂရိလူမျိုးတို့သည် စိတ်ဓာတ်ရွှင်လန်းဖျတ်လတ်ပြီး ကိုယ်ခန္ဓာကျန်းမာသွက်လက်ကြသူများဖြစ်သည်။ သို့ဖြစ်၍လည်း သူတို့သည် ကစားခုန်စားကို နှစ်နှစ်ခြိုက်ခြိုက် အရေးထားကြသည်။ တပျော်တပါးကျင်းပသော စားသောက်ပွဲကြီးများတွင်လည်းကောင်း၊ နတ်များကိုပူဇော်ပသရာတွင်လည်းကောင်း၊ အသုံးစွန် ဈာပနအခမ်းအနားများတွင်လည်းကောင်း ကစားခုန်စားပွဲကျင်းပကြသည်။ အထူးသဖြင့် ဇုနတ်မင်းကြီးကို ပူဇော်ပသဂုဏ်ပြုသောကစားပွဲကို မပျက်မကွက် ကျင်းပကြသည်။ ထိုကစားပွဲတော်ကား အိုလံပစ်ပွဲတော်ပင်ဖြစ်သည်။

ပထမပိုင်း အိုလံပစ်ပွဲတော်များကား နှစ်ပေါင်းများစွာ ရှည်ကြာခဲ့ပြီဖြစ်၍မည်သည့်အချိန်တွင် မည်သို့သောအကြောင်းကြောင့် ကျင်းပပြုလုပ်ခဲ့သည် မသိရချေ။ သို့ရာတွင် အိုလံပစ်ပွဲတော်နှင့်စပ်လျဉ်း၍ ဂရိလူမျိုးများတွင် ဒဏ္ဍာရီပုံပြင်ကလေးများ ရှိခဲ့ကြသည်။

ဒဏ္ဍာရီတစ်ခုအဆိုအရမူ အဲလစ်ပြည့်ရှင်ဘုရင် အိုနိုးမေ့လက်ထက်က ဘုရင့်သမီးတော် ဟစ်ပိုဒေးမီးယားသည် အလှတွင် စံထားရလောက်အောင် ထူးထူးခြားခြား ပေပြစ်ချောမောလှသည်ဆို၏။ ဘုရင့်သမီးတော်သည် ချောမောလှသည့်အပြင် ချစ်ခွင့်ပိုင်ပိုင် ရယူနိုင်သူသည် ဘုရင်ကြီး၏ဇီဝိန်ကို ခြွေဖြုတ်၍ ထီးဖြူအုပ်ချုပ် မင်းလုပ်လိမ့်မည်ဟူသော အစွဲအလမ်းတစ်ရပ်ကလည်း ဘုရင်ကြီးတွင် ရှိထားလေသဖြင့် သမီးတော်နှင့် စုလျားရစ်ပတ် လက်ထပ်လိုသူပေါ်ပေါက်လာတိုင်း မအောင်မြင်၊ အထမမြောက်အောင် ဘုရင်ကြီး၏ ရှက်ဆောင်စီမံထားချက် တစ်ရပ်ရှိလေသည်။

ဘုရင်ကြီး၏ စီမံချက်ကား အခြားမဟုတ်။ သမီးတော်ကို လိုလားတောင်းခံလာသူတိုင်းသည် မိမိနှင့် မြင်းလှည်းပြိုင်ပွဲဆင်နွှဲရန်ဖြစ်သည်။ အကယ်၍ သူ့ကို အနိုင်ရပါက သမီးတော်နှင့် အသာတကြည် ထိမ်းမြားပေးတော်မူမည်ဟူသော စီမံချက်ပင်ဖြစ်သည်။

ဤစီမံချက်ကိုထားရှိခြင်းသည် ဘုရင်ကြီးအနေဖြင့် သူနှင့်ပြိုင်ဘက်အားလုံးကို တစ်ဖက်သတ်အနိုင်ယူထားသည်ဟု ဆိုနိုင်၏။ သူ့အနေဖြင့် မည်သူနှင့်ပြိုင်ရသည်ဖြစ်စေ ရှုံးလမ်းမရှိ။ အကြောင်းသော်ကား သူ့မြင်းများသည် ဂရိပြည်တစ်ပြည်လုံးတွင် အမြန်ဆုံး၊ အသန်ဆုံးဖြစ်ကြသည်သာမက ပြိုင်လှည်းကလည်း ဤပြိုင်ပွဲအတွက် အထူးတလည် ပြုလုပ်ထားသောလှည်းဖြစ်သောကြောင့် ဖြစ်သည်။

တစ်နေ့တွင် သမီးတော် ဟစ်ပိုဒေးမီးယားကို ချစ်ကြင်သူတစ်ယောက် ပေါ်ပေါက်လာသည်။ ထိုသူသည် ပီးလော့ဆိုသူ လူရွယ်ကလေးတစ်ဦးဖြစ်၏။ ပီးလော့သည် ဘုရင်ကြီး အိုနိုးမေ့ထံမှောက် ဝင်ရောက်ခစား၍ သမီးတော် ဟစ်ပိုဒေးမီးယားနှင့် စုလျားရစ်ပတ် လက်ထပ်ခွင့်ပြုစေလိုကြောင်း လျှောက်ထားလေရာ ဘုရင်ကြီး အိုနိုးမေ့ကလည်း ထုံးစံအတိုင်းပင် မိမိနှင့် မြင်းလှည်းပြိုင်၍ အနိုင်ရယူနိုင်ပါက ထိမ်းမြားလက်ထပ်ခွင့် ပြုမည်ဟူ၍ ကတိပေး၏။

လေတမျှမြန်ဆန်လှသော ဘုရင်၏မြင်းများကို ကျော်လွှားအနိုင်ယူရေးအတွက် ပီးလော့သည် ဉာဏ်နီဉာဏ်နက်ထုတ်၍ အကွက်ကောင်းရှာကြံရတော့သည်။ သူသည် ဘုရင်ကြီး အိုနိုးမေ့၏ မြင်းလှည်းတော်ကို ပြုပြင်ထိန်းသိမ်းရသော မားတီးလပ်ထံသို့ ချဉ်းကပ်မေးမြန်းခြင်းပြုသည်။ စူးစမ်းစောကြောခြင်းပြုသည်။

မားတီးလပ်က ပီးလော့ကို ဘုရင့်မြင်းလှည်းကို အနိုင်ရအောင်ကြိုးပမ်းရေးကား တွေးလေဝေးလေသာဖြစ်ကြောင်း ဖျောင်းဖျနားချသည်။ သမီးတော် ဟစ်ပိုဒေးမီးယားကိုချစ်၍ ထိမ်းမြားလက်ထပ်ခွင့်တောင်းခံလာလျှင် ဘုရင်ကြီးနှင့်ယှဉ်ပြိုင်ရာ ရှုံးနိမ့်ပြီး သက်ခန္ဓာကြွေ၍ သေပွဲဝင်ရသူပေါင်း ၁၃ ယောက်ပင် ပြည့်မြောက်ခဲ့ပြီဖြစ်ကြောင်း ပြောပြသည်။ သူတို့၏ ဦးခေါင်းခွံများကိုလည်း မြို့တံတိုင်းနံရံတွင် လူအများတွေ့မြင်အောင် ချိတ်ဆွဲထားကြောင်း ပြသသည်။

ဘုရင်ကြီး အိုနိုးမေ့နှင့် မြင်းလှည်းပြိုင်မောင်းခြင်းသည် သေတွင်းသို့ သက်သက်ကြမ္မာငင်ကာခုန်ဆင်းလာခြင်းနှင့် မခြားကြောင်း၊ လေအတိုင်း ဒုန်းစိုင်းပြေးလွှားနိုင်သော ဘုရင့်မြင်းများနှင့်ယှဉ်ပြိုင်အနိုင်ရရန် ကြံဆခြင်းသည်ပင် မိုက်မဲလွန်းလှပြီဖြစ်ကြောင်း ကြောင်းကျိုးဆက်စပ်၍ ပီးလော့ကို ရှင်းပြသည်။




လက်ရုံးရည်ထက် နှလုံးရည်ထက်မြက်သော ပီးလော့ကား နောက်ဆုတ်လက်လျှော့သွားခြင်း အလျှင်းမရှိ။ မားတီးလပ်ကို သူနှင့်ဘုရင်ကြီး ယှဉ်ပြိုင်နေစဉ်အတွင်း ဘုရင်ကြီး၏လှည်း တစ်ခုခု ချွတ်ယွင်းပြီး တိမ်းမှောက်သွားအောင်လုပ်ဆောင်ပေးလျှင် နိုင်ငံတစ်ဝက်ကို ပေးမည်။ ထီးနန်းစည်းစိမ်၏ ထက်ဝက်ကို တူမျှစွာ စံစားစေမည်ဟူသော မက်လုံးပြ မြှူဆွယ် ကတိကိုပြုလေသည်။

ပီးလော့၏ ပရိယာယ်မြားချက်သည် လောဘသား မားတီးလပ်၏ နှလုံးသားကို တိုက်ရိုက်ထိမှန်တော့သည့်အလား မားတီးလပ်သည် တစ်နည်းနည်းဖြင့် ဘုရင့်လှည်းတော် တိမ်းမှောက်အောင် ကြံစည်ပေးပါမည်ဟု ကတိကဝတ်ပြု၏။

"ကောင်းပြီ မားတီးလပ်။ ခင်ဗျားလုပ်ရမဲ့အလုပ်က ဘုရင်ကြီးရဲ့လှည်းဘီးမှာတပ်ထားတဲ့ စို့တွေကို ဖြုတ်ပစ်ရမယ်။ အဲဒီစို့တွေရဲ့နေရာမှာ ဖယောင်းနဲ့ လုပ်ထားတဲ့ စို့တုတွေ ပြန်တပ်ထားလိုက်။ အပြေးများလာရင် ဖယောင်းတွေ အရည်ပျော်ပြီး ဘီးကျွတ်ထွက်သွားတဲ့အခါ ဘုရင်ကြီးလှည်းမှောက်ပြီး ဘုရင်ကြီးရှုံးမယ်။ ပြိုင်ပွဲမှာ ကျုပ်အနိုင်ရမယ်။ ဒီတော့ ကျုပ်က သမီးတော်ကို သိမ်းပိုက်ပြီး ထီးနန်းစိုးစံရမယ်။ ခင်ဗျားလဲ မြင်းလှည်းထိန်းဘဝကနေပြီး နိုင်ငံတစ်ဝက်ပိုင်တဲ့ ဘုရင်တစ်ဆူအဖြစ်ကို ရောက်ကရော။ ကိုင်း ကြိုက်ပြီလား ကျုပ်အကြံ"

ဤသို့ ပီးလော့က မားတီးလပ်ကို ညွှန်ကြားခြင်းပြုသည်။ မားတီးလပ်ကား စိတ်ကူးယဉ် မဆုံးနိုင်တော့လောက်အောင် စိတ်ဓာတ်မြူးကြွလာတော့သည်။ ပီးလော့၏ ညွှန်ကြားချက်အတိုင်းလည်း မဆိုင်းမတွ ပြုလုပ်ထားသည်။

သို့ဖြင့် ပွဲစသည့်တဒင်္ဂ၌ပင် လေပမာမြန်လွန်းပါသော မြင်းတို့၏ဆွဲအားအဟုန်ကြောင့် ဘုရင်ကြီး၏ လှည်းသည် ပီးလော့၏လှည်းကို မီလာသည့်အပြင် ဘုရင်ကြီးလက်မှလုံ့တံသည်လည်း ပီးလော့ကို ပစ်ထိုးရန်အသင့်ဖြစ်နေပေပြီ။ သို့ရာတွင် ဘုရင်ကြီးအိုနိုးမေ့၏လုံ့ကား ပီးလော့၏နှလုံးသားသို့ မရောက်တော့ချေ။ ဘုရင်ကြီး အိုနိုးမေ့သည်သာ မြင်းလှည်းတိမ်းမှောက်၍ တလိမ့်ခေါက်ကွေး မြေသို့ကျခဲ့ရ၏။ ပြေးအားကောင်းသောမြင်းများ၏ တရွတ်တိုက်ဆွဲခြင်းခံရမှုကြောင့် ဘုရင်ကြီး အိုနိုးမေ့ခမျာ နတ်ရွာစံကံတော်ကုန်ရှာတော့သည်။ အကြံသမား ပီးလော့ကား ဘုရင့်သမီးတော်အလှ ဘုရင်ထိပ်ခေါင်တင် ဟစ်ပိုဒေးမီးယားနှင့် စုလျားရစ်ပတ်လက်ထပ်ကာ ဘိသိက်ခံယူ ဘုရင်တစ်ဆူ ဖြစ်လာတော့သည်။

အကျိုးတော်ဆောင် မားတီးလပ်မှာမူ သူစိတ်ကူးယဉ်သလို ထီးနန်းစံဘဝသို့ မရောက်ခဲ့ရှာချေ။ ပီးလော့၏ ကတိကဝတ်သည် တိမ်းပါးခဲ့ရုံသာမက တစ်နေ့တွင် ပီးလော့က မားတီးလပ်ကို ဥပါယ်တံမျဉ်ဖြင့် မြင်းလှည်းပေါ် တင်ခေါ်သွားပြီးနောက် ချောက်ကမ်းပါးတစ်ခုသို့အရောက်တွင် မားတီးလပ်ကို မယူပစ်ချကာ ခန္ဓာနှင့်အသက်တွဲဖက်နေခြင်းမှ ရပ်စဲစေခဲ့သည်။

အောင်မြင်မှုနှင့် သရဖူကို ဆောင်းရခြင်းအထိမ်းအမှတ်အဖြစ် ပီးလော့သည် ပထမဆုံးသော အိုလံပစ်အားကစားပွဲတော်ကို စတင်ကျင်းပခဲ့လေသည်ဟု ဆိုလေသည်။ ထိုပွဲတော်ကျင်းပသည့်နှစ်သည် ခရစ်မပေါ်မီ ၈၈၄ ခုနှစ်ဟု ဒဏ္ဍာရီကအဆိုပြုထား၏။

အခြား ဂရိပုံပြင်တစ်ခုကဆိုသည်မှာ နတ်မင်းကြီးဇု၏သားတော် ဟာကျူလီ လူသန်ကြီးနှင့် အိုလံပစ်ပွဲတော်အစပြုခြင်းသည် ဆက်စပ်နေပါသည်ဟူ၍ပင်ဖြစ်၏။

လူသန်ကြီး ဟာကျူလီသည် အဲလစ်ဘုရင်များနှင့် ယှဉ်ပြိုင်အနိုင်ရသော စစ်ပွဲကြီးတစ်ပွဲ ပြီးဆုံးသောအခါ သူ၏တပ်မတော်အတွက် အောင်ပွဲခြိမ့်ခြိမ့်သဲသဲ ကျင်းပခဲ့လေသည်။ အိုလံပီယာတောင်ကြားကိုသာ အားကစားပွဲတော်ကျင်းပရန် အကောင်းဆုံးဟု သူက သတ်မှတ်ရွေးချယ်ခဲ့လေသည်။

မြောက်မြားစွာသော သူရဲသူခက်တို့ ပါဝင်ယှဉ်ပြိုင်ကစားကြသော်လည်း အားလုံးသောပြိုင်ပွဲတို့တွင် ဟာကျူလီကသာ အနိုင်ရရှိလေသည်။ နောက်ဆုံးကစားနည်းကား နပန်းသတ်ပွဲသာ ကျန်ရှိတော့သည်တွင် ဟာကျူလီက အသင့်ရှိနေသည့်တိုင် သူနှင့်ယှဉ်ပြိုင်သတ်မည့်သူကား အချိန်ကြာမြင့်သည်ထိ မပေါ်ထွက်လာပေ။

"ဘယ်သူမှ ဟာကျူလီနဲ့ မသတ်ရဲကြတော့ဘူးလား"

တပ်မတော်သား သူရဲသူခက်များကို မေးမြန်းသံထွက်ပေါ်လာ၏။ သို့တိုင် တစ်ဦးမှ တုတ်တုတ်မလှုပ်ကြ။ နောက်ဆုံး ဤပြိုင်ပွဲကိုကျင်းပ၍ ဖြစ်တော့ဟန်မတူသကဲ့သို့ ရှိသောအခါကျမှ ရုတ်တရက် လူတစ်ယောက် ထွက်ပေါ်လာ၏။

"ဟာကျူလီနဲ့ ကျုပ် နပန်းသတ်ပါမယ်"

ဤသို့ဖြင့် နပန်းသတ်ပွဲစဖြစ်တော့သည်။ နပန်းသမား နှစ်ဦးသည် အချိန်ကြာမြင့်စွာ ဘတစ်ပြန် ကျားတစ်ပြန် ဖြစ်နေ၏။ မည်သူကမျှ မည်သူ့ကိုနိုင်အောင် မသတ်နိုင်တော့သည့်အဆုံးကျမှ ဒိုင်များက သရေပွဲအဖြစ် ကြေညာရတော့သည်။

ထိုအခါမှပင် ဟာကျူလီနှင့်ယှဉ်သတ်ရန် ရုတ်တရက် ပေါ်ပေါက်လာသူက မိမိသည် အခြားမဟုတ် ဇုနတ်မင်းကြီးကိုယ်တိုင်ဖြစ်သည်ဟု ဒိုင်များကို ပြောပြ၏။ လူအများတို့သည် သူတို့နတ်မင်းကြီးကိုယ်တိုင် ဤအိုလံပစ်အားကစားပွဲတော်ကို ပါဝင်ဆင်နွှဲကြောင်း သိလိုက်ရသောအခါ အတိုင်းမသိ ရွှင်မြူးကြတော့သည်။

ထိုကာလမှအစပြု၍ သူတို့နတ်မင်းကြီးကိုယ်တိုင် ဆင်နွှဲခဲ့သော ဤအိုလံပစ် အားကစားပွဲတော်ကို ဇုမင်းကြီးအား ဂုဏ်ပြုသည့်အနေဖြင့် လေးနှစ်တစ်ကြိမ် အိုလံပီယာတွင်ကျင်းပရန် ဆုံးဖြတ်ခဲ့ကြတော့သည်။

တစ်ခုသောပုံပြင်အရ ဆိုရပြန်ပါမူ ဟာရေကလိဆိုသူတစ်ဦးကို သူ၏ယွင်းမှားသော ပြစ်မှုတစ်ခုအတွက် နောင်ကြဉ်စေရန် အဲလစ်ပြည့်ရှင် အောဂျီးအက်က ဒဏ်ခတ်လေသည်။ ပေးသည့်ဒဏ်မှာလည်း အခက်အခဲပြဿနာတစ်ရပ် ဖြစ်နေသည်သာမက မလုပ်လိုသော အလုပ်တစ်လုပ်ဖြစ်နေလေသည်။ အလုပ်ကား ဘုရင်ကြီး၏ သိုးအုပ်ထားရာ တင်းကုပ်ကြီးကို အမြန်ဆုံးရှင်းလင်းသန့်စင်အောင် ပြုလုပ်ပေးရန်ဖြစ်၏။ ဟာရေကလိလည်း ဤအလုပ်ကို အခက်အခဲမရှိ လွယ်ကူစွာပင် ပြုလုပ်အဆုံးသတ်လိုက်၏။ သူ့နည်းကား တင်းကုပ်များ၊ ဇောင်းများဘက်သို့ အောဖီးယပ်မြစ်ကြောင်းကို တဒင်္ဂပြောင်းလဲပေးလိုက်သည့်နည်းဖြစ်၏။ ဤအလုပ်ကို မလုပ်မီ ဘုရင်အောဂျီးအက်နှင့် ဟာရေကလိတို့ ရင်းနှီးစွာ အလောင်းအစားပြုထား၏။ အောင်မြင်စွာ ပြုလုပ်နိုင်ပါလျှင် ဟာရေကလိကို ဘုရင်ကြီးက သူပိုင်သိုးအုပ်၏ ၁၀ ရာခိုင်နှုန်းကို ကော်မရှင်အဖြစ် ပေးပါမည်ဟူသော ကတိပြုချက်ဖြင့် လောင်းထားခြင်းဖြစ်သည်။ သို့ရာတွင် အလုပ်ပြီးစီးသောအခါ၌မူ ဤနည်းသည် တင်းကုပ်နှင့်ဇောင်းများကို စွတ်စိုစေသည်ဟု အကြောင်းပြကာ ကတိစကားအတိုင်း ကော်မရှင်မပေးဘဲ ငြင်းဆန်လေတော့ရာ ဟာရေကလိမှာ သည်းမခံနိုင်တော့ဘဲ ဒေါသအလျောက် ဘုရင်ကြီးအား အစတုံးစီရင်ပစ်ပြီးလျှင် ဘုရင်ကြီး၏ သိုးအုပ်နှင့် ဥစ္စာရတနာများအပြင် ထီးနန်းကိုလည်း သိမ်းပိုက်လိုက်တော့သည်။

ဟာရေကလိသည် မမျှော်လင့်ဘဲ ရုတ်တရက် ရရှိလိုက်သည့် အောင်မြင်မှုအတွက်လည်းကောင်း၊ ထိုက်၍ရသည့် ခနဥစ္စာရတနာများအတွက်လည်းကောင်း၊ ဒေါသအလျောက် ပြုလိုက်ရသည့် ဒုစရိုက်အတွက် ညှိုးညစ်ခဲ့ရသောစိတ်ကို ဖြေဖျောက်ရေးအတွက်လည်းကောင်း ပထမအကြိမ် အိုလံပစ်ပွဲတော်ကြီးကို ခရစ်မပေါ်မီ ၁၂၅၃ ခုနှစ်တွင် စတင်၍ ကျင်းပခဲ့လေသည်ဟုလည်း ဆိုပေသည်။

ဂရိသမိုင်းဟောင်း သုတေသီများကမူ အိုလံပစ်အားကစားပွဲတော်ကို ဘာသာရေးဆိုင်ရာပွဲများ၊ အားကစားပွဲများမှ စတင်သည်ဟု ယူဆကြဟန်တူသည်။ မည်သို့ဆိုစေ ခရစ်မပေါ်မီ ၇၇၆ ခုနှစ်တွင် မှတ်တမ်းများအကျအနတင်ပြီးရှိသော ပထမဆုံး အိုလံပစ်ပွဲတော် ကျင်းပခဲ့သည်ကိုမူ သုတေသီတို့က တညီတညာတည်း သဘောတူလက်ခံကြသည်။

**ကိုးကား**

– **ကမ္ဘာ့အိုလံပစ်စာအုပ်**

# မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးက ရုပ်ရှင်လောကသားများကို (၁၅) ကြိမ်မြောက်အဖြစ် ဆန်၊ ဆီ၊ ပဲ အပါအဝင် စားသောက်ကုန်များပံ့ပိုးသွားမည်


ရုပ်ရှင်လောကသားများကို ဧပြီလအတွင်းက စားသောက်ကုန်များ ပံ့ပိုးနေစဉ်။

**ရန်ကုန် ဇူလိုင် ၁၂**

မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးက ရုပ်ရှင်လောကသားများကို (၁၅) ကြိမ်မြောက်အဖြစ် ဆန်၊ ဆီ၊ ပဲ အပါအဝင် စားသောက်ကုန်များ ပံ့ပိုးသွားမည်ဖြစ်ကြောင်း မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံး ဒုတိယဥက္ကဋ္ဌ ဦးအေးကြူလေးက ပြောပြ၍ သိရသည်။

မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးက (၁၅) ကြိမ်မြောက်အဖြစ် ရုပ်ရှင်နယ်ပယ် အသီးသီးရှိ အုပ်ချုပ်၊ ဖြန့်ချိ၊ ဇာတ်ညွှန်း၊ ထုတ်လုပ်၊ စက်မှု၊ ဇာတ်ပို့၊ ဇာတ်ရံ အလွှာအသီးသီးမှ ရုပ်ရှင်လောကသားများကို ဆန်၊ ဆီ၊ ပဲ အပါအဝင် စားသောက်ကုန်များ ဇူလိုင်လအတွင်း ပံ့ပိုးပေးအပ်သွားမည်ဖြစ်ကြောင်း သိရသည်။

"မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးက ရုပ်ရှင်လောကသားတွေကို (၁၅) ကြိမ်မြောက်အဖြစ် ဆန်၊ ဆီ၊ ပဲအပါအဝင် စားသောက်ကုန်တွေကို အခုဇူလိုင်လအတွင်းမှာ ပံ့ပိုးပေးသွားမှာဖြစ်ပါတယ်။ အစည်းအရုံးဝင်တစ်ယောက်ကို ဆန် ငါးပြည်၊ ဆီတစ်ပိဿာ၊ ကုလားပဲ ၅၀ ကျပ်သား၊ ငါးသေတ္တာ နှစ်ဘူးစီနဲ့ အခြားစားသောက်ကုန်တွေလဲ ပံ့ပိုးပေးအပ်သွားမှာဖြစ်ပါတယ်"ဟု မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးဒုတိယဥက္ကဋ္ဌ ဦးအေးကြူလေးက ပြောပြသည်။

မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးအနေဖြင့် (၁၄) ကြိမ်မြောက်အဖြစ် အစည်းအရုံးဝင် ရုပ်ရှင်လောကသားများကို ဧပြီ ၃ ရက်မှ ဧပြီ ၆ ရက်ထိ ဆန်၊ ဆီ၊ ပဲအပါအဝင် စားသောက်ကုန်များ ပံ့ပိုးပေးအပ်ခဲ့ကြောင်း သိရသည်။

ASH

# Cought Stealing ဇာတ်ကား၌ မင်းသမီး ဇိုးကရာဗစ် ပါဝင်ဖွယ်ရှိ

**နယူးယောက် ဇူလိုင် ၁၂**

ဆိုနီရုပ်ရှင်ကုမ္ပဏီ၏ Cought Stealing အမည်ရှိ မှုခင်းထိတ်လန့်သည်းဖိုဇာတ်ကား၌ မင်းသမီး ဇိုးကရာဗစ် ပါဝင်သရုပ်ဆောင်ဖွယ်ရှိကြောင်း ဇူလိုင် ၁၁ ရက် သတင်းများအရ သိရသည်။

လက်ရှိအချိန်တွင် မင်းသမီး ဇိုးကရာဗစ်သည် Cought Stealing ဇာတ်ကား၌ ပါဝင်ရေးအတွက် ဆိုနီရုပ်ရှင်ကုမ္ပဏီနှင့် ဆွေးနွေးနေကြောင်း သိရသည်။

အပြီးသတ်သဘောတူညီချက် ရရှိခဲ့ပါက မင်းသမီး ဇိုးကရာဗစ်သည် Cought Stealing ဇာတ်ကား၌ မင်းသား အော်စတင် ဘတ္တလာနှင့်အတူ သရုပ်ဆောင်ရမည်ဖြစ်ကြောင်း သိရသည်။

Cought Stealing ဇာတ်ကားသည် အမေရိကန်စာရေးဆရာ ချာလီဟူစတန်၏ အမည်တူဝတ္ထုကို အခြေခံရိုက်ကူးမည့် မှုခင်းလျို့ဝှက်သည်းဖိုဇာတ်ကားဖြစ်သည်။

အဆိုပါဇာတ်ကားကို ဒါရိုက်တာ ဒါရန်းအရွန်နော့စကီးက တာဝန်ယူရိုက်ကူးမည်ဖြစ်ပြီး ဇာတ်ညွှန်းကို စာရေးဆရာ ချာလီဟူစတန် ကိုယ်တိုင် ရေးသားမည်ဖြစ်သည်။

လက်ရှိတွင် Cought Stealing ဇာတ်ကား စတင်ရိုက်ကူးမည့်ရက်နှင့် ရုံတင်ပြသမည့်ရက်တို့ကို မသိရသေးကြောင်း သိရသည်။

**Ref : Sputnik News**

**Trs : KKO**




# ပိုလ်တထောင်မြို့နယ် Artistic Space Art Gallery တွင် THREE R COLLECTOR'S SHOW ပန်းချီပြပွဲ ပြုလုပ်မည်ဖြစ်

**ရန်ကုန် ဇူလိုင် ၁၂**

ရန်ကုန်တိုင်းဒေသကြီး ဗိုလ်တထောင်မြို့နယ်ရှိ Artistic Space Art Gallery တွင် THREE R COLLECTOR'S SHOW Group Art Exhibition ပန်းချီပြပွဲ ပြုလုပ်မည်ဖြစ်ကြောင်း အဆိုပါပန်းချီပြပွဲ၌ ပါဝင်ပြသမည့် ဝါရင့်ပန်းချီဆရာ မုတ်သုန်က ပြောပြ၍ သိရသည်။

THREE R COLLECTOR'S SHOW Group Art Exhibition ပန်းချီပြပွဲကို ဇူလိုင် ၁၃ ရက်မှ ဇူလိုင် ၁၇ ရက်ထိ ပြသသွားမည်ဖြစ်ပြီး ဝါရင့်နာမည်ကျော် ပန်းချီဆရာကြီးများဖြစ်သည့် ဝင်းဖေ၊ မြင့်စိုး၊ မုတ်သုန်တို့ ရေးဆွဲထားသည့် လက်ရာစုံ၊ အရောင်အသွေးစုံ၊ အကြောင်းအရာစုံ ပန်းချီကားများကို ပြသသွားမည်ဖြစ်ကြောင်း သိရသည်။

"Artistic Space Art Gallery မှာ THREE R COLLECTOR'S SHOW လို့ အမည်ပေးထားတဲ့ ဝါရင့်ပန်းချီဆရာ သုံးယောက်ရဲ့ Group Art Exhibition ပြပွဲကို ပြသသွားဖို့ရှိပါတယ်။ ဒီပြပွဲမှာ ဝါရင့်ပန်းချီဆရာ သုံးယောက်ရဲ့ အသစ်ရေးထားတဲ့ ပန်းချီကားတွေ အများဆုံးပါလာမှာမို့ လာရောက်ကြည့်ရှုလေ့လာကြဖို့ ဖိတ်ခေါ်လိုက်ရပါတယ်"ဟု ပန်းချီဆရာ မုတ်သုန်က ပြောပြသည်။



အဆိုပါပန်းချီပြပွဲတွင် ပြသပေးမည့်ပန်းချီကားများ၏ အရွယ်အစားများမှာ (၃၆×၂၄) လက်မ၊ (၂၄×၂၄) လက်မ၊ (၁၈×၂၄) လက်မ၊ (၁၈×၁၈) လက်မ စသည်ဖြင့် အရွယ်အစားအစုံပါဝင်ပြီး ဈေးနှုန်းအနေဖြင့်လည်း အနည်းဆုံး ငွေကျပ် ခုနစ်သိန်းမှ အများဆုံးငွေကျပ် သိန်း ၃၀ ထိရှိကြောင်း သိရသည်။

ASH

# Why Don't You Love Me? ၌ မင်းသမီး ဂျင်နီဖာလောရင့် သရုပ်ဆောင်မည်

**နယူးယောက် ဇူလိုင် ၁၂**

Why Don't You Love Me? အမည်ရှိ ဘဝသရုပ်ဖော်ဒရာမာဇာတ်ကားသစ်၌ မင်းသမီး ဂျင်နီဖာလောရင့် ပါဝင်သရုပ်ဆောင်မည်ဖြစ်ကြောင်း ဇူလိုင် ၁၁ ရက် သတင်းများအရ သိရသည်။

Why Don't You Love Me? ဇာတ်ကားကို A24 ရုပ်ရှင်ကုမ္ပဏီက ထုတ်လုပ်မည်ဖြစ်ကြောင်း သိရသည်။

Why Don't You Love Me? ဇာတ်ကားသည် A24 နှင့် မင်းသမီး ဂျင်နီဖာလောရင့်တို့ လက်တွဲဖန်တီးမည့် တတိယမြောက် ဇာတ်ကားဖြစ်သည်။


အဆိုပါဇာတ်ကားကို Hereditary ဒါရိုက်တာ အာရီအက်စတာက တာဝန်ယူရိုက်ကူးမည်ဖြစ်ကြောင်း သိရသည်။

Why Don't You Love Me? ဇာတ်ကားသည် ဇနီးမောင်နှံနှစ်ဦးကြား ဆက်ဆံရေးအခြေအနေကို ဇာတ်အိမ်ဖွဲ့ရိုက်ကူးမည့် ဘဝသရုပ်ဖော်ဒရာမာဇာတ်ကားဖြစ်သည်။

မင်းသမီး ဂျင်နီဖာလောရင့်သည် ယခင်က A24 ၏ Causeway ဒရာမာဇာတ်ကား၌ပါဝင်ခဲ့ပြီး The Wives အမည်ရှိ လျှို့ဝှက်သည်းဖိုဇာတ်ကားသစ်တွင်လည်း ပါဝင်သရုပ်ဆောင်ရန် သဘောတူထားပြီးဖြစ်ကြောင်း သိရသည်။

**Ref : Xinhua News**

**Trs : KKO**




# သံတောင်ကြီးမြို့နယ် ဇလဲကဗ္ဗာလာခြံကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ စစ်ဆေး

**သံတောင်ကြီး ဇူလိုင် ၁၂**


ကရင်ပြည်နယ် သံတောင်ကြီးခရိုင် သံတောင်ကြီးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ အလုပ်အကိုင် အခွင့်အလမ်းများ ရရှိစေရန်နှင့် မိသားစုဝင်ငွေတိုးပွားစေရန် ရည်ရွယ်၍ ဇလဲကဗ္ဗာလာခြံကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေဖြင့် လုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်နေမှုကို ဇူလိုင် ၁၁ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် သံတောင်ကြီးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်နွယ်ဦးမွန်နှင့် ဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များနှင့်အတူ ဇလဲကဗ္ဗာလာခြံကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေဖြင့် စိုက်ပျိုးရေးလုပ်ငန်း၊ မွေးမြူရေးလုပ်ငန်းနှင့် အရောင်းအဝယ်လုပ်ငန်း ဆောင်ရွက်ထားရှိမှုကို ကြည့်ရှုစစ်ဆေးပြီး ဦးစီးအရာရှိ ဒေါ်နွယ်ဦးမွန်က စီမံကိန်းရေရှည်တည်တံ့ခိုင်မြဲရေးအတွက် သက်ဆိုင်သူအားလုံးက ဝိုင်းဝန်းထိန်းသိမ်း ဆောင်ရွက်ကြရန် ဆွေးနွေးမှာကြားသည်။

ဇလဲကဗ္ဗာလာခြံကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းကို ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်က ငွေကျပ် သန်း ၃၀ ဖြင့် စတင် အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ပြီး သတ္တမအကြိမ်အဖြစ် စိုက်ပျိုးရေးလုပ်ငန်း လုပ်ကိုင်သူ ၃၅ ဦး၊ မွေးမြူရေးလုပ်ငန်း လုပ်ကိုင်သူ လေးဦး၊ အရောင်းအဝယ်လုပ်ငန်း လုပ်ကိုင်သူ ၁၂ ဦး စုစုပေါင်း အသင်းသား၊ အသင်းသူ ၅၁ ဦးကို မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက် လည်ပတ်ရန်ပုံငွေကျပ် ၃၈၆ သိန်း ထုတ်ချေးပေးထားကြောင်း သိရသည်။

**ကိုသက်**

# Families of Office of Commander-in-Chief (Army, Navy and Air) hold second monsoon tree-planting ceremony for 2024



Senior General Min Aung Hlaing waters a teak sapling.



Senior General Min Aung Hlaing encourages those participating in the tree planting ceremony.

**Nay Pyi Taw July 12**

Families of Office of Commander-in-Chief (Army, Navy and Air) and all military commands are planting trees in large groups at the monsoon tree-planting ceremonies held since 2011 with the aim of conserving the environment, balancing the climate, providing shade, and supporting the national economy in a some way.

Families of Office of Commander-in-Chief (Army, Navy and Air) held the second monsoon tree-planting ceremony for 2024 at a place near Yezin Dam, Zeyathiri Township, Nay Pyi Taw today. Chairman of State Administration Council Commander-in-Chief of Defence Services Senior General Min Aung Hlaing took part in the ceremony and planted a teak sampling, a precious tree species.

Also present were Daw Kyu Kyu Hla, wife of the Senior General, Vice Chairman of State Administration Council Deputy Commander-in-Chief of Defence Services Commander-in-Chief (Army) Vice-Senior General Soe Win, Chief of General Staff (Army, Navy and Air) General Maung Maung Aye and *See Page 13*



Daw Kyu Kyu Hla encourages those participating in the tree planting ceremony.



Daw Kyu Kyu Hla waters a teak sapling.

## Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.


Vice-Senior General Soe Win plants a teak sapling.

*From Page 12*

wife, the Commander-in-Chief (Air), senior military officers from Office of Commander-in-Chief and wives, union level officials and wives, senior officer trainees of National Defence College, officers, other ranks and families of offices and departments under Office of Commander-in-Chief (Army).

The Senior General and wife planted their respective samplings at the designated places together with the Vice Senior General, the Chief of General Staff (Army, Navy and Air), the Commander-in-Chief (Air), senior military officers from Office of Commander-in-Chief and wives, and officers, other ranks and families who also partook in the ceremony. The Senior General and wife and party observed the officers, other ranks and families, who were planting trees.

**Till this ceremony, a total of 198,825 trees including trees of precious tree species, perennial plants, and shade trees have already been grown at the surrounding areas of the dam**

At the ceremony, 900 teak saplings, 600 mahogany saplings, 300 pyingado saplings, 600 pitauk saplings, totaling 2400 were collectively planted. Families of Office of Commander-in-Chief (Army, Navy and Air) have held 40 tree planting ceremonies during the period from 2011 to the current ceremony in 2024, and planted 198,825 trees including teak, perennial plants and wind breaker shade trees in the area for ecosystem preservation.

**Entire Tatmadaw collectively grows 162,520 trees today**

Likewise, military commands HQs were planting teak, industrial crops, perennial crops, and wind breaker shade trees at the tree-plantation ceremonies. Nay Pyi Taw Command HQ, planted 9097 trees, Northern Command HQ, 10,935 trees, Eastern Command HQ, 6274 trees, East Central Command, 11810 trees, Triangle Region Command HQ, 13143 trees, South-East Command HQ, 11313 trees, Coastal Region Command HQ, 9843 trees, Yangon Command HQ,15241 trees, South-West Command HQ, 5490 trees, Western Command HQ, 4640 trees, North-West Command HQ, 12667 trees, Central Command HQ, 34315 trees, and Southern Command HQ, 15352 trees. The command commanders and officials took part in the collective tree-planting ceremonies. The Tatmadaw including families of Office of Commander-in-Chief (Army, Navy and Air), military commands HQs and battalions and units planted 162,520 trees today.

100

# Kalewa Township farmers cultivate over 1,000 acres of rain-fed vegetables

**Kalewa July 12**

A total of 1,085 acres of vegetables have been planted in Kalewa Township, Kalewa District, Sagaing Region in this year rain crops planting season, according to statistics from the Department of Agriculture for Kalewa Township.

During the 2024-2025 rain crops planting season, 1,935 acres of vegetables have been earmarked to be planted in Kalewa Township. So far, more than 1,000 acres have been planted since May.

"We grow mustards, chili, tomatoes, eggplants, cabbages and okra, etc. We are providing farmers with technology so that they can grow all vegetables under the GAP system. We are providing farmers with the technology to grow all vegetables in a way that minimizes chemical residues and is suitable for health," said U Myo Naing, head of the Department of Agriculture for Kalewa Township.

In Kalewa Township, a variety of vegetables are grown according to the season every year. The township's Department of Agriculture has informed the farmers who will grow vegetables that the vegetables they grow are successful and generate family income.

206


A vegetable plantation.

# KhinU Township farmers cultivate over 20,000 acres of rain-fed pigeon peas

**KhinU July 12**

A total of 20,626 acres of pigeon peas have been planted in KhinU Township, Shwebp District, Sagaing Region during the rain crops planting season, according to statistics from the Department of Agriculture for KhinU Township.

During the 2024-2025 rain crops planting season, 20,626 acres of pigeon peas have been earmarked to be planted in KhinU Township. Up to today, 20095 acres have been planted since May this year.

"We also help the farmers to improve the yield of pigeon peas cultivation. They planted pigeon peas separately as well as with other crops," said U Nay Win Naing, head of the Department of Agriculture for KhinU Township.

This year, the township Department of Agriculture has been providing knowledge to the farmers about choosing good breed, correct planting method, free of pest and better yield.

The department is disseminating technologies in order to reduce the purchase of foliar spray fertilizers to farmers who grow pigeon peas.

206


A pigeon pea plantation.

# Artificial insemination conducted at more than 3,000 cattle to produce pedigree cows

**Mandalay July 12**

More than 3,200 cattle has been conducted under artificial insemination in 11 districts of Mandalay Region in order to produce pedigree cattle, said Dr Khin Zaw, Head of Mandalay Region Livestock Breeding and Veterinary Department.

Cattle artificial insemination can prevent infectious disease at cattle. The region earmarked conduction of artificial insemination for 21,166 cows in 11 districts, more than 3,200 cows of which have been conducted so far.

"Veterinarians make field trips to grassroots level for conducting artificial insemination in order to produce pedigree cattle. Cattle farmers contact the department for conducting artificial insemination at an opportune time. At present, veterinarians are striving for exceeding the target insemination. Cattle owners may contact the department to take artificial insemination for their cattle," he explained.

The department has issued relevant insemination equipment for cattle in 11 districts. Technicians and veterinarians perform the insemination in villages.

185

# နိုင်ငံတကာစစ်မှုရေးရာအပြာပြာ

## အမေရိကန် မရိန်းတပ်ဖွဲ့က MQ-9 Reapers ဒရုန်းများတွင် အီလက်ထရွန်နစ်စစ်ဆင်ရေးစနစ်တစ်ခုတပ်ဆင်အသုံးပြုခဲ့



အမေရိကန် မရိန်းတပ်ဖွဲ့သည် ၎င်း၏ MQ-9 Reaper ဒရုန်းတွင် ရန်သူ့ရေဒါများမှ အလွယ်တကူထောက်လှမ်းခြင်းမခံရစေရန် Invisible Cloak Pod အီလက်ထရွန်နစ်စစ်ဆင်ရေးစနစ်တစ်ခု တပ်ဆင်အသုံးပြုနိုင်ခဲ့ကြောင်း The Defense Post သတင်းဌာနက ဇူလိုင် ၈ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

T-SOAR (Scalable Open Architecture Reconnaissance) ဟုခေါ်သော အဆိုပါ အီလက်ထရွန်နစ် ကာကွယ်ရေးစနစ်သည် ရန်သူ၏ရေဒါနှင့် ဆက်သွယ်ရေးထုတ်လွှတ်မှု အချက်ပြလှိုင်းများကို တုပပြီး ၎င်းတို့၏မူလအရင်းအမြစ်သို့ ပြန်လည်ပို့ဆောင်ပေးနိုင်သည်။

"အမှန်ကတော့ ဒရုန်းတွေမှာ အာရုံခံနိုင်စွမ်းရှိပြီး နားလည်သဘောပေါက်နိုင်တဲ့ စွမ်းရည် တပ်ဆင်ပေးလိုက်တာပါ"ဟု Seapower မရိန်းတပ်ဖွဲ့တပ်မှူး ဗိုလ်ချုပ်ကြီး အဲရစ်အမ်စမစ်က ပြီးခဲ့သည့်သီတင်းပတ်က Brookings Institution အခမ်းအနားတစ်ခု၌ ပြောကြားခဲ့သည်။

"အချို့အစီအစဉ်တွေကို လျှို့ဝှက်ထားပါတယ်။ MQ-9s မှာသုံးမဲ့ Pods တချို့ကိုလဲ လျှို့ဝှက်ထားဆဲပါ။ T-SOAR Pod ကတော့ ၎င်းထံ ပို့လွှတ်လိုက်တဲ့လှိုင်းတွေ၊ အချက်ပြမှုတွေကို ထောက်လှမ်းမိမယ်။ ပုံစံတူလုပ်မယ်။ ပြီးရင် လှည့်ပတ်ပြီး လာရာလမ်းအတိုင်း ပြန်ပို့ပေးမယ်။ အများစုကတော့ ထောက်လှမ်းနိုင်ဖို့ခက်ခဲပါလိမ့်မယ်"ဟု ၎င်းက ထည့်သွင်းပြောကြားခဲ့သည်။

Invisible Cloak Pod အီလက်ထရွန်နစ်စစ်ဆင်ရေးစနစ်သည် General Atomics နှင့် L3Harris ကုမ္ပဏီတို့မှထုတ်လုပ်သော SOAR Pod က ဆင်းသက်ခြင်းဖြစ်ပြီး Reaper Defense Electronic Support System ပုံစံဖြင့် ၂၀၂၁ ခုနှစ်တွင် အမေရိကန်လေတပ်မှ စမ်းသပ်ပြီးဖြစ်နိုင်ကြောင်း သိရသည်။

၆၃၄ ပေါင် (၂၈၇ ကီလိုဂရမ်) အလေးချိန်ရှိ SOAR Pod သည် တာဝေးရှာဖွေထောက်လှမ်းမှု၊ ပစ်မှတ် စိစစ်ခွဲခြားဖော်ထုတ်မှု၊ ရေဒါများနှင့် ဆက်သွယ်ရေးအချက်ပြမှုများ၏တည်နေရာကို ပံ့ပိုးပေးနိုင်သည်ဟု General Atomics ကုမ္ပဏီအဆိုအရ သိရသည်။

SOAR သည် MQ-9 သို့မဟုတ် အခြားလေယာဉ်အော်ပရေတာများကို တာဝေးရှာဖွေထောက်လှမ်းနိုင်စွမ်း ပံ့ပိုးပေးနိုင်ပြီး ရန်သူ့ခြိမ်းခြောက်မှုများက မိမိကိုမြင်တွေ့ပြီး လိုအပ်သောထောက်လှမ်းရေးအချက်အလက်များရယူ၍ ဆက်သွယ်ဆောင်ရွက်နိုင်ခြင်းမရှိမီ ခြိမ်းခြောက်မှုပစ်မှတ်များကို ရှာဖွေတွေ့ရှိနိုင်စေမည်ဖြစ်သည်။

အမေရိကန်မရိန်းတပ်ဖွဲ့မှ MQ-9A Block 5 အစင်း ၂၀ တွင် အဆိုပါအီလက်ထရွန်နစ် စစ်ဆင်ရေးစနစ် Pod ကိုမည်မျှတပ်ဆင်အသုံးပြုထားမည်ကို ရှင်းရှင်းလင်းလင်း မသိရသေးဘဲ ၎င်းသည် ဆယ်စုနှစ် နှစ်ခုကြာ Hunter-Killer Platform တိုက်ခိုက်ရေးစနစ်မှ အာရုံခံစနစ်အဖြစ်သို့ ပြောင်းလဲရာတွင် အဓိကစနစ်လည်းဖြစ်သည်။ အမေရိကန်မရိန်းတပ်ဖွဲ့များသည် ဆက်သွယ်ရေးနှင့် ဒေတာထပ်ဆင့်လွှင့်မှု၊ အီလက်ထရွန်နစ်စစ်ဆင်ရေး၊ ရေကြောင်းဆိုင်ရာ ကြိုတင်သတိပေးမှု၊ တရုတ်နှင့်အပြိုင် အင်ဒို-ပစိဖိတ်ဒေသရှိ ISR ကင်းထောက်မစ်ရှင်များအတွက် အဓိကအားဖြင့် စွမ်းဆောင်ရည် အဆင့်မြှင့်တင်ထားသော MQ-9A Reapers ဒရုန်းများကို ပိုင်ဆိုင်ထားလိုခြင်းဖြစ်သည်။

အဆိုပါ MQ-9A Reapers ဒရုန်းများသည် အရွယ်အစားသေးငယ်သော RQ-7 Shadow နှင့် RQ-21 Blackjack မောင်းသူမဲ့လေယာဉ်များထက် စွမ်းဆောင်ရည် သာလွန်မည်ဖြစ်ကာ လာမည့်၂၀၂၅ ခုနှစ်တွင် ၁၈ စင်းထိ တပ်ဖြန့်အသုံးပြုနိုင်ရန် မျှော်မှန်းထားသည်။

"ရန်သူရဲ့ ရန်ဘက်ပြုခြင်းကို ခံရတော့မယ်ဆိုရင် ကင်းထောက်မှုနဲ့ တိုက်ခိုက်မှုတွေအတွက် ထိရောက်တန်ဖိုးရှိမှာ မဟုတ်ပါဘူး။ ဖြစ်ပျက်နေတာကို နားလည်သဘောပေါက်နိုင်ရမယ်။ ပူးတွဲတပ်ဖွဲ့နဲ့ တိုက်ပွဲနေရာအနှံ့တွင် သတင်းအချက်အလက်တွေကို ကျယ်ကျယ်ပြန့်ပြန့် မျှဝေပေးနိုင်ရမှာဖြစ်လို့ မရိန်းတပ်ဖွဲ့ရဲ့MQ-9 ဟာအလွန်အရေးကြီးပါတယ်"ဟု ဗိုလ်ချုပ်ကြီး အဲရစ်အမ်စမစ်က ထည့်သွင်းပြောကြားခဲ့သည်။

**US Marine MQ-9 Reapers to Carry 'Invisible Cloak' Podကို ဘာသာပြန်ဆိုထားပါသည်။**

## အက်စ်တိုးနီးယားနိုင်ငံကုမ္ပဏီက AI-Assisted EIRSHIELD တာတိုပစ်လေကြောင်းရန်ကာကွယ်ရေးစနစ်ကို တီထွင်ခဲ့

အက်စ်တိုးနီးယားနိုင်ငံ DefSecIntel Solutions ကုမ္ပဏီသည် ၎င်း၏ AI-အထောက်အကူပြု တာတိုပစ်လေကြောင်းရန်ကာကွယ်ရေးစနစ်သစ် EIRSHIELD ကို Eurosatory 2024 ကာကွယ်ရေးပြပွဲတွင် ထုတ်ဖော်ပြသခဲ့ကြောင်း Army Recognition သတင်းဌာနက ဇူလိုင် ၈ ရက်တွင် ရေးသားဖော်ပြထားသည်။

EIRSHIELD လက်နက်စနစ်သည် Multirotor နှင့် Fixed-Wing ဒရုန်းများကို တိုက်ခိုက်ရာတွင် အထူးထိရောက်မှုရှိကြောင်း သိရသည်။

EIRSHIELD စနစ်သည် ပြင်ပအထောက်အပံ့မပါဘဲ အပြည့်အဝ အလိုအလျောက်လုပ်ဆောင်နိုင်စွမ်းဖြင့် လေကြောင်းရန်ကာကွယ်ရေး၊ ဒရုန်းရန်ကာကွယ်ရေးတာဝန်ကို ထမ်းဆောင်နိုင်သည်။ BAE Systems ထုတ် Bandvagn206 (Bv206) ချိန်းတပ်ယာဉ်ပေါ်တွင် တပ်ဆင်ထားသည့် EIRSHIELD စနစ်သည် အဆင့်မြင့်ရေဒါစနစ်ပါရှိပြီး အကွာအဝေး ရှစ်ကီလိုမီတာထိ ပစ်မှတ်များကို ထောက်လှမ်းနိုင်မည်ဖြစ်သည်။ ထို့ပြင် RF အာရုံခံကိရိယာများနှင့် EO/IR ကင်မရာစနစ်ပါရှိပြီး ပစ်မှတ်များကို စိစစ်ခွဲခြား၊ အတည်ပြုပေးနိုင်ရန်နှင့်အမျိုးအစားခွဲခြားနိုင်ရန်အတွက်ဖြစ်သည်။

ပစ်မှတ်တစ်ခုကို စိစစ်အတည်ပြုပြီးသည်နှင့် EIRSHIELD စနစ်သည် ၎င်းအား ခြေရာခံထိန်းကျောင်းကာ ၎င်း၏ ရေဒီယိုနှင့် GNSS အချက်ပြမှုများကို ပိတ်ဆို့နှောင့်ယှက်ရန် AI- အထောက်အကူပြုနည်းပညာကိုအသုံးပြုကာ ပစ်မှတ်၏ လမ်းညွှန်ထိန်းကျောင်းမှုစနစ်ကို တိုက်ခိုက်နိုင်သည်။ ခြိမ်းခြောက်မှုအဆင့်ပေါ်မူတည်၍ EIRSHIELD စနစ်သည် AI-နည်းပညာသုံး ကြားဖြတ်တိုက်ခိုက်ရေးဒရုန်းများ၊ ပွိုင့်ဖိုက်စက်သေနတ်များသို့မဟုတ် ကုန်ကျစရိတ်သက်သာသော ဒုံးကျည်များအပါအဝင် ကြားဖြတ်တိုက်ခိုက်ရေးလက်နက်များ တပ်ဆင်အသုံးပြုနိုင်မည်ဖြစ်သည်။

ဤသို့ ကြားဖြတ်တိုက်ခိုက်ရေးနည်းလမ်းများကို ကျယ်ကျယ်ပြန့်ပြန့် တန်ပြန်ဆောင်ရွက်နိုင်ခြင်းသည် မတူကွဲပြားသောစွမ်းဆောင်ရည်များဖြင့် EIRSHIELD စနစ်ကို ထူးခြားစေသည်။ စနစ်ဖွဲ့စည်းပုံဒီဇိုင်းသည် တိုက်ပွဲဝင်အသင့်တပ်ဖြန့်ရန် ၁၅ မိနစ်သာ အချိန်လိုအပ်ပြီး စစ်ဆင်ရေးပတ်ဝန်းကျင်အခြေအနေအမျိုးမျိုးတွင် ဘက်စုံ အသုံးပြုနိုင်မည်ဖြစ်သည်။

EIRSHIELD ကဲ့သို့သော လက်နက်စနစ်များကို ထုတ်ဖော်ပြသနိုင်ခြင်းသည် မီဒီယာနှင့် ဝါဒဖြန့်ချိခြင်းများတွင် ထိရောက်ပြီး အထူးသဖြင့် ဒရုန်းရန်ကာကွယ်ရေးအတွက်ထိရောက်ပြီး စျေးနှုန်းသက်သာသောလက်နက်စနစ်များ လိုအပ်ချက်မြင့်မားလာမှုအပေါ် ဖြေရှင်းနိုင်ရန်



ကြိုးပမ်းလာကြခြင်းလည်း ဖြစ်သည်။ EIRSHIELD စနစ်၏ အလိုအလျောက်တိုက်ပွဲဝင်လုပ်ဆောင်နိုင်ပြီး လေကြောင်းခြိမ်းခြောက်မှု အမျိုးအစားများနှင့် လိုက်လျောညီထွေဖြစ်အောင် တုံ့ပြန်လုပ်ဆောင်နိုင်မှုသည် ဒရုန်းရန်ကာကွယ်ရေး၊ တိုက်ဖျက်ရေးနည်းပညာတွင် သိသာထင်ရှားသော တိုးတက်မှုတစ်ခုဖြစ်ကြောင်း သိရသည်။

အဆင့်မြင့်ဒရုန်းများကို စစ်ဆင်ရေးများတွင် ပိုမိုတွင်ကျယ်စွာအသုံးပြုလာသည်နှင့်အမျှ အဆိုပါခြိမ်းခြောက်မှုများကို ကာကွယ်ရန် ဆန်းသစ်သောဖြေရှင်းနည်းများသည် အရေးကြီးသည်။ EIRSHIELD စနစ်သည် ထိုလိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်မည့် တာတိုပစ်လေကြောင်းရန်ကာကွယ်ရေးစနစ်အဖြစ် ဘက်စုံအသုံးပြုနိုင်စေမည်ဖြစ်သည်။ DefSecIntel Solutions က ခေတ်ပြိုင်ဒရုန်းစစ်ပွဲ၏ စိန်ခေါ်မှုများကို တီထွင်ဆန်းသစ်မှုနှင့် လိုက်လျောညီထွေဖြစ်အောင် လုပ်ဆောင်နိုင်ပုံကို EIRSHIELD လက်နက်စနစ်ဖြင့် ထုတ်ဖော်ပြသခဲ့ခြင်းလည်းဖြစ်သည်။

**Estonian Company DefSecIntel Solutions Develops AI-Assisted EIRSHIELD Air Defense System ကို ဘာသာပြန်ဆိုထားပါသည်။**

**မင်းမျိုး**

# ပုသိမ်ခရိုင်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ဖူးစားပြောင်း ၁၅၃၉ ဧက စိုက်ပျိုးသွားမည်


ယခင်နှစ်က ဖူးစားပြောင်းစိုက်ခင်းကို တွေ့ရစဉ်။

**ပုသိမ် ဇူလိုင် ၁၂**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ဖူးစားပြောင်း ၁၅၃၉ ဧက စိုက်ပျိုးသွားမည်ဖြစ်ကြောင်း ပုသိမ်ခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဝင်းစိုးက ပြောပြ၍ သိရသည်။

ပုသိမ်ခရိုင်တွင် ယခုနှစ်မိုးသီးနှံစိုက်ပျိုးရာသီ၌ ဖူးစားပြောင်း ၁၅၃၉ ဧကကို ဇူလိုင်လဒုတိယပတ်မှစ၍ စိုက်ပျိုးသွားမည်ဖြစ်ကြောင်း၊ အဆိုပါစိုက်ပျိုးမည့် ဖူးစားပြောင်းများ အရည်အသွေး ကောင်းစေရေးအတွက် စိုက်ပျိုးရေးဦးစီးဌာနက တောင်သူပညာပေးလုပ်ငန်းများကို လုပ်ဆောင်ပေးနေကြောင်း သိရသည်။

"ပုသိမ်ခရိုင်အတွင်း အခုနှစ်မိုးသီးနှံစိုက်ပျိုးရာသီမှာ တောင်သူတွေ အခက်အခဲမရှိစိုက်ပျိုးနိုင်ဖို့အတွက် လိုအပ်တဲ့နည်းပညာနဲ့ အခြားကူညီမှုတွေကို ကြိုတင်လုပ်ဆောင်ပေးနေပါတယ်။ ဖူးစားပြောင်း ၁၅၃၉ ဧကထိ လျာထားစိုက်ပျိုးမှာဖြစ်ပါတယ်။ ဖူးစားပြောင်းတွေ ရာနှုန်းပြည့်စိုက်ပျိုးနိုင်ဖို့၊ အထွက်ကောင်းမွန်စေဖို့စိုက်ပျိုးနည်းစနစ်နဲ့ အခြားလိုအပ်တဲ့ပံ့ပိုးမှုတွေကို စိုက်ပျိုးရေးဦးစီးဌာနနဲ့ ဆက်စပ်ဌာနတွေက ပူးပေါင်းဆောင်ရွက်နေပါတယ်။ အရင်နှစ်တွေကထက် အထွက်နှုန်းကောင်း၊ အရည်အသွေးကောင်းစေဖို့၊ ပိုးမွှားအန္တရာယ်ကင်းရှင်းစေဖို့ လုပ်ငန်းတွေကို စနစ်တကျဆောင်ရွက်ပေးနေပါတယ်"ဟု ခရိုင်ဦးစီးမှူး ဦးဝင်းစိုးက ပြောပြသည်။

ပုသိမ်ခရိုင်တွင် စိုက်ပျိုးမည့် ဖူးစားပြောင်း ၁၅၃၉ ဧကကို ပုသိမ်မြို့နယ်တွင် ၂၉၉ ဧက၊ ကန်ကြီးထောင့်မြို့နယ်တွင် ၂၁ ဧက၊ သာပေါင်းမြို့နယ်တွင် ၄၆၃ ဧက၊ ငပုတောမြို့နယ်တွင် ၇၅၆ ဧက စိုက်ပျိုးသွားမည်ဖြစ်ကြောင်း၊ အဆိုပါဖူးစားပြောင်းများ အခက်အခဲမရှိစိုက်ပျိုးနိုင်ရန်၊ ဖူးစားပြောင်းသီးနှံများ ရွက်လိပ်ပိုး၊ ရွက်ဖျက်ပိုး၊ ဖောင်မြောင်တောင်ပိုး စသည့်ပိုးမွှားအန္တရာယ်များ မကျရောက်စေရန်၊ ပြောင်းသီးနှံများအထွက်နှုန်းကောင်းစေရန်၊ စိုက်ပျိုးရေးဦးစီးဌာနက တောင်သူအသိပညာပေးလုပ်ငန်းများကို ဆောင်ရွက်ပေးနေကြောင်း သိရသည်။

**ကျော်ကျော်လင်း**

# မြဝတီမြို့နယ် ကျောက်စက်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ စစ်ဆေး

**မြဝတီ ဇူလိုင် ၁၂**

ကရင်ပြည်နယ် မြဝတီခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းများရရှိစေရန်နှင့် မိသားစုဝင်ငွေတိုးပွားစေရန် ရည်ရွယ်၍ မြဝတီမြို့နယ် ကျောက်စက်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေများဖြင့် စီမံကိန်းလုပ်ငန်းများအကောင်အထည်ဖော်ဆောင်ရွက်နေမှုကို ဇူလိုင် ၁၁ ရက် နံနက်ပိုင်းက ခရိုင်ဦးစီးမှူး ဦးစိုးနိုင်ဝင်းနှင့် တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။



ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မြဝတီခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးစိုးနိုင်ဝင်း၊ မြို့နယ်ဦးစီးမှူး ဦးကျော်သူရနှင့် ဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များနှင့်အတူ ကျောက်စက်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေဖြင့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် အရောင်းအဝယ်လုပ်ငန်း ဆောင်ရွက်ထားရှိမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူး ဦးစိုးနိုင်ဝင်းက စီမံကိန်းရေရှည်တည်တံ့ခိုင်မြဲရေးအတွက် သက်ဆိုင်သူအားလုံးက ဝိုင်းဝန်းထိန်းသိမ်းဆောင်ရွက်ကြရန် ဆွေးနွေးမှာကြားသည်။

ကျောက်စက်ကျေးရွာ၌ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၃၄ ဦးကို ငွေကျပ် ၁၄ ဒသမ ၈ သန်း၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၆၁ ဦးကို ငွေကျပ် ၃၁ ဒသမ ၃သန်း၊ အရောင်းအဝယ်လုပ်ငန်း လုပ်ကိုင်သူ ငါးဦးကို ငွေကျပ် ၃ ဒသမ ၄ သန်း၊ စုစုပေါင်း အသင်းသား၊ အသင်းသူ ဦးရေ ၁၀၀ ကို မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေကျပ် ၄၉ ဒသမ ၅ သန်း ထုတ်ချေးပေးထားကြောင်း ခရိုင်ဦးစီးမှူး ဦးစိုးနိုင်ဝင်းထံမှ သိရသည်။

**ကိုသက်**

# တာချီလိတ်မြို့နယ် မယ်လိတ်ပါကော်ကျေးရွာ၌ စီမံကိန်းမိတ်ဆက်ရှင်းလင်းခြင်းနှင့် ကော်မတီဖွဲ့စည်း

**တာချီလိတ် ဇူလိုင် ၁၂**

ရှမ်းပြည်နယ် (အရှေ့ပိုင်း) တာချီလိတ်ခရိုင် တာချီလိတ်မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက မိုင်းကိုးကျေးရွာအုပ်စု မယ်လိတ်ပါကော်ကျေးရွာကို ခေတ်မီစံပြကျေးရွာ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန် စီမံကိန်း မိတ်ဆက်ရှင်းလင်းခြင်းနှင့် ကော်မတီဖွဲ့စည်းခြင်းကို ယနေ့နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ တာချီလိတ်ခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်အမာလွင်က ကျေးလက်နေပြည်သူများ လူမှုစီးပွားဘဝများ စဉ်ဆက်မပြတ်ဖွံ့ဖြိုးစေရန်၊ လူနေမှုအဆင့်အတန်းမြင့်မားလာစေရန် ရည်ရွယ်၍ ခေတ်မီစံပြကျေးရွာထူထောင်ရေး စီမံကိန်းကို ဆောင်ရွက်ရခြင်းဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ တာချီလိတ်မြို့နယ်ဦးစီးမှူး ဒေါ်လဲ့လဲ့သင်းက ကျေးရွာအခြေခံအဆောက်အအုံများဖွံ့ဖြိုးရေး၊ သွင်းအားစုများနှင့် ငွေကြေးဝန်ဆောင်မှုများပံ့ပိုးကူညီခြင်း၊ အသက်မွေးဝမ်းကျောင်းဖွံ့ဖြိုးရေးနှင့် ကျေးရွာစီးပွားရေးမြင့်မားစေခြင်း၊ အသင်းအဖွဲ့များ ခိုင်မာအားကောင်းစေခြင်းနှင့် နည်းပညာဖြန့်ဖြူးခြင်း၊ လူမှုကာကွယ်စောင့်ရှောက်ရေး၊ သဘာဝပတ်ဝန်းကျင်ကာကွယ်ထိန်းသိမ်းရေး စသည့် ခေတ်မီစံပြကျေးရွာ ထူထောင်ရေးလုပ်ငန်းစဉ်များဖြင့် မယ်လိတ်ပါကော်ကျေးရွာ၌ အကောင်အထည်ဖော်ဆောင်ရွက်မည်ဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ထို့နောက် အခမ်းအနားသို့ တက်ရောက်လာကြသော မယ်လိတ်ပါကော်ကျေးရွာမှ အုပ်ချုပ်ရေးမှူး၊ ကျေးရွာသူ၊ ကျေးရွာသားများက ခေတ်မီစံပြကျေးရွာ အကောင်အထည်ဖော် ဆောင်ရွက်ရမည့် လုပ်ငန်းစီမံချက်များနှင့်ပတ်သက်၍ သိရှိလိုသည်များကို မေးမြန်းဆွေးနွေးပြီး ခေတ်မီစံပြကျေးရွာ အကောင်အထည်ဖော်ရေး ကော်မတီဝင် ခုနစ်ဦးကို အများသဘောဆန္ဒနှင့်အညီ ရွေးချယ်ဖွဲ့စည်းပေးခဲ့ကြောင်း သိရသည်။

**မောင်နိုင်**

# လျှပ်စစ်မီးကို ချွေတာသုံးစွဲပါ



**နိုင်ငံခေတ်မီဖွံ့ဖြိုးရေးအတွက်**

**အဓိကအဖော်မွန်ဖြစ်သော လျှပ်စစ်မီးကို**

- ဝန်နှင့်အား မျှတအောင် သုံးစွဲပါ။
- လေလွင့်ပျောက်ဆုံးမှုမရှိအောင် ဂရုစိုက်ပါ။
- အန္တရာယ်မဖြစ်အောင် သတိပြုပါ။
- နေ့စဉ် အကျိုးရှိစွာ ချွေတာသုံးစွဲပါ။

# မန္တလေးမြို့ ကုန်စည်ဈေးနှုန်းများ

၁၂-၇-၂၀၂၄

| | | |
|---|---|---|
| **ဆန်** | | |
| ရွှေဘိုဘေးကျား (ပေါ်ဆန်း) (တစ်အိတ်) | ကျပ် | ၁၄၀၀၀၀/၁၄၅၀၀၀ |
| ပုသိမ်(ပေါ်ဆန်းမွှေး)(တစ်အိတ်) | ကျပ် | ၁၁၀၀၀၀/၁၂၀၀၀၀ |
| ဖျာပုံ(ပေါ်ဆန်းမွှေး) (တစ်အိတ်) | ကျပ် | ၁၀၅၀၀၀/၁၁၀၀၀၀ |
| မဂျမ်းတော(အသစ်) (တစ်အိတ်) | ကျပ် | ၁၀၃၅၀၀/၁၀၅၀၀၀ |
| မနောသုခ(အသစ်)(ပုသိမ်)(တစ်အိတ်) | ကျပ် | ၈၁၀၀၀/၈၅၀၀၀ |
| နွေဧယာ(အသစ်) (တစ်အိတ်) | ကျပ် | ၇၄၅၀၀/၇၅၀၀၀ |
| မနောသုခ(အသစ်)(မတ္တရာ)(တစ်အိတ်) | ကျပ် | ၆၅၀၀၀/၆၇၀၀၀ |
| **စားဆီ** | | |
| ပဲဆီ (တစ်ပိဿာ) | ကျပ် | ၁၅၀၀၀/၁၆၀၀၀ |
| နှမ်းဆီ (တစ်ပိဿာ) | ကျပ် | ၁၃၅၀၀/၁၄၀၀၀ |
| နေကြာဆီ (တစ်ပိဿာ) | ကျပ် | ၁၃၀၀၀/၁၄၀၀၀ |
| **စက်သုံးဆီ** | | |
| ဒီဇယ်(ရိုးရိုး) (တစ်လီတာ) | ကျပ် | ၂၅၄၀ |
| ဒီဇယ်(ပရီမီယံ) (တစ်လီတာ) | ကျပ် | ၂၉၆၅ |
| ဓာတ်ဆီ(တစ်လီတာ) | ကျပ် | ၂၅၅၀ |
| အောက်တိန်း(၉၂) (တစ်လီတာ) | ကျပ် | ၂၇၇၅ |
| အောက်တိန်း(၉၅) (တစ်လီတာ) | ကျပ် | ၂၈၉၅ |

**(သာ စက်သုံးဆီဆိုင်၏ ဈေးနှုန်းများသာဖြစ်ပါသည်။)**

**အိမ်ဆောက်ပစ္စည်းဈေးနှုန်းများ**

| | | |
|---|---|---|
| **ဘိလပ်မြေ** | | |
| အယ်ဖာအမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၅၂၀ |
| AAA အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၅၀၀ |
| Apache အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၉၀၀ |
| Crown အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၂၀၀ |
| ကြံ့နှစ်ကောင်အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၉၀၀ |
| **သံချောင်း** | | |
| တစ်မတ်လုံး (တစ်တန်) | ကျပ် | ၁၇၀၀၀၀၀ |
| ငါးမူးလုံး (တစ်တန်) | ကျပ် | ၁၄၀၀၀၀၀ |
| သုံးမူးလုံး(တစ်တန်) | ကျပ် | ၁၃၁၀၀၀၀ |
| ခြောက်မူးလုံး (တစ်တန်) | ကျပ် | ၁၃၀၀၀၀၀ |
| ကျပ်လုံး (တစ်တန်) | ကျပ် | ၉၉၈၀၀၀ |
| **အိမ်မိုးသွပ်** | | |
| (၆၊၇၊၈)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၃၀၀ |
| (၉၊၁၀)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၃၅၀ |
| (၁၁၊၁၂)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၅၀၀ |

(၁၉၆)



# စုပေါင်းလုပ်ကြမှသာ

တစ်တိုင်းပြည်လုံး ကြီးပွားတိုးတက်စေချင်ရင် လူအား၊ ငွေအား၊ ပစ္စည်းအားနဲ့ စုပေါင်းပြီး၊ အင်တိုက်အားတိုက်လုပ်နိုင်မှ အကျိုးခံစားခွင့်ရှိကြမှာပဲ။ ဗမာက တစ်မျိုး၊ ကရင်က တစ်ဖုံ၊ ကချင်၊ ချင်းတို့က တခြား၊ အကွဲကွဲအပြားပြားလုပ်နေကြရင် အကျိုးရှိမှာ မဟုတ်ဘူး။ စုပေါင်းလုပ်ကြမှသာ အကျိုးရှိနိုင်မယ်။ လုပ်ကြည့်မှလည်း အကျိုးရှိကြောင်း သိနိုင်တယ်။

၁၉၄၇ခုနှစ်၊ ဖေဖော်ဝါရီ ၁၁ရက် ည ပင်လုံမြို့ စော်ဘွားများထမင်းစားပွဲတွင် ပြောကြားခဲ့သည့် မိန့်ခွန်းမှ ကောက်နုတ်ချက်

စာမျက်နှာ ၁၇ မှအဆက်

ရေဆင်းဆည်ပတ်ဝန်းကျင်၌ သဘာဝပတ်ဝန်းကျင်နှင့် ဂေဟစနစ်ထိန်းသိမ်းရေးအတွက် ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း၊ ရေ၊ လေ) မိသားစုများအနေဖြင့် ၂၀၁၁ ခုနှစ်မှ ၂၀၂၄ ခုနှစ် ဒုတိယအကြိမ် သစ်ပင်စိုက်ပျိုးပွဲထိ သစ်ပင်စိုက်ပျိုးပွဲတော် စုစုပေါင်း အကြိမ် ၄၀ ကျင်းပပြုလုပ်၍ ရတနာတန်းဝင်ပင်၊ နှစ်ရှည်သီးနှံပင်နှင့် အရိပ်ရလေကာပင် စုစုပေါင်း ၁၉၈၈၂၅ ပင်ကို စိုက်ပျိုးခဲ့ပြီးဖြစ်သည်။

**တပ်မတော်တစ်ရပ်လုံးအနေဖြင့် ယနေ့တွင် စုစုပေါင်းသစ်ပင် ၁၆၂၅၂၀ ကို စုပေါင်းစိုက်ပျိုးပေးနိုင်ခဲ့**

အလားတူ တိုင်းစစ်ဌာနချုပ်နယ်မြေအသီးသီး၌လည်း မိုးရာသီသစ်ပင်စိုက်ပျိုးပွဲများ ကျင်းပ၍ ရတနာတန်းဝင်ပင်၊ စက်မှုကုန်ကြမ်းသီးနှံပင်၊ နှစ်ရှည်စားသုံးသီးနှံပင်၊ အရိပ်ရလေကာပင်များကို စုပေါင်းစိုက်ပျိုးကြရာတွင် နေပြည်တော်တိုင်းစစ်ဌာနချုပ်၌ ၉၀၉၇ ပင်၊ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်၌ ၁၀၉၃၅ ပင်၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်၌ ၆၂၇၄ ပင်၊ အရှေ့အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်၌ အပင် ၁၁၈၁၀၊ တြိဂံဒေသတိုင်းစစ်ဌာနချုပ်၌ ၁၃၁၄၃ ပင်၊ အရှေ့တောင်တိုင်းစစ်ဌာနချုပ်၌ ၁၁၃၁၃ ပင်၊ ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ်၌ ၉၈၄၃ ပင်၊ ရန်ကုန်တိုင်းစစ်ဌာနချုပ်၌ ၁၅၂၄၁ ပင်၊ အနောက်တောင်တိုင်းစစ်ဌာနချုပ်၌ အပင် ၅၄၉၀၊ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ်၌ အပင် ၄၆၄၀၊ အနောက်မြောက်တိုင်းစစ်ဌာနချုပ်၌ ၁၂၆၆၇ ပင်၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်၌ ၃၄၃၁၅ ပင်နှင့် တောင်ပိုင်းတိုင်းစစ်ဌာနချုပ်၌ ၁၅၃၅၂ ပင်တို့ကို တိုင်းမှူးများနှင့် တာဝန်ရှိသူများက စုပေါင်းစိုက်ပျိုးခဲ့ကြပြီး ယနေ့တွင် တပ်မတော်အနေဖြင့် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း၊ ရေ၊ လေ) မိသားစုဝင်များအပါအဝင် တိုင်းစစ်ဌာနချုပ်အသီးသီးနှင့် တပ်ရင်း၊ တပ်ဖွဲ့များ၌ စုစုပေါင်း သစ်ပင် ၁၆၂၅၂၀ ကို စိုက်ပျိုးခဲ့ကြကြောင်း သတင်းရရှိသည်။ (၅၀၁)



အရှေ့အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်၌ ၂၀၂၄ ခုနှစ် ဒုတိယအကြိမ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲ ကျင်းပစဉ်။



ရန်ကုန်တိုင်းစစ်ဌာနချုပ်၌ ၂၀၂၄ ခုနှစ် ဒုတိယအကြိမ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲ ကျင်းပစဉ်။



အနောက်တောင်တိုင်းစစ်ဌာနချုပ်၌ ၂၀၂၄ ခုနှစ် ဒုတိယအကြိမ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲ ကျင်းပစဉ်။



အနောက်မြောက်တိုင်းစစ်ဌာနချုပ်၌ ၂၀၂၄ ခုနှစ် ဒုတိယအကြိမ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲ ကျင်းပစဉ်။



အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်၌ ၂၀၂၄ ခုနှစ် ဒုတိယအကြိမ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲ ကျင်းပစဉ်။



တောင်ပိုင်းတိုင်းစစ်ဌာနချုပ်၌ ၂၀၂၄ ခုနှစ် ဒုတိယအကြိမ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲ ကျင်းပစဉ်။

**နိုင်ငံ့ဝန်ထမ်းများအား မည်သည့်နည်းလမ်းဖြင့်မဆို ခြိမ်းခြောက်ခြင်း၊ တာဝန်ထမ်းဆောင်မှုအား နှောင့်ယှက်ခြင်းများ ဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။**

# အိန္ဒိယနိုင်ငံ နယူးဒေလီမြို့၌ကျင်းပသည့် ဒုတိယအကြိမ် ဘင်းမ်စတက် နိုင်ငံခြားရေးဝန်ကြီးများ၏ သီးသန့်အစည်းအဝေးနှင့် မြန်မာ-အိန္ဒိယ-ထိုင်း သုံးနိုင်ငံအစည်းအဝေးတို့သို့ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ တက်ရောက်



နေပြည်တော် ဇူလိုင် ၁၂

အိန္ဒိယသမ္မတနိုင်ငံ ပြည်ပရေးရာဝန်ကြီး ဒေါက်တာအက်စ်ဂျိုင်ရှန်ကာ၏ ဖိတ်ကြားချက်အရ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေသည် ယမန်နေ့က အိန္ဒိယနိုင်ငံ နယူးဒေလီမြို့၌ ကျင်းပသည့် ဒုတိယအကြိမ် ဘင်းမ်စတက် နိုင်ငံခြားရေးဝန်ကြီးများ၏ သီးသန့်အစည်းအဝေးသို့ တက်ရောက်သည်။

ဘင်းမ်စတက် နိုင်ငံခြားရေးဝန်ကြီးများ၏ သီးသန့်အစည်းအဝေးသို့ ဘင်းမ်စတက် အဖွဲ့ဝင်နိုင်ငံများမှ ကိုယ်စားလှယ်အဖွဲ့ ခေါင်းဆောင်များဖြစ်ကြသည့် ဘင်္ဂလားဒေ့ရှ်နိုင်ငံခြားရေးဝန်ကြီး ဒေါက်တာမိုဟာမတ်ဟာဆန်မာမွတ်၊ ဘူတန်နိုင်ငံခြားရေးနှင့် ပြည်ပကုန်သွယ်ရေးဝန်ကြီး မစ္စတာဒီအန်ဒွန်ဂဲလ်၊ အိန္ဒိယပြည်ပရေးရာဝန်ကြီး ဒေါက်တာအက်စ်ဂျိုင်ရှန်ကာ၊ နီပေါနိုင်ငံခြားရေးအတွင်းဝန် မစ္စစီဝါလမ်ဆယ်လ်၊ သီရိလင်္ကာနိုင်ငံခြားရေး ဒုတိယဝန်ကြီး မစ္စတာသာရကဘာလာဆူရီရာ၊ ထိုင်းနိုင်ငံခြားရေးဝန်ကြီး မစ္စတာမာရစ်ဆတ်ဂီယမ်ဖုန်နှင့် ဘင်းမ်စတက်အတွင်းရေးမှူးချုပ် သံအမတ်ကြီး အင်ဒရာမာနီပန်ဒေးတို့ တက်ရောက်ကြသည်။

ဘင်းမ်စတက် နိုင်ငံခြားရေးဝန်ကြီးများ၏ သီးသန့်အစည်းအဝေးအတွင်း နိုင်ငံခြားရေးဝန်ကြီးများသည် ဘင်းမ်စတက် ပူးပေါင်းဆောင်ရွက်မှု လုပ်ငန်းစဉ်ဆိုင်ရာ ကိစ္စရပ်များ၊ ဒေသတွင်းနှင့် ကမ္ဘာ့ရေးရာကိစ္စရပ်များအပေါ် ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ဆွေးနွေးကြသည်။

နိုင်ငံခြားရေးဝန်ကြီးများသည် ဘင်းမ်စတက်အဖွဲ့ဝင်နိုင်ငံများအကြား ပေါင်းစည်းဆက်နွှယ်ချိတ်ဆက်မှု ပိုမိုမြှင့်တင်သွားရေး၊ ကုန်သွယ်ရေးနှင့် စီးပွားရေးလုပ်ငန်းများ၊ ကျန်းမာရေး၊ စွမ်းဆောင်ရည်မြှင့်တင်ရေး၊ နိုင်ငံဖြတ်ကျော် ငွေပေးချေရေးစနစ်အပါအဝင် ဒစ်ဂျစ်တယ်အခြေခံအဆောက်အအုံများ ဖွံ့ဖြိုးတိုးတက်ရေး စသည်တို့တွင် ပူးပေါင်း ဆောင်ရွက်သွားရေးအပေါ် ထည့်သွင်းဆွေးနွေးကြသည်။

အလားတူ အစည်းအဝေး၌ စွမ်းအင်နှင့် စားနပ်ရိက္ခာဖူလုံရေးတို့၏ အရေးကြီးမှုအပေါ် အလေးပေးပြောကြားခဲ့ပြီး ဘင်းမ်စတက်အနာဂတ် ဦးတည်ချက်များဆိုင်ရာ ထင်ပေါ်ကျော်ကြားပညာရှင်များအဖွဲ့၏ လုပ်ငန်းဆောင်ရွက်မှုများနှင့် ဘင်းမ်စတက် နိုင်ငံခြားရေးဝန်ကြီးများ၏ အစည်းအဝေးများ ကျင်းပရေးတို့အပေါ် ထည့်သွင်းဆွေးနွေးကြသည်။

ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးသည် အစည်းအဝေးအတွင်း ငြိမ်းချမ်းရေး၊ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဒီမိုကရေစီဖော်ဆောင်ရေးအတွက် နိုင်ငံတော်အစိုးရ၏ကြိုးပမ်းဆောင်ရွက်နေမှုများနှင့် မြန်မာနိုင်ငံ၏ လက်ရှိဖြစ်ပေါ်တိုးတက်မှု အခြေအနေများကို ဘင်းမ်စတက်အဖွဲ့ဝင်နိုင်ငံများမှ ကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင်များကို ရှင်းလင်းပြောကြားခဲ့ပြီး တရားမဝင် မူးယစ်ဆေးဝါးနှင့် လက်နက်ရောင်းဝယ်ဖောက်ကားမှုများ၊ လူကုန်ကူးမှုများ၊ အွန်လိုင်းလိမ်လည်မှုများ တိုက်ဖျက်ရေးတို့တွင် အတူတကွပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်သွားရေးအပေါ် တိုက်တွန်းပြောကြားခဲ့သည်။

အိမ်ရှင် အိန္ဒိယပြည်ပရေးရာဝန်ကြီး ဒေါက်တာအက်စ်ဂျိုင်ရှန်ကာက ဒုတိယအကြိမ် ဘင်းမ်စတက် နိုင်ငံခြားရေးဝန်ကြီးများ၏ သီးသန့်အစည်းအဝေးသို့ တက်ရောက်လာကြသည့် နိုင်ငံခြားရေးဝန်ကြီးများနှင့် ကိုယ်စားလှယ်အဖွဲ့များကို ညနေပိုင်းတွင် နယူးဒေလီမြို့ရှိ တာ့ဂျ်ပဲလေ့စ်ဟိုတယ်၌ ညစာစားပွဲဖြင့် တည်ခင်းဧည့်ခံခဲ့သည်။

ဘင်္ဂလားပင်လယ်အော်ဒေသတွင်း ကဏ္ဍပေါင်းစုံ၊ နည်းပညာနှင့်စီးပွားရေး ပူးပေါင်းဆောင်ရွက်မှုအစီအစဉ် (Bay of Bengal Initiatives for Multi-Sectoral Technical and Economic Cooperation -BIMSTEC)သည် ၁၉၉၇ ခုနှစ်တွင် စတင်ဖွဲ့စည်းထူထောင်ခဲ့သည့် ဒေသတွင်းအဖွဲ့အစည်းတစ်ရပ်ဖြစ်ပြီး ဘင်္ဂလားဒေ့ရှ်၊ ဘူတန်၊ အိန္ဒိယ၊ မြန်မာ၊ နီပေါ၊ သီရိလင်္ကာနှင့် ထိုင်း စသည့်အဖွဲ့ဝင် ခုနစ်နိုင်ငံပါဝင်သည်။ ဘင်္ဂလားပင်လယ်အော်ဒေသတွင်း နိုင်ငံများအကြား စီးပွားရေးပူးပေါင်းဆောင်ရွက်မှု မြှင့်တင်နိုင်ရန်အတွက် ရည်ရွယ်ဖွဲ့စည်းထားခြင်းဖြစ်သည်။ ဘင်းမ်စတက်၏ လက်ရှိပူးပေါင်းဆောင်ရွက်မှုကဏ္ဍ ခုနစ်ခုရှိသည့်အနက် မြန်မာနိုင်ငံသည် ဘင်းမ်စတက် "လယ်ယာစိုက်ပျိုးရေးနှင့် စားနပ်ရိက္ခာဖူလုံရေးကဏ္ဍ"၏ ဦးဆောင်နိုင်ငံအဖြစ် တာဝန်ယူလျက်ရှိသည်။

ထို့ပြင် ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးသည် ဒေသစံတော်ချိန် ညနေ ၅ နာရီခွဲတွင် နယူးဒေလီမြို့ရှိ တာ့ဂျ်ပဲလေ့စ်ဟိုတယ်၌ ကျင်းပသည့် မြန်မာ-အိန္ဒိယ-ထိုင်း သုံးနိုင်ငံအစည်းအဝေးသို့ တက်ရောက်သည်။

မြန်မာ-အိန္ဒိယ-ထိုင်း သုံးနိုင်ငံအစည်းအဝေးသို့ အိန္ဒိယပြည်ပရေးရာဝန်ကြီး ဒေါက်တာအက်စ်ဂျိုင်ရှန်ကာနှင့် ထိုင်းနိုင်ငံခြားရေးဝန်ကြီး မစ္စတာမာရစ်ဆတ်ဂီယမ်ဖုန်တို့ တက်ရောက်ကြသည်။

မြန်မာ-အိန္ဒိယ-ထိုင်း သုံးနိုင်ငံအစည်းအဝေး၌ ဝန်ကြီးများသည် ရှိရင်းစွဲချစ်ကြည်ရင်းနှီးမှုများ ပိုမိုတိုးတက်ခိုင်မာစေရေး၊ ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှုအပါအဝင် ကဏ္ဍစုံ၌ အပြန်အလှန်ပူးပေါင်းဆောင်ရွက်မှုများ မြှင့်တင်ရေး၊ ဘင်းမ်စတက်နှင့် နိုင်ငံတကာမျက်နှာစာတွင် ပိုမိုနီးကပ်စွာ ပူးပေါင်းဆောင်ရွက်သွားရေး ကိစ္စရပ်များအပေါ် ခင်မင်ရင်းနှီးစွာ အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြသည်။

အလားတူ မြန်မာ-အိန္ဒိယ-ထိုင်း သုံးနိုင်ငံ အမြန်လမ်း အကောင်အထည်ဖော်ရေးဆိုင်ရာ ဖြစ်ပေါ်တိုးတက်မှုများအပါအဝင် ပေါင်းစည်း ဆက်နွှယ်ချိတ်ဆက်မှုလုပ်ငန်းများ၊ နယ်စပ်ဒေသတစ်လျှောက် တည်ငြိမ်အေးချမ်းရေးအတွက် မြန်မာ-အိန္ဒိယ-ထိုင်း နိုင်ငံတို့အကြား ပူးပေါင်းဆောင်ရွက်မှုပိုမိုတိုးမြှင့်သွားရေး၊ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီများပေးအပ်ရေးကိစ္စရပ်များကို ထည့်သွင်းဆွေးနွေးခဲ့ကြပြီး တရားမဝင် မူးယစ်ဆေးဝါးနှင့် လက်နက်ရောင်းဝယ်ဖောက်ကားမှုများ၊ လူကုန်ကူးမှုများ၊ အွန်လိုင်းလိမ်လည်မှုများ တိုက်ဖျက်ရေးတို့တွင် အတူတကွပူးပေါင်းဆောင်ရွက်သွားရေးအပေါ် အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြသည်။

သုံးနိုင်ငံအစည်းအဝေး၌ ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီးသည် နိုင်ငံတော်အစိုးရ၏ ငြိမ်းချမ်းရေး၊ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဒီမိုကရေစီဖော်ဆောင်ရေးအတွက် ကြိုးပမ်းဆောင်ရွက်နေမှုများနှင့် မြန်မာနိုင်ငံ၏ လက်ရှိဖြစ်ပေါ်တိုးတက်မှုအခြေအနေများကို ထည့်သွင်းရှင်းလင်းပြောကြားခဲ့သည်။

အဆိုပါ သုံးနိုင်ငံအစည်းအဝေးသို့ မြန်မာ ကိုယ်စားလှယ်အဖွဲ့ဝင်များဖြစ်ကြသည့် အိန္ဒိယနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးမိုးကျော်အောင်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာနမှ အဆင့်မြင့်အရာရှိကြီးများ ပါဝင်တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

---

☆ ကျောဖုံးမှအဆက်

နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး တိုင်းဒေသကြီးနှင့် ပြည်နယ် ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ဥက္ကဋ္ဌများဖြစ်ကြသည့် တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များက **Online** မှ တက်ရောက်ကြသည်။

ဦးစွာ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့ဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးတင်အောင်စန်းက ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေး ဗဟိုအဖွဲ့အနေဖြင့် စတင်ဖွဲ့စည်းချိန်မှ ယခုချိန်ထိ ဗဟိုအဖွဲ့အစည်းအဝေး ငါးကြိမ်ပြုလုပ်ခဲ့ပြီးဖြစ်ကြောင်း၊ ပြည်သူ့စစ်မှုထမ်းနည်းဥပဒေ (ပဉ္စမမူကြမ်း)နှင့် ယင်းနည်းဥပဒေ (ပဉ္စမမူကြမ်း)အပေါ် ဥပဒေရေးရာဝန်ကြီးဌာနက ပေးပို့သည့် ပြင်ဆင်ချက်နှင့် သဘောထားမှတ်ချက်များကို ဆွေးနွေးနိုင်ရန် ဖြန့်ဝေပေးထားပြီးဖြစ်ပါကြောင်း၊ နည်းဥပဒေ (ပဉ္စမမူကြမ်း)နှင့်စပ်လျဉ်း၍ အစည်းအဝေး တက်ရောက်သူများက ကျယ်ကျယ်ပြန့်ပြန့် ဆွေးနွေးကြရန်နှင့် ပြင်ဆင်ခြင်း၊ ဖြည့်စွက်ခြင်းနှင့်အကြံပြုချက်များရှိပါကလည်း အမြန်ပြန်လည်တင်ပြကြရန်ဖြစ်ကြောင်း၊ ဥပဒေရေးရာဝန်ကြီးဌာနက ရေးထုံးများ ထပ်မံစိစစ်ပြီး ပြင်ဆင်ဖြည့်စွက် အကြံပြုချက်များမရှိပါက အထက်အဆင့်ဆင့်သို့တင်ပြဆောင်ရွက်သွားမည်ဖြစ်ကြောင်း။

နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ပြည်သူ့စစ်မှုထမ်းဥပဒေနှင့်ပတ်သက်၍ ထိထိရောက်ရောက်ပီပီပြင်ပြင်အကောင်အထည်ဖော်ဆောင်ရွက်ရန်နှင့် ထိုသို့ ပြည်သူ့စစ်မှုထမ်းဥပဒေ အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးများနှင့် ဝန်ကြီးဌာနများ၊ တိုင်းဒေသကြီး၊ ပြည်နယ်ဝန်ကြီးချုပ်များက မှန်မှန်ကန်ကန်နှင့် ထိထိရောက်ရောက်ဆောင်ရွက်နိုင်ရေး ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ကြရန်လိုကြောင်း၊ နိုင်ငံသားတိုင်းသည် အခြေခံဥပဒေအရ နိုင်ငံတော်ကာကွယ်ရေးတာဝန်ထမ်းဆောင်ရန်၊ စစ်မှုထမ်းဆောင်ရန်နှင့် စစ်ပညာသင်ကြားရန် တာဝန်ရှိသည်ကို လမ်းညွှန်မှာကြားထားပါကြောင်း။

ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ် (၁)မှ(၃)ထိ ဖွင့်လှစ်နိုင်ခဲ့ပြီးဖြစ်ပါကြောင်း၊ ဖွင့်လှစ်ပြီးခဲ့သည့် သင်တန်းများနှင့် ပတ်သက်၍ နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ် ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့များအနေဖြင့် ရည်မှန်းချက်ပြည့်မီအောင် အကောင်အထည်ဖော်ဆောင်ရွက်နိုင်ခဲ့သည့်အပြင် အုပ်ချုပ်မှုလျှော့နည်းဖြစ်စဉ် အနည်းဆုံးဖြင့် ဆောင်ရွက်နိုင်ခဲ့သည်ကို တွေ့ရှိရကြောင်း၊ နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ် ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့များအနေဖြင့် ပြည်သူ့စစ်မှုထမ်းစာရင်းကောက်ယူရာတွင် ဥပဒေပါသတ်မှတ်အသက်မပြည့်မီသူနှင့် အသက်ကျော်လွန်သူများ မပါရှိစေရေး၊ ကာယကံရှင်ဆန္ဒမပါဘဲ အတင်းအကျပ်စာရင်းသွင်းခြင်းမရှိစေရေး၊ အစားထိုးပေးပို့မှုများ မရှိစေရေး၊ မြေပြင်တွင် ပြည်သူနှင့် တိုက်ရိုက်ထိတွေ့ဆက်ဆံနေကြသည့် ရပ်ကွက်၊ ကျေးရွာအုပ်ချုပ်ရေးမှူးများက မသမာမှုများ မရှိစေရေးတို့အတွက် အလေးထားကြပ်မတ်ဆောင်ရွက်ကြရန်နှင့် ကင်းလွတ်ခွင့်၊ လျှော့ပေါ့ခွင့်၊ ရွှေ့ဆိုင်းခွင့်များ တင်ပြမှုနှင့်ပတ်သက်၍လည်း စနစ်တကျစိစစ်ပြီး သတ်မှတ်ချိန်အတွင်း တင်ပြကြရန်လိုအပ်ကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့ဒုတိယဥက္ကဋ္ဌ ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီး မောင်မောင်အေးက ဖွင့်လှစ်ပြီးခဲ့သည့် ပြည်သူ့စစ်မှုထမ်းသင်တန်း သုံးခုနှင့် စပ်လျဉ်း၍ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရာတွင် ကြုံတွေ့ခဲ့ရသည့် အားသာချက်၊ အားနည်းချက်များနှင့် သင်တန်းအမှတ်စဉ် (၄)အတွက် လျာထားချက်ပြည့်မီအောင် ဖွင့်လှစ်နိုင်ရေးစီမံဆောင်ရွက်ထားရှိမှုအခြေအနေများကို ရှင်းလင်းပြောကြားသည်။

ယင်းနောက် ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေး ဗဟိုအဖွဲ့ဝင်များဖြစ်ကြသည့် ပြည်ထောင်စုဝန်ကြီးများ၊ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအတွင်းရေးမှူး စစ်ရေးချုပ်၊ နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ် ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေး ဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများက ပြည်သူ့စစ်မှုထမ်းနည်းဥပဒေ ရေးဆွဲရေးနှင့် စံပြုလုပ်ထုံးလုပ်နည်းရေးဆွဲရေးဆိုင်ရာကိစ္စရပ်များ၊ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များ၊ ပြည်သူ့စစ်မှုထမ်းသင်တန်းများ ဖွင့်လှစ်ဆောင်ရွက်ခဲ့မှု အခြေအနေများနှင့် စပ်လျဉ်း၍ သက်ဆိုင်ရာကဏ္ဍအလိုက် အကြံပြုဆွေးနွေးတင်ပြကြရာ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့ဥက္ကဋ္ဌက လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ဆက်လက်၍ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့ဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးတင်အောင်စန်းက နိဂုံးချုပ်အမှာစကား ပြောကြားရာတွင် ထပ်မံဖွင့်လှစ်မည့် ပြည်သူ့စစ်မှုထမ်းသင်တန်းများအတွက် **Time Frame** များ သတ်မှတ်ဖြန့်ဝေပေးထားပြီး ဖြစ်သည့်အတွက် ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးလုပ်ငန်းစဉ်များကို သတ်မှတ်ချိန်အတွင်း ပြီးစီးအောင် ဆောင်ရွက်နိုင်ရန် **Check List** များဖြင့် စစ်ဆေးဆောင်ရွက်ရန်လိုကြောင်း၊ ပြည်သူ့စစ်မှုထမ်းဆိုင်ရာ အချက်အလက်များကို ရပ်ကွက်၊ ကျေးရွာအုပ်စုအဆင့်က မှန်မှန်ကန်ကန်ဆောင်ရွက်ရန်လိုအပ်သကဲ့သို့ တိုင်းဒေသကြီး၊ ခရိုင်အဆင့်များကလည်း စနစ်တကျတာဝန်ပေးကြပ်မတ်ရန် လိုအပ်ကြောင်း၊ ပြည်သူ့စစ်မှုထမ်းအဖြစ် စာရင်းရေးသွင်းပြီးမှ အကြောင်းမဲ့ပျက်ကွက်သူများ၊ ဆေးအောင်ပြီးမှ အကြောင်းမဲ့ပျက်ကွက်သူများ၊ သင်တန်းကျောင်းသို့ရောက်ရှိပြီးမှ ခွင့်မဲ့ပျက်ကွက်သူများအတွက် သက်ဆိုင်ရာ နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီး၊ ပြည်နယ်များမှ ဥပဒေနှင့်အညီအရေးယူဆောင်ရွက်ရန်၊ ပြည်သူ့စစ်မှုထမ်းအဖြစ် ကိုယ်ပိုင်အမှတ်ရရှိပြီးမှ ခွင့်မဲ့ပျက်ကွက်သူများအတွက် သက်ဆိုင်ရာဥပဒေနှင့်အညီ ဆောင်ရွက်ရန်ဖြစ်ကြောင်း။

ပြည်သူ့စစ်မှုထမ်းများ ဆင့်ခေါ်ရာတွင် အသက်မပြည့်သူများ မပါရှိစေရေး အထူးဂရုပြုဆောင်ရွက်ကြရန် လိုကြောင်း၊ ကင်းလွတ်ခွင့်၊ လျှော့ပေါ့ခွင့်၊ ရွှေ့ဆိုင်းခွင့်တင်ပြလာမှုများကို ဗဟိုအဖွဲ့သို့ သတ်မှတ်ချိန်အတွင်းတင်ပြမှသာ သင်တန်းကျောင်းသို့မရောက်မီ အချိန်မီခွင့်ပြုပေးနိုင်မည်ဖြစ်ကြောင်း၊ ယခင်ဖွင့်လှစ်ပြီးခဲ့သည့် သင်တန်းများ၏ အားနည်းချက်၊ အားသာချက်များကိုသုံးသပ်ပြီး နောင်ဖွင့်လှစ်မည့် ပြည်သူ့စစ်မှုထမ်း သင်တန်းများအတွက် သတ်မှတ်လျာထားချက်များအတိုင်း ပြည့်မီရေး အလေးထားကြိုးပမ်းဆောင်ရွက်ပေးကြရန် တိုက်တွန်းပြောကြားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# မန္တလေးတိုင်းဒေသကြီး ကျောင်းထိုင်ဘုန်းကြီးသင်တန်းကျောင်း သင်တန်းအမှတ်စဉ်(၁၈) သင်တန်းဆင်းပွဲနှင့် အသိအမှတ်ပြုလွှာ အောင်လက်မှတ်ဆက်ကပ်ပွဲ ကျင်းပ



**မန္တလေး ဇူလိုင် ၁၂**

မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင်သည် တိုင်းဒေသကြီးဝန်ကြီးများနှင့် တာဝန်ရှိသူများ လိုက်ပါပြီး ယနေ့နံနက်ပိုင်းက အောင်မြေသာစံမြို့နယ်ရှိ မန္တလေးတိုင်းဒေသကြီး ကျောင်းထိုင်ဘုန်းကြီး သင်တန်းကျောင်းသို့ ရောက်ရှိပြီး ကျောင်းအုပ်ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တကေသဝအား ဖူးမြော်၍ လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။

ထို့နောက် မွန်းလွဲပိုင်းတွင် မန္တလေးတိုင်းဒေသကြီး ကျောင်းထိုင်ဘုန်းကြီးသင်တန်းကျောင်း သင်တန်းအမှတ်စဉ်(၁၈) သင်တန်းဆင်းပွဲနှင့် အသိအမှတ်ပြုလွှာ အောင်လက်မှတ်ဆက်ကပ်ပွဲကို ရွှေအင်းဝဇိမာန်တော်တွင် ဆက်လက်ကျင်းပရာ တိုင်းဒေသကြီးဝန်ကြီးများနှင့်တာဝန်ရှိသူများ၊ အလှူရှင်များနှင့် တက်ရောက်လာကြသူများက နမောတဿ သုံးကြိမ်ရွတ်ဆို၍ အခမ်းအနားကို ဖွင့်လှစ်သည်။

ဆက်လက်၍ နိုင်ငံတော်ဩဝါဒါစရိယ မန္တလေးမြို့ မိုးကောင်းကျောင်းတိုက် ဇေယျဝတီကျောင်းဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု ဘဒ္ဒန္တသုဇနာဘိဝံသထံမှ ငါးပါးသီလခံယူဆောက်တည်ခြင်း၊ နိုင်ငံတော်ဩဝါဒါစရိယ မန္တလေးမြို့ မိုးကောင်းကျောင်းတိုက် ဇေယျဝတီကျောင်း ဆရာတော်နှင့် မန္တလေးတိုင်းဒေသကြီး ကျောင်းထိုင်ဘုန်းကြီးသင်တန်းကျောင်း ကျောင်းအုပ်ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တကေသဝတို့ထံမှ ဩဝါဒကထာနာယူခြင်းတို့ကို အစီအစဉ်အတိုင်း ဆောင်ရွက်ကြသည်။

ယင်းနောက် တိုင်းဒေသကြီး လူမှုရေးရာဝန်ကြီး ဦးအောင်ကျော်မိုးက သာသနာရေးဆိုင်ရာများ လျှောက်ထားပြီး ဆရာတော်၊ သံဃာတော်များထံမှ ပရိတ်တရားတော်များကို နာယူကြည်ညိုကြသည်။

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးများနှင့် တာဝန်ရှိသူများက ဆရာတော်၊ သံဃာတော်များနှင့် အထူးအောင်သံဃာတော် ခြောက်ပါးထံ လှူဖွယ်ပစ္စည်းများနှင့် နဝကမ္မဝတ္ထုငွေများ ဆက်ကပ်လှူဒါန်းကြပြီး မန္တလေးတိုင်းဒေသကြီး ကျောင်းထိုင်ဘုန်းကြီး သင်တန်းကျောင်း ကျောင်းအုပ်ဆရာတော်က သင်တန်း၌ အထူးအောင်သံဃာတော်များနှင့် သင်တန်းဆင်းသံဃာတော်များကို သင်တန်းဆင်းလက်မှတ်များ ဆက်ကပ်သည်။

ထို့နောက် မန္တလေးတိုင်းဒေသကြီး သံဃနာယကအဖွဲ့ဥက္ကဋ္ဌ(သုဓမ္မာ) မဟာအောင်မြေမြို့နယ် မစိုးရိမ်တိုက်သစ် ဓမ္မဂါရဝကျောင်းဆရာတော် အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တတိက္ခိန္ဒြိယာဘိဝံသထံမှ ရေစက်ချအနုမောဒနာတရား နာယူကြပြီး ဗုဒ္ဓသာသနံ စိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆိုဆုတောင်း၍ အခမ်းအနားကို ရုပ်သိမ်းခဲ့ကြောင်းနှင့် ဆရာတော်၊ သံဃာတော်များအား ဆွမ်းဆန်စိမ်းများ လောင်းလှူခဲ့ကြကြောင်း သတင်းရရှိသည်။

**မျိုးကျော်**

## ကျောင်းနေအရွယ်ကလေးအားလုံး အလယ်တန်းအဆင့် (Grade 9) ပြီးမြောက်အောင်မြင်အောင်သင်ယူရေး

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၏ လမ်းညွှန်ချက်နှင့်အညီ ကျောင်းနေအရွယ်ကလေးအားလုံး အခြေခံပညာအလယ်တန်းအဆင့် (Grade 9) ပြီးမြောက်အောင် သင်ကြားနိုင်ရေး အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါသည်။ အလယ်တန်းအဆင့် (Grade 9) ပြီးမြောက်အောင်မြင်သော ကျောင်းသား၊ ကျောင်းသူများအနေဖြင့် အခြေခံပညာအထက်တန်းအဆင့်၊ စက်မှုနည်းပညာ၊ စိုက်ပျိုးရေး၊ မွေးမြူရေး စသည့်ပညာရေးလမ်းသွယ်(၄)မျိုးကို ဆက်လက်သင်ကြားနိုင်မည်ဖြစ်ပါသည်။ စက်မှု၊ စိုက်ပျိုးရေး၊ မွေးမြူရေးပညာရပ်များကို တွဲဖက်သင်ကြားပေးမည့် အခြေခံပညာအထက်တန်းကျောင်းများကို ၂၀၂၃-၂၀၂၄ ပညာသင်နှစ်တွင် ၅၁ ကျောင်းဖွင့်လှစ်ခဲ့ပြီး ၂၀၂၄ - ၂၀၂၅ ပညာသင်နှစ်တွင် ၃၄ ကျောင်း ထပ်မံဖွင့်လှစ်သင်ကြားပေးမည်ဖြစ်ပါသည်။ ထို့ကြောင့် ကျောင်းနေအရွယ်ကလေးအားလုံး အလယ်တန်းအဆင့် (Grade 9) ပြီးမြောက်အောင်သင်ယူနိုင်ရေး တိုက်တွန်းနှိုးဆော်လိုက်ရပါသည်။

## ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေတွင် ပြန်လည်တူးဖော်ပြုပြင်ထိန်းသိမ်းလျက်ရှိသော ရှေးဟောင်းရေကန်များအတွက် ပါဝင်လှူဒါန်းနိုင်

ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေတွင် ပြည်တွင်း၊ ပြည်ပကျွမ်းကျင်ပညာရှင်များ၏ အကြံပြုချက်များနှင့် ကမ္ဘာ့အမွေအနှစ်စံနှုန်းများနှင့်အညီ ပြန်လည်တူးဖော်ပြုပြင်ထိန်းသိမ်းလျက်ရှိသော ပထမအဆင့် ရှေးဟောင်းရေကန် ၄၆ ကန်နှင့် ဒုတိယအဆင့် ရှေးဟောင်းရေကန် ၄၅ ကန်တို့အတွက် ပါဝင်လှူဒါန်းလိုပါက **ညွှန်ကြားရေးမှူး ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန(စီမံ/ဘဏ္ဍာဌာနခွဲ) နေပြည်တော် ဖုန်း ၀၉-၄၄၄၀၄၇၁၂၃၊ ၀၆၇-၃၄၀၈၄၁၈၊ ညွှန်ကြားရေးမှူး ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန ရန်ကုန်ဌာနခွဲ ဖုန်း ၀၉-၅၀၆၁၈၃၂၊ ၀၁-၇၅၁၃၈၉၇၊ ညွှန်ကြားရေးမှူး ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန မန္တလေးဌာနခွဲ ဖုန်း ၀၉-၂၀၀၂၁၉၅၊ ၀၂-၄၀၆၀၀၆၁၊ ညွှန်ကြားရေးမှူး ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန ပုဂံဌာနခွဲ ဖုန်း ၀၉-၂၀၀၁၉၀၆၊ ၀၆၁-၂၄၆၀၂၆၉တို့ သို့လည်းကောင်း၊KBZ Bank NYAUNG OO BRANCH Account No-06713906701442701** သို့လည်းကောင်း ပေးပို့ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာနက အသိပေးနှိုးဆော်ထားသည်။

**(သတင်းစဉ်)**

❖ **ဖြေလျှော့ပေးမည်မှအဆက်**

အမည်မည်းစာရင်း(Black Lists)မှ ပယ်ဖျက်ဖြေလျှော့ပေးပြီး ဥပဒေဘောင်အတွင်း နေထိုင်သွားလာနိုင်ရန် ဆောင်ရွက်ပေးမည်ဖြစ်ပါသဖြင့် ၁၅-၇-၂၀၂၄ ရက်မှစ၍ အဆိုပါဝန်ထမ်းများသည် မိမိတို့ တာဝန်ထမ်းဆောင်ခဲ့သည့် သက်ဆိုင်ရာဌာနများသို့ ပြန်လည်သတင်းပေးပို့ကြရန် ထုတ်ပြန်ကြေညာအပ်ပါသည်။

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**
**သတင်းထုတ်ပြန်ရေးအဖွဲ့.**

## ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များအပေါ် စုံစမ်းမေးမြန်းခြင်းနှင့် သတင်းပို့ခြင်းပြုလုပ်နိုင်

၁။ ပြည်သူ့စစ်မှုထမ်း ဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ သိရှိလိုသည်များကို စုံစမ်းမေးမြန်းရန်နှင့် သတင်းပို့ရန်တို့အတွက် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေး အဖွဲ့များ၏အောက်ပါဖုန်းနံပါတ်များသို့ ရုံးချိန်အတွင်း ဆက်သွယ်နိုင်ကြောင်း ထုတ်ပြန်အပ်ပါသည်-

(က) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့ ဥက္ကဋ္ဌရုံး(နေပြည်တော်)**
- (၁) ၀၆၇-၃၄၀၄၉၁၁၊ ၀၆၇-၃၄၀၄၉၂၂၊ ၀၆၇-၃၄၀၄၉၃၃၊၀၆၇-၃၄၀၄၉၄၄၊ ၀၆၇-၃၄၀၄၉၅၅
- (၂) မိုဘိုင်းဖုန်းမှ စာတိုပေးပို့ရန်(SMS) ၀၉-၂၅၅၀၀၂၅၀၁

(ခ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့(နေပြည်တော်ကောင်စီ)**
- (၁) ၀၆၇-၄၅၅၀၄၈၈၊ ၀၆၇-၄၅၅၀၄၉၉
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန်(SMS)၀၉-၂၅၅၀၀၂၅၀၂

(ဂ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့(စစ်ကိုင်းတိုင်းဒေသကြီး)**
- (၁) ၀၇၁- ၂၀၃၂၀၉၁၊ ၀၇၁- ၂၀၃၂၀၉၂
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန်(SMS) ၀၉-၂၅၅၀၀၂၅၀၇

(ဃ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့(တနင်္သာရီတိုင်းဒေသကြီး)**
- (၁) ၀၅၉- ၂၀၂၄၀၃၇၊ ၀၅၉- ၂၀၂၄၀၃၈
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန်(SMS) ၀၉-၂၅၅၀၀၂၅၀၈

(င) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ပဲခူးတိုင်းဒေသကြီး)**
- (၁) ၀၅၂- ၂၂၀၁၉၃၉၊ ၀၅၂- ၂၂၀၁၉၄၉
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန်(SMS)၀၉-၂၅၅၀၀၂၅၀၉

(စ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့(မကွေးတိုင်းဒေသကြီး)**
- (၁) ၀၆၃-၂၀၂၈၈၇၈၊ ၀၆၃- ၂၀၂၈၈၇၉
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန်(SMS)၀၉-၂၅၅၀၀၂၅၁၀

(ဆ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မန္တလေးတိုင်းဒေသကြီး)**
- (၁) ၀၂- ၄၀၂၁၂၄၅၊ ၀၂- ၄၀၂၁၂၄၆
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉-၂၅၅၀၀၂၅၁၁

(ဇ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မွန်ပြည်နယ်)**
- (၁) ၀၅၇ - ၂၀၂၇၉၃၅၊ ၀၅၇- ၂၀၂၇၉၃၆
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန်(SMS) ၀၉-၂၅၅၀၀၂၅၁၂

(ဈ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရခိုင်ပြည်နယ်)**
- (၁) ၀၉- ၂၅၅၀၀၂၅၁၇၊ ၀၉- ၂၅၅၀၀၂၅၁၈
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန်(SMS)၀၉-၂၅၅၀၀၂၅၁၃

(ည) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့(ရန်ကုန်တိုင်းဒေသကြီး)**
- (၁) ၀၁- ၈၃၀၀၀၁၆၊ ၀၁- ၈၃၀၀၀၁၇
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန်(SMS)၀၉-၂၅၅၀၀၂၅၁၄

(ဋ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရှမ်းပြည်နယ်)**
- (၁) ၀၈၁- ၂၁၂၄၅၄၀၊ ၀၈၁- ၂၁၂၄၉၉၅
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန်(SMS)၀၉-၂၅၅၀၀၂၅၁၅

(ဌ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ဧရာဝတီတိုင်းဒေသကြီး)**
- (၁) ၀၄၂- ၂၀၂၅၉၉၃၊ ၀၄၂- ၂၀၂၅၉၉၄
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန်(SMS)၀၉-၂၅၅၀၀၂၅၁၆

၂။ စုံစမ်းမေးမြန်းခြင်း၊ သတင်းပို့ခြင်းမဟုတ်ဘဲ အနှောင့်အယှက်ပေးဆက်သွယ်လာသည့် တယ်လီဖုန်းနံပါတ်များကို မှတ်တမ်းတင်ကာ ယင်းဖုန်းဆင်းကတ်များကို ပိတ်သိမ်းသွားမည်ဖြစ်ကြောင်း အသိပေးအပ်ပါသည်။

**ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့.**

# တပ်မတော်ဆေးရုံများ၌ တက်ရောက်ဆေးကုသမှုခံယူနေသူများကို ကြည့်ရှုအားပေး



အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဇော်မင်းလတ် ဆေးကုသမှုခံယူနေသူများကို ရင်းရင်းနှီးနှီးမေးမြန်းအားပေးစကားပြောကြားစဉ်။

**နေပြည်တော် ဇူလိုင် ၁၂**

ကယားပြည်နယ် လွိုင်ကော်မြို့ရှိ တပ်မတော်ဆေးရုံ၊ ရှမ်းပြည်နယ်(တောင်ပိုင်း) ခိုလမ်မြို့ရှိ တပ်မတော်ဆေးရုံ၊ မွန်ပြည်နယ် မော်လမြိုင်မြို့ရှိ တပ်မတော်ဆေးရုံ၊ ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာဒုံမြို့နယ်ရှိ တပ်မတော်အရိုးရောဂါအထူးကုဆေးရုံကြီး (ခုတင်-၅၀၀)နှင့် တပ်မတော်ဆေးရုံကြီး(ခုတင်-၁၀၀၀)၊ ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့ရှိ နယ်မြေခံဆေးတပ်ရင်း၊ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့နှင့် ပြည်မြို့တို့ရှိ တပ်မတော်ဆေးရုံများ၌ တက်ရောက်ဆေးကုသမှု ခံယူနေသော သံဃာတော်များ၊ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များ၊ ပြည်သူ့စစ်(ဌာနေ)တပ်ဖွဲ့ဝင်များ၊ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များနှင့်ဒေသခံပြည်သူများကို ဇူလိုင် ၁၁ ရက်နှင့် ယနေ့တို့တွင် သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်အသီးသီးမှ တိုင်းမှူးများနှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှု၍ တစ်ဦးချင်း၏ရောဂါဖြစ်ပွားမှု၊ဆေးဝါးကုသပေးထားမှုနှင့် ကျန်းမာရေးတိုးတက်ကောင်းမွန်မှုအခြေအနေများကို ရင်းရင်းနှီးနှီးမေးမြန်းအားပေးစကားပြောကြားပြီး အာဟာရဖြည့်စားသောက်ဖွယ်ရာများနှင့်ထောက်ပံ့ငွေများ ပေးအပ်ကြသည်။

ထို့နောက် တိုင်းမှူးများနှင့် တာဝန်ရှိသူများသည် ဆေးရုံများအတွင်း လှည့်လည်ကြည့်ရှု၍ လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြကြောင်း သတင်းရရှိသည်။ (၅၀၁)



အရှေ့တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ကျော်လင်းမောင် ဆေးကုသမှုခံယူနေသူများကို ရင်းရင်းနှီးနှီးမေးမြန်းအားပေးစကားပြောကြားစဉ်။

# နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူးဖလား ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုပေးပွဲကျင်းပ



နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်စိုးမင်း တံခွန်စိုက်ဖလားရရှိသည့်အသင်းကို တံခွန်စိုက်ဖလားပေးအပ်ချီးမြှင့်စဉ်။

**နေပြည်တော် ဇူလိုင် ၁၂**

နေပြည်တော်တိုင်း စစ်ဌာနချုပ် ၂၀၂၄ ခုနှစ် တိုင်းမှူးဖလားဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုပေးပွဲကို ယနေ့ညနေပိုင်းတွင် နေပြည်တော်ကောင်စီနယ်မြေ ဇေယျာသီရိမြို့နယ်ရှိ ဇေယျာသီရိအားကစားကွင်း၌ ပြုလုပ်ရာ တိုင်းမှူး ဗိုလ်ချုပ်စိုးမင်းနှင့် အရာရှိ၊ စစ်သည်၊ မိသားစုများ၊ ဒိုင်အဖွဲ့ဝင်များ၊ ပြိုင်ပွဲဝင်အသင်းများနှင့် အားကစားဝါသနာရှင်များ တက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးနှင့် တက်ရောက်လာကြသူများက ပြိုင်ပွဲဝင်အသင်းများ၏ဗိုလ်လုပွဲ ပွဲစဉ် ယှဉ်ပြိုင်ကစားမှုများကို ကြည့်ရှုအားပေးကြသည်။

ထို့နောက် ဆုပေးပွဲကို ဆက်လက်ပြုလုပ်ရာ ဒိုင်အဖွဲ့ဝင်များ၊ တစ်ဦးချင်းဆုရရှိကြသူများ၊ အသင်းလိုက်ဆုရရှိကြသူများနှင့် တံခွန်စိုက်ဖလားရရှိသော အသင်းတို့ကို တိုင်းမှူးနှင့်တာဝန်ရှိသူများက တံခွန်စိုက်ဖလား၊ ဆင့်ပွားဖလားနှင့် ဂုဏ်ပြုဆုများ အသီးသီးပေးအပ်ချီးမြှင့်ကြသည်။

အဆိုပါဘောလုံးပြိုင်ပွဲကို တိုင်းစစ်ဌာနချုပ်ကွပ်ကဲမှုအောက် တပ်ရင်း၊တပ်ဖွဲ့များမှ ပြိုင်ပွဲဝင်အသင်း ၁၂ သင်းဖြင့် ဇွန် ၂၈ ရက်မှ ယနေ့ထိ ကျင်းပပြုလုပ်ခဲ့ခြင်းဖြစ်ကြောင်း သတင်းရရှိသည်။ (၅၀၁)

# ကာကွယ်ရေးဦးစီးချုပ်(ရေ) တံခွန်စိုက်ဒိုင်း လက်ဝှေ့ပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုပေးပွဲပြုလုပ်

**နေပြည်တော် ဇူလိုင် ၁၂**

၂၀၂၄ ခုနှစ် ကာကွယ်ရေးဦးစီးချုပ်(ရေ) တံခွန်စိုက်ဒိုင်း လက်ဝှေ့ပြိုင်ပွဲဗိုလ်လုပွဲနှင့် ဆုပေးပွဲကို ယနေ့ညနေပိုင်းတွင် ဧရာဝတီရေတပ်စခန်းဌာနချုပ် သီဟသူရထွန်းတင်ခန်းမ၌ ပြုလုပ်ရာ ကာကွယ်ရေးဦးစီးချုပ်(ရေ)ကိုယ်စား ဧရာဝတီရေတပ်စခန်းဌာနချုပ် ဌာနချုပ်မှူး ဗိုလ်မှူးချုပ်သိန်းထူးနှင့် အရာရှိ၊ စစ်သည်၊ မိသားစုများ၊ ဒိုင်အဖွဲ့ဝင်များ၊ ပြိုင်ပွဲဝင်အားကစားသမားများနှင့် အားကစားဝါသနာရှင်များ တက်ရောက်ကြသည်။

ဦးစွာ ဌာနချုပ်မှူးက အမှာစကားပြောကြားပြီး တက်ရောက်လာကြသူများနှင့်အတူ ပြိုင်ပွဲဝင်အသင်းများ၏ ဗိုလ်လုပွဲ ပွဲစဉ် ယှဉ်ပြိုင်ကစားမှုများကို ကြည့်ရှုအားပေးကြသည်။ ထို့နောက် ဆုပေးပွဲကို ဆက်လက်ပြုလုပ်ရာ ပြိုင်ပွဲအမျိုးအစားအလိုက် တစ်ဦးချင်းဆုရရှိကြသူများနှင့် တံခွန်စိုက်ဒိုင်းဆုရရှိသော ဧရာဝတီရေတပ်စခန်းဌာနချုပ်အသင်းကို ကာကွယ်ရေးဦးစီးချုပ်(ရေ) ကိုယ်စား ဌာနချုပ်မှူးနှင့် တာဝန်ရှိသူများက တံခွန်စိုက်ဒိုင်းဆုနှင့် ဂုဏ်ပြုဆုများ အသီးသီးပေးအပ်ချီးမြှင့်ကြသည်။

အဆိုပါလက်ဝှေ့ပြိုင်ပွဲကို ကာကွယ်ရေးဦးစီးချုပ်ရုံး(ရေ)ကွပ်ကဲမှုအောက် ရေတပ်စခန်းဌာနချုပ်များမှ ပြိုင်ပွဲဝင်အသင်း ၁၁ သင်းဖြင့် ဇူလိုင် ၆ ရက်မှ ယနေ့ထိပြုလုပ်ခဲ့ခြင်းဖြစ်ကြောင်းသတင်းရရှိသည်။ (၅၀၁)



ကာကွယ်ရေးဦးစီးချုပ်(ရေ)ကိုယ်စား ဧရာဝတီရေတပ်စခန်းဌာနချုပ် ဌာနချုပ်မှူး ဗိုလ်မှူးချုပ်သိန်းထူး တံခွန်စိုက်ဒိုင်းဆုရရှိသည့်အသင်းကို ဒိုင်းဆုပေးအပ်ချီးမြှင့်စဉ်။

# ကာကွယ်ရေးဦးစီးချုပ်(လေ) တံခွန်စိုက်ဒိုင်း ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုပေးပွဲကျင်းပ

**နေပြည်တော် ဇူလိုင် ၁၂**

၂၀၂၄ ခုနှစ် ကာကွယ်ရေးဦးစီးချုပ်(လေ) တံခွန်စိုက်ဒိုင်း ဘောလုံးပြိုင်ပွဲဗိုလ်လုပွဲနှင့် ဆုပေးပွဲကို ယနေ့ညနေပိုင်းတွင် မန္တလေးတိုင်းဒေသကြီး မိတ္ထီလာမြို့ရှိ မြေပြင်အတတ်သင် လေတပ်စခန်းဌာနချုပ်၌ ကျင်းပပြုလုပ်ရာ လေကြောင်းအတတ်သင်လေတပ်စခန်းဌာနချုပ် ဌာနချုပ်မှူး ဗိုလ်ချုပ်ဝင်းမောင်သိန်းနှင့် တာဝန်ရှိသူများ၊ အရာရှိ၊ စစ်သည်၊ မိသားစုများ၊ ဒိုင်အဖွဲ့ဝင်များ၊ပြိုင်ပွဲဝင်အားကစားသမားများနှင့် အားကစားဝါသနာရှင်များ တက်ရောက်ကြသည်။

ဦးစွာ လေကြောင်းအတတ်သင် လေတပ်စခန်းဌာနချုပ် ဌာနချုပ်မှူးနှင့် တက်ရောက်လာကြသူများက ဗိုလ်လုပွဲ ပွဲစဉ်ဖြစ်သည့် လေကြောင်းအတတ်သင် လေတပ်စခန်းဌာနချုပ်အသင်းနှင့် မှော်ဘီ လေတပ်စခန်းအသင်းတို့၏ ယှဉ်ပြိုင်ကစားနေမှုများကို ကြည့်ရှုအားပေးကြသည်။

ထို့နောက် ဆုပေးပွဲကို ဆက်လက်ပြုလုပ်ရာ ဒိုင်အဖွဲ့ဝင်များ၊ တစ်ဦးချင်းဆုရရှိကြသူများ၊ အသင်းလိုက်ဆုရရှိကြသူများနှင့် ဒိုင်းဆုရရှိသည့် လေကြောင်းအတတ်သင် လေတပ်စခန်းဌာနချုပ်ဘောလုံးအသင်းတို့ကို ကာကွယ်ရေးဦးစီးချုပ်(လေ)ကိုယ်စား လေကြောင်းအတတ်သင်လေတပ်စခန်းဌာနချုပ် ဌာနချုပ်မှူးနှင့် တာဝန်ရှိသူများက ဒိုင်းဆုနှင့်ဂုဏ်ပြုဆုများ အသီးသီးပေးအပ်ချီးမြှင့်ကြသည်။

အဆိုပါ ၂၀၂၄ ခုနှစ် ကာကွယ်ရေးဦးစီးချုပ်(လေ) တံခွန်စိုက်ဒိုင်း ဘောလုံးပြိုင်ပွဲကို လေတပ်စခန်းဌာနချုပ်နှင့် လေတပ်စခန်းအသီးသီးတို့မှ ပြိုင်ပွဲဝင်အသင်း ၁၂ သင်းတို့ဖြင့် ဇွန် ၂၈ ရက်မှ ယနေ့ထိ ယှဉ်ပြိုင်ကစားခဲ့ခြင်းဖြစ်ကြောင်း သတင်းရရှိသည်။ (၅၀၁)




ကာကွယ်ရေးဦးစီးချုပ်(လေ)ကိုယ်စား လေကြောင်းအတတ်သင်လေတပ်စခန်းဌာနချုပ် ဌာနချုပ်မှူး ဗိုလ်ချုပ်ဝင်းမောင်သိန်း တံခွန်စိုက်ဒိုင်းဆုရရှိသည့်အသင်းကို ဒိုင်းဆုပေးအပ်ချီးမြှင့်စဉ်။

**မိမိပိုင် နိုင်ငံသားစိစစ်ရေးကတ်၊ Mobile SIM Card၊ Mobile Payment Account ၊Bank Account များကို မသက်ဆိုင်သူထံသို့ အခကြေးငွေဖြင့် ရောင်းချခြင်း၊ ငှားရမ်းအသုံးပြုစေခြင်းများ ဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။**



ရန်ကုန်တိုင်း စစ်ဌာနချုပ် နယ်လှည့်ဆေးကုသရေးအဖွဲ့က ရုံးသပြေကန်ကျေးရွာနှင့် ပတ်ဝန်းကျင်ကျေးရွာများမှ သံဃာတော်များနှင့် ဒေသခံပြည်သူများကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးစဉ်။

# သန်လျင်မြို့နယ် ရုံးသပြေကန်ကျေးရွာအုပ်စု ရုံးသပြေကန်ကျေးရွာနှင့် ပတ်ဝန်းကျင်ကျေးရွာများမှ သံဃာတော်များနှင့် ဒေသခံပြည်သူများကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်

**နေပြည်တော် ဇူလိုင် ၁၂**

ရန်ကုန်တိုင်းဒေသကြီး သန်လျင်မြို့နယ် ရုံးသပြေကန်ကျေးရွာအုပ်စု ရုံးသပြေကန်ကျေးရွာနှင့် ပတ်ဝန်းကျင်ကျေးရွာတို့မှ သံဃာတော်များနှင့် ဒေသခံပြည်သူများကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းစစ်ဌာနချုပ် နယ်လှည့်ဆေးကုသရေးအဖွဲ့က အဆိုပါကျေးရွာရှိ မဟာဓမ္မိကာရာမကျောင်းတိုက် သာစည်အောင်မြေမွာရုံ၌ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးသည်။

ထိုသို့ဆောင်ရွက်ပေးရာတွင် ဆေးကုသရေးအဖွဲ့က သံဃာတော် ၁၄ ပါးနှင့် ဒေသခံပြည်သူ ၁၇၁ ဦးတို့ကို သွားနှင့်ခံတွင်းရောဂါ၊ နား၊ နှာခေါင်း၊ လည်ချောင်းရောဂါ၊ခွဲစိတ်ကုသမှုဆိုင်ရာရောဂါ၊သားဖွားမီးယပ်ရောဂါ၊အရိုးအကြောရောဂါ၊ကလေးရောဂါ၊ အထွေထွေရောဂါတို့နှင့်ပတ်သက်၍ လိုအပ်သည့်ကျန်းမာရေးစစ်ဆေးကုသပေးခြင်းများ ဆောင်ရွက်ပေးသည်။

ယင်းသို့ ဆောင်ရွက်နေမှုများကို သန်လျင်တပ်နယ်မှ တာဝန်ရှိသူများက သွားရောက် ကြည့်ရှုအားပေးခဲ့ကြောင်း သတင်းရရှိသည်။ (၅၀၁)

# အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့လက်ဝေခံများ၏ လှုံ့ဆော်၊ဝါဒဖြန့်ခြင်းများလိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

**နေပြည်တော် ဇူလိုင် ၁၂**

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့်ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့်ပြည်သူလူထုကို အကြောက်တရားများဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန်ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်မျှဝေခြင်း၊ အားပေးကူညီခြင်းများပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂(က)၊ရာဇသတ်ကြီးပုဒ်မ ၁၂၄-က နှင့် ပုဒ်မ ၅၀၅-က၊အီလက်ထရောနစ်ဆက်သွယ်ရေးဥပဒေပုဒ်မ ၃၃(က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့်သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေအရသိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင်နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

ထိုကဲ့သို့ အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ဇူလိုင် ၁၁ ရက်တွင် အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ဝါဒဖြန့်ခြင်းများပြုမူလုပ်ဆောင်ခဲ့သည့် "Htwe KoKo" Facebook အကောင့်ပိုင်ရှင်ဖြစ်သူ မန္တလေးတိုင်းဒေသကြီး မြစ်သားမြို့နယ် မင်းကုန်းရပ်ကွက်နေ ထွေးကိုအား နံနက် ၁၁ နာရီတွင်လည်းကောင်း၊ "အရိပ်မဲ့သစ်ပင်"၊ "@cherry. lin624"၊ "lapyae 8241"TikTokအကောင့်များပိုင်ရှင်ဖြစ်သူ ရန်ကုန်တိုင်းဒေသကြီး တာမွေမြို့နယ် မေတ္တာညွန့်ရပ်ကွက်နေ တင်တင်အောင်အား ည ၆ နာရီ ၅ မိနစ်၌လည်းကောင်း သက်ဆိုင်ရာရဲစခန်းအသီးသီး၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်းအမှုဖွင့်လှစ်အရေးယူခြင်းများဆောင်ရွက်ခဲ့ရသည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ယင်းတို့နှင့်ဆက်နွယ်နေသောအဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးအား ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများပျက်ပြားစေရန်ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်းပြုလုပ်ခဲ့သူများကို ဥပဒေနှင့်အညီ ထိရောက်စွာအရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများကို ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း မိဘပြည်သူများသိရှိနိုင်ရေးအသိပေးသတင်းထုတ်ပြန်အပ်ပါသည်။ (၅၀၁)

## အသိပေးနှိုးဆော်ချက်

၁။ ၂၀၂၄ ခုနှစ် ဇူလိုင် ၁၉ ရက်တွင်ကျင်းပမည့် (၇၇)နှစ်မြောက် အာဇာနည်နေ့ အခမ်းအနားကို ဗဟန်းမြို့နယ်ရှိ အာဇာနည်ဗိမာန်တွင် ကျင်းပမည်ဖြစ်ရာ အခမ်းအနားကျင်းပမည့် နံနက် ၄ နာရီမှ အခမ်းအနားပြီးဆုံးသည်ထိ အနောက်ရွှေဂုံတိုင်လမ်းကို ရေတာရှည်လမ်းဟောင်းမှလည်းကောင်း၊ရွှေဂုံလမ်းကို ဓမ္မစေတီ-ရွှေဂုံလမ်းဆုံမှလည်းကောင်း၊ အာဇာနည်လမ်းကို အနောက်ရွှေဂုံတိုင်လမ်းမှ ဦးထောင်ဘိုလမ်းထိလည်းကောင်း၊ ဦးဝိစာရလမ်းကို ဦးဝိစာရအဝိုင်းမှ ဦးဝိစာရ-ဓမ္မစေတီလမ်းဆုံထိလည်းကောင်း လမ်းပိတ်၊ လမ်းလွှဲဆောင်ရွက်သွားမည်ဖြစ်သည်။

၂။ ဗိုလ်ချုပ်အောင်ဆန်းနေအိမ်ပြတိုက်ဖွင့်လှစ်ပြသသည့် ဇူလိုင် ၁၉ ရက် နံနက် ၅ နာရီမှ ည ၆ နာရီထိ နတ်မောက်လမ်းကို ဝင်္ကဘာလမ်းဆုံမှ ဖိုးစိန်လမ်းဆုံထိလည်းကောင်း၊ ဗိုလ်ချုပ်ပြတိုက်လမ်းကို ငါးထပ်ကြီးဘုရားလမ်းဆုံနှင့် စောမဟာလမ်းဆုံမှလည်းကောင်း၊ ဗိုလ်ချိုလမ်းကို ရွှေကြက်ယက်လမ်းနှင့်ဆုံရာမှ လည်းကောင်း လမ်းပိတ်၊လမ်းလွှဲဆောင်ရွက်သွားမည်ဖြစ်သည်။

၃။ အတွင်းဝန်ရုံးတွင် အလံတင်အခမ်းအနားကျင်းပမည့် ဇူလိုင် ၁၉ ရက် နံနက် ၅ နာရီမှ ည ၆ နာရီထိ သိမ်ဖြူလမ်းကို ဗိုလ်ချုပ်လမ်းဆုံမှ ကုန်သည်လမ်းဆုံထိလည်းကောင်း၊ အနော်ရထာလမ်းကို ဗိုလ်မြတ်ထွန်းလမ်းဆုံမှလည်းကောင်း၊ မဟာဗန္ဓုလလမ်းကို ပန်းဆိုးတန်းလမ်းဆုံမှလည်းကောင်း၊ ဗိုလ်အောင်ကျော်လမ်းကို ကုန်သည်လမ်းဆုံမှလည်းကောင်း လမ်းပိတ်၊လမ်းလွှဲဆောင်ရွက်သွားမည်ဖြစ်သည်။

၄။ သို့ဖြစ်ပါ၍ ယာဉ်မောင်းသူပြည်သူများအနေဖြင့် အခမ်းအနားကျင်းပစဉ် လမ်းပိတ်၊လမ်းလွှဲဆောင်ရွက်နေသည့်အချိန်များတွင် အခြားသင့်လျော်သောလမ်းများမှ မောင်းနှင်သွားလာကြရန် ကြိုတင်အသိပေးနှိုးဆော်အပ်ပါသည်။

**ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့**

## ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မြို့နယ်အချို့တွင် ပြင်းထန်ဝမ်းပျက်ဝမ်းလျှောရောဂါဖြစ်ပွားခြင်းနှင့် ပတ်သက်၍ တုံ့ပြန်ဆောင်ရွက်ထားရှိမှုများကို သတင်းထုတ်ပြန်

**၁၂-၇-၂၀၂၄ ည ၈ နာရီ**

ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မြို့နယ်အချို့တွင် ဝမ်းပျက်ဝမ်းလျှောရောဂါလက္ခဏာများဖြင့် လူနာအချို့ဆေးရုံတက်ရောက်မှုများနှင့်ပတ်သက်၍ ကျန်းမာရေးဝန်ကြီးဌာန၏ အနီးကပ်ကြီးကြပ်ပံ့ပိုးမှုနှင့် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့၏ ကြီးကြပ်ပံ့ပိုးမှုတို့ဖြင့် ကွင်းဆင်းအဖွဲ့များသည် ရောဂါကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိရာ ဇူလိုင် ၁၁ ရက် ည ၆ နာရီမှ ယနေ့ည ၆ နာရီထိ ၂၄ နာရီအတွင်း ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိဆေးရုံများတွင် ဝမ်းပျက်ဝမ်းလျှောရောဂါဖြင့် ဆေးရုံတက်ရောက်ကုသသူ လူနာသစ် ၁၀၄ ဦးရှိခဲ့ပြီး ၎င်းတို့အနက် ၁၂ ဦးမှာ ပြင်းထန်ဝမ်းပျက်ဝမ်းလျှောရောဂါဖြစ်ပွားသူလူနာများဖြစ်ကြောင်းနှင့် လူနာအားလုံး၏အခြေအနေမှာသက်သာကောင်းမွန်လျက်ရှိကြောင်း တွေ့ရှိရပါသည်။

ယနေ့တွင် ရောဂါသက်သာပျောက်ကင်းသည့်လူနာ ၁၁၄ ဦးကို ဆေးရုံမှဆင်းခွင့်ပြုခဲ့သဖြင့် ယနေ့ည ၆ နာရီထိ ဝမ်းပျက်ဝမ်းလျှောရောဂါဖြင့် ဆေးရုံတက်ရောက်ခဲ့သောလူနာစုစုပေါင်း ၃၆၄ ဦးကို ဆေးရုံမှဆင်းခွင့်ပြုခဲ့ပြီးဖြစ်သည်။ ရန်ကုန်တိုင်းဒေသကြီးအတွင်း ဝမ်းပျက်ဝမ်းလျှောရောဂါ ကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများကို ဆက်လက်အရှိန်အဟုန်မြှင့်တင် ဆောင်ရွက်လျက်ရှိပါကြောင်း သတင်းထုတ်ပြန်အပ်ပါသည်။

**ကျန်းမာရေးဝန်ကြီးဌာန**

# ခန္တီးမြို့နယ်အတွင်းရှိ ရပ်ကွက်၊ ကျေးရွာများမှ ရေဘေးသင့်ပြည်သူများကို ကူညီကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်

**နေပြည်တော် ဇူလိုင် ၁၂**

စစ်ကိုင်းတိုင်းဒေသကြီး အတွင်း၌ မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် ချင်းတွင်းမြစ်ရေမြင့်တက်ကာ ခန္တီးမြို့နယ်အတွင်းရှိ ရပ်ကွက်၊ ကျေးရွာများအတွင်းသို့ မြစ်ရေဝင်ရောက်မှုများ ဖြစ်ပေါ်လျက်ရှိသဖြင့် ရေဘေးသင့်ပြည်သူများကို ကူညီကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် နယ်မြေခံတပ်မတော်သားများနှင့်ဌာနဆိုင်ရာ တာဝန်ရှိသူများက ခန္တီးမြို့နယ် ဇီးကုန်းရပ်ကွက် နာဂရိုးရာကွင်း နှစ်ချင်းအသင်းတော် ခရစ်ယာန်ကျောင်း၊ အခြေခံပညာအလယ်တန်းကျောင်း(ဇီးဖြူကုန်း)နှင့် နားမေတ္တာရပ်ကွက်တို့ရှိ ရေဘေးသင့်ပြည်သူများကို စားသောက်ဖွယ်ရာများနှင့် သောက်ရေသန့်များ ထောက်ပံ့ပေးအပ်သည်။

ထို့နောက် မြစ်ရေကြီးမှုနှင့်အတူပါရှိလာသည့် နွံ၊ သဲနှင့် အမှိုက်များကိုဖယ်ရှားရှင်းလင်းကာ စုပေါင်းသန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ (၅၀၁)

## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟုသုံးနှုန်း၍ ရဟန်းသံဃာများ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကို သတ်ဖြတ်၊လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံအကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊အဖျက်အမှောင့်လုပ်ရပ်များလုပ်ဆောင်နေသည့် CRPH၊ NUG၊ PDFအကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်၊ ခဲယမ်းကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏ သတင်းကိုလျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

# ဆိတ်သားနှင့်သံပရာသီး

ညိမ်းညို



သည်ဝတ္ထုကို ရေးရာတွင် ကိုဖိုးအောင် မျက်နှာလိုက်သည်ဟုဆိုလျှင် ငြင်းရမှာ ခပ်ခက်ခက်။ ခေါင်းစဉ်ကအစ တွေးစရာဖြစ်နေသည်ကိုး။

(၁)

ပေါသည်လည်း မဟုတ်၊ ရှားသည်လည်း မဟုတ်သော မီးဖိုချောင်သုံး အစားအစာထဲတွင် သံပရာသီးလည်း ပါမည်ထင်သည်။ သူ့ချည်းပဲ ဟင်းမဖြစ်သော်လည်း တွဲဖက်စပ်ဟပ်လိုက်သည့်အခါ ပိုကောင်းသွားလေ့ရှိတာမို့ သူ့အစွမ်းကလည်း မသေးလှ။

ဆိုပါစို့၊ အိမ်ရှင်မတိုင်း၏ မီးဖိုခန်းတွင် သံပရာသီးလေး တစ်လုံးစ နှစ်လုံးစတော့ ဆောင်ထားလေ့ရှိကြသည်သာ။

အဆီအဆိမ့်များသည့်ဟင်းပွဲများကြောင့် အအီပြေချင်သည့်အခါ သံပရာသီးလေးတစ်လုံးတလေရှိလျှင် အလွန်လွယ်သည်။ ကြက်သွန်နီ ဥကြီးကြီးတစ်လုံးကို အခွံနွှာ ရေစင်အောင်ဆေး အကွင်းလိုက်လှီးပြီးသကာလ ဆားရည်လေးနှင့်စိမ်၍ ရေစစ်ပြီးကာမှ သံပရာသီးလေးတစ်စိတ်လောက်ညှစ်ထည့်၊ ငရုတ်သီးစိမ်းလေး ပါးပါးလှီး၊ ဟင်းခတ်မှုန့်အနေတော်လောက်နှင့် ကိုသားစိုး(ရောသမ) လုပ်လိုက်လျှင် ကြက်သွန်ချဉ်တစ်ခွက်ဖြစ်ပြီ။ စားပါလိမ့် ရှူးရှူးရှဲရှဲ။ ချွေးတွေဘာတွေကျလာပြီး အခိုးများတောင် ပွင့်ထွက်သွားဦးမည်။

ဟင်းရည်သောက်လေး ဆိုလျှင်ကော။ ရေနွေးပွက်ပွက်ထဲ ကြက်သွန်ဖြူလေး နှစ်မွှာလောက် ဓားပြားရိုက်ထည့်၊ ရှောက်ရွက်လေးမျှင်မျှင်လှီး၊ ပုစွန်ခြောက်လေးသုံးလေးကွေးလောက် ရေဆေးထည့်၊ ငံပြာရည်လေးတစ်စက်၊ နှစ်စက်ပေါက်၊ ထုံးစံအတိုင်း သံပရာသီးတစ်စိတ်လောက် ညှစ်ထည့်ပြီး သမအောင်မွှေလိုက်လျှင် အနံ့အရသာနှင့် ပြည့်စုံကောင်းမွန်လှပေသော ချိုပေစွ ဟင်းချိုတစ်ခွက်ရပြီ။

ဟင်းအရန်အနေဖြင့် အသုပ်သုပ်ချင်ပါသေးသလား။ သံပရာသီးရှိလျှင် အဆင်ပြေသည်။ မုန်လာဥနီ၊ ဆလတ်ရွက်၊ ပဲရွက် ဘာလေးပဲ သုပ်ချင်သုပ်ချင် သံပရာသီးလေးသာရှိ အားလုံး အဆင်ချောသွားမည်။ သူနှင့် မိတ်ဖက် မြေပဲထောင်းလေးပါ ဆောင်ထားဦးမည်ဆိုပါက အတိုင်းထက်အလွန်။ သည်နေရာတွင် စပ်မိလို့ပြောရဦးမည်။ အသီးအရွက် အစိမ်းသုပ်များဆိုလျှင် မြေပဲထောင်းက ညက်မှုန်နေလျှင် မကောင်း၊ စလုံးစခုလေးဖြစ်နေမှ ပိုစားကောင်းသည်။

အဲသည်လောက်အသုံးဝင်သည့် သံပရာသီးကထားဖို့သိုဖို့ကျ အနည်းငယ်ကန့်သတ်ချက်ရှိသည်။ ကြက်သွန်နီ၊ ကြက်သွန်ဖြူတို့လို ကြာရှည်လေးမြင့်အထားခံသည်မဟုတ်။ လှီးပြီးပါကလည်း တစ်လုံးလုံးကုန်အောင် သုံးလိုက်နိုင်လျှင် ကောင်း၏။ သို့မဟုတ်ပါက ကျန်သည့်အစိတ်အပိုင်းမှာ အချဉ်ပေါက်သွားတာတို့၊ အခွံပါနွမ်းရိပြီး အရည်ညှစ် မရတာတို့ ဖြစ်တတ်သည်။ နောက် သံပရာသီးများ လှီးထားပြီးအအုပ်အဆောင်းမရှိပါက ဖြုတ်တွေ အလွန်လာသည်။ ဖြုတ်ဆိုသော အကောင်လေးများကလည်း အနံ့ခံအလွန်ကောင်းသည်။ တစ်ခဏအတွင်းမှာပင် အုံခဲနေအောင် ရောက်လာတတ်သည်။

တလောကတော့ သံပရာသီးကို ရေခဲသေတ္တာထဲမှာ ကြာရှည်အောင် အထားခံသည့် နည်းကောင်းလေး ကိုဖိုးအောင်နှင့် မမယ်ရွှေ ရလာသည်။ မြင်းခြံမှ ဒေါ်လေးဖြစ်သူပေးသည့် နည်းကောင်းလေးပင်။

သံပရာသီးကို ရေခဲသေတ္တာထဲ သည်အတိုင်းထည့်ထားပါက နှစ်ရက်လောက်နေလျှင် အရည်ခန်းသွားလေ့ရှိ၏။ ဒေါ်လေးနည်းလမ်းက သည်လို။ သံပရာသီးကို ရေစင်အောင်ဆေး၊ ရေစက်ရေငွေ့ မကျန်အောင် အဝတ်စနှင့် ခြောက်သွေ့နေအောင် သုပ်ပြီး ဖန်ပုလင်း သို့မဟုတ် ပလတ်စတစ်ဘူးထဲတွင် လေလုံအောင် ပိတ်ပြီးထားခြင်းဖြစ်သည်။

ဟန်ကျပေစွ။ ဟင်းအမည်တိုင်းကို သံပရာသီးနှင့် မကင်းနိုင် ဝိုင်းကြီးပတ်ပတ် ကခုန်နေရသော ကိုဖိုးအောင်တို့ ဇနီးမောင်နှံအတွက်တော့ တန်ဖိုးကြီးမားသော ရှာဖွေတွေ့ရှိမှုကြီးပင်။ ယခင်က ဝယ်ထားပြီး မသုံးလိုက်ရဘဲ လေလွင့်သွားတတ်သဖြင့် များများ ဝယ်မထားရဲသမျှ ယခုတော့ စိတ်ချလက်ချ ဝယ်ဖြစ်ပြီ။ သံပရာသီးအတွက်နဲ့ဖြင့် စိတ်မပူရတော့ပြီ။

သံပရာသီးနှင့် ပတ်သက်၍ ပြုံးစရာလေးကြုံဖူးတာ ပြောရဦးမည်။ ကိုဖိုးအောင်တို့ လူပျိုဘဝဆီဆိုင်မြို့လေးတွင် တာဝန်ကျစဉ်က ဖြစ်သည်။ ဝန်ထမ်းအိမ်ရာထဲတွင် မုန့်ဟင်းခါးနှင့် အသုပ်စုံဆိုင်လေးတစ်ဆိုင်ရှိသည်။ ထုံးစံအတိုင်း နံနက်ဘက်တန်းစီချိန် မတိုင်မီတွင် လူကျသည်။ ဈေးနှုန်းသင့်လက်ရာကောင်းဆိုတော့ အားပေးသူများသည်။

"သံပရာသီးလေး တစ်စိတ်လောက် လုပ်ပါအုံး"

ကိုဖိုးအောင်သူငယ်ချင်း ကိုမြတ်သူက နှစ်ကြိမ်မြောက် တောင်းသည်။ ဟုတ်လည်း ဟုတ်သည်။ ချပေးထားသော ကြွေပန်းကန်အသေးလေးထဲတွင် နံနံပင်နှင့် ငရုတ်သီးလှော်မှုန့်သာ ရှိသည်။ သံပရာသီးစိတ်မူကား မရှိ။ မုန့်ဟင်းခါးဟင်းရည် ဆိုတာကလည်း သံပရာသီးလေးတော့ ညှစ်ထည့်လိုက်ရမှ ချင်ခြင်းပြေရသည့် သဘောရှိ၏။

"သံပရာသီးလေး လုပ်ပါအုံးဗျ"

ကိုမြတ်သူကလည်း ဇွဲမလျှော့။ သုံးကြိမ်မြောက်ထပ်တောင်းသည်။ ဆိုင်ရှင် အဒေါ်ကြီးလည်း ကိုမြတ်သူကို အားနာသွားရှာသည် ထင်၏။ ဟင်းရည်လိုက်ပွဲတစ်ပန်းကန် လာချပေးသည်။

"ဟင်းရည် မဟုတ်ဘူး အဒေါ်ရဲ့။ ကျွန်တော်က သံပရာသီး လိုချင်တာ"

"ဟုတ်ပါပြီ ကိုမြတ်သူရယ်။ မုန့်ဟင်းခါးသာ နောက်တစ်ပွဲထပ်စားပါတော့။ သံပရာသီးဖြင့် မတောင်းပါနဲ့"

နောက်မှ ပြန်သိရသည်ကား မုန့်ဟင်းခါးတစ်ပွဲက သုံးရာ။ သံပရာသီးဈေးနှုန်းက သုံးလုံး တစ်ထောင်ဆိုသည်ကိုး။ လူပျိုလူလွတ်များ ရိပ်သာက ချက်ကျွေးတာစားပြီး ဈေးနှုန်းဈေးသုံးလည်း မသိပါဘဲ သုံးရာတန် မုန့်ဟင်းခါးတစ်ပွဲမှာစားပြီး သုံးရာ့ငါးဆယ်တန် သံပရာသီး အဆစ်တောင်းနေကြသည့် ဖြစ်အင်။

သို့ဖြင့် သံပရာသီးဇိုကာချဲ့နေပုံထောက်တော့ အတော်အရေးကြီးသည့် အကြောင်းအရာနှင့်များ ဆက်စပ်နေလို့လား၊ တွေးမိကောင်း တွေးမိကြပေလိမ့်မည်။ သည်လောက်ကြီးလည်း မဟုတ်ပေါင်။ သူနှင့်ဆက်စပ်ပြီးပြောစရာဆိုလို့ ဆိတ်သားအကြောင်းသာရှိသည်။

(၂)

ကိုဖိုးအောင်တို့ အခုတာဝန်ကျသည့် မြို့ကဆိတ်သား အလွန်ရှား၏။ တစ်ပတ်လျှင် ဗုဒ္ဓဟူးနှင့် တနင်္ဂနွေ နှစ်ရက်သာရသည်။ ဒါတောင် နံနက် ၈ နာရီလောက်ဆိုလျှင် ကုန်ပြီ။ တစ်ခါတစ်ခါကျတော့လည်း တစ်ရက်မှမရဘဲ အပတ်ကျော်သွားတာမျိုး ရှိတတ်ပါ၏။ ဖုန်းဆက်ပြီး ကြိုမှာထားလျှင်တော့ ချန်ထားပေးတတ်သည်။

မမယ်ရွှေကား ဖုန်းဆက်မှာပါဆိုတာတောင် နံနက်မှသာ မှာသည်။ ညက ကြိုမှာလျှင် အသားမပေါ်ရသေးပါက ကိုယ့်ပယောဂကြောင့် ဖြစ်မည် စိုးရှာသည် ထင်ပါ၏။ သည်လောက်ရှားနေပုံထောက်တော့ ထုံးစံအတိုင်း ဈေးကကြီးသည်ပေါ့။ ဈေးကြီးသော်လည်း မတတ်နိုင်။ ကိုဖိုးအောင်နှင့် မမယ်ရွှေတို့၏ ချစ်လှစွာသောသားကလေး မောင်သုတက ဆိတ်သားကလေးနှင့်ခွံ့ပါမှ ထမင်းပိုဝင် စိတ်ပိုရွှင်သည်။ သည်တော့လည်း ဖေဖေကြီးနှင့် မေမေကြီးမှာ ဗုဒ္ဓဟူးနှင့် တနင်္ဂနွေဆိုလျှင် ဘာအကြောင်းနှင့်မှ မနေရဲ။ နံနက်စောစော ဦးတဲ့သူက ဈေးကို လုံးနေအောင် ပြေးရသည်။

ဆိတ်သားကား အသားတကာ့ အသားထဲတွင် သန့်ရှင်းမှု၌ ထိပ်ခေါင်တင်သည်ဆိုလျှင် ညှီသည့်နေရာတွင်လည်း ဘုရင်တင်လောက်ပေသည်။ အညှီမစင်လျှင် မည်မျှလက်ရာကောင်းကောင်း စားလို့အဆင်ပြေလှသည် မဟုတ်ချေ။

ဆရာကြီးရွှေဥဒေါင်းက ခေါင်းကြီးတစ်ပုဒ်ထဲတွင် "သို့ဖြစ်လေရာ" တစ်ကြိမ်ထက် ပိုသုံးထားပါက သူ၏ဝါကျလက်သမားကျောင်းမှ အောင်လက်မှတ်ရလိမ့်မည်မဟုတ်ဟု ဆိုထားလေ၏။ ထိုနည်းတူ ဆိတ်သားကို မညှီမှ စင်ကြယ်အောင်မဆေးကြောတတ်ပါမူ ကိုဖိုးအောင်၏ မီးဖိုချောင်စာမေးပွဲမှ အောင်စာရင်းထည့်လိမ့်မည် မဟုတ်ချေ။

ထို့ကြောင့်ပေလော မပြောတတ်။ မမယ်ရွှေကလည်း ဆိတ်သားကိုင်သည့်နေရာတွင် အလွန်တော်၏။ ချက်ပြီးမှ ဟင်းခတ်အမွှေးအကြိုင်များဖြင့် နိုင်နိုင်ဖုံးအုပ်သည်ထက် မချက်ခင်ကတည်းက အနံ့အသက်စင်အောင် ပြုမူရာတွင် စံထားလောက်၏။ သူ့တွင် နည်းစနစ်ရှိ၏။

ပထမ ရေဖွားဖွားဖြင့် နှစ်ကြိမ်လောက် ဖောဖောသီသီ ဆေးချပစ်လိုက်သည်။ ပြီးလျှင် ဆားကြမ်းနှင့် ခပ်ကြမ်းကြမ်း ပွတ်နယ်ပြီး နှစ်ကြိမ်လောက် ရေထပ်ဆေးသည်။ သို့ပြီးလျှင်ကား ကိုဖိုးအောင် အထက်တွင်ဆိုခဲ့သည့်အတိုင်း သံပရာသီးကဏ္ဍ ပါလာပါလေပြီ။

အနီဆိတ်သားကို သံပရာသီးညှစ်ထည့်ပြီး ထပ်နယ်၊ ရေစင်အောင်ထပ်ဆေး လုပ်ပြန်ပါသည်။ ဆိတ်သားတွင်ရှိသည့် အညှီနံ့မှုမက တော်ရုံအကျိအချွဲစင်ပါပေသည်။ သံပရာသီး၏ ဓာတ်တစ်မျိုးမှာ အတော် "တာ" သွားပါ၏။ ပျော့သောအသားကိုပင်လျှင် တောင့်တင်းသွားစေ၏။ သူ့တွင် စေးခြင်း၊ ပေါင်းစည်းခြင်း သဘောတစ်ခုလည်းရှိဟန်တူ၏။

(၃)

"မယ်ရွှေ၊ သံပရာသီးတွေရောဟ"

ကိုဖိုးအောင် အလန့်တကြားမေးသဖြင့် မမယ်ရွှေ မီးဖိုခန်းထဲက ခေါင်းပြူကြည့်သည်။ လက်ထဲတွင် နယ်လက်စ အသားပန်းကန်တန်းလန်း။

"ဘယ်လိုဖြစ်နေတာလဲ ကိုဖိုးအောင်ရဲ့။ ဆိတ်သားနယ်ထားတယ်လေ"

"ဆိတ်သားနယ်တာလဲ နယ်တာပေါ့ဟာ။ မနေ့ကပဲ နှစ်လုံးကျန်သေးတယ်။ အခုက တစ်လုံးမှ မကျန်တော့ဘူး။ ငါက ကြက်သွန်ချဉ်လေး လုပ်မလားလို့"

"မတတ်နိုင်ဘူးတော်ရေ။ အညှီက ဘယ်လိုမှကို မပျောက်နိုင်လို့ သုံးလိုက်ရတယ်။ နို့မို့ ကလေးလဲ စားနိုင်မယ် မထင်ဘူး"

မမယ်ရွှေ ပြေရာပြေကြောင်း ပြောရှာပါသည်။ သို့သော်လည်း လွန်လေပြီးမှဖြင့် ဘာလုပ်လို့ရပါမည်နည်း။

သည်နံနက် ဆိတ်သားရောက်မလာခင်ထိတော့ ကိုဖိုးအောင်တို့အိမ်တွင် သံပရာသီးက ရှားပါးကန့်သတ်ကုန် ဖြစ်နေဆဲအဆင့်မှာပင် ရှိသေး၏။ ဆိတ်သား ရောက်လာပြီးနောက် အဆင့်လျှောကျသွား၏။ ဆိတ်သားအတွက် လိုအပ်သည်ဆိုတော့ ကောက်ကာငင်ကာ သူက တန်ဖိုးကျသွားရသည်။

ယခင်ကတော့ တစ်စိတ်တလေကျန်လျှင်ပင် ပလတ်စတစ်အပါးစလေးများနှင့် လုံအောင်ထုပ်ပြီး တယုတယပြန်သိမ်းရသည်။ ပစ်ရက်စရာ မရှိ၊ လိုတာလေး ပြန်သုံးလို့ရသည်ကိုး။

ဟော ဆိတ်သားက အညှီနံ့ကောင်းကောင်း မပျောက်၊ သံပရာသီးမှ လိုအပ်လာပြီဆိုပြန်တော့ တစ်လုံးဆိုလည်း သုံးရသည်။ နှစ်လုံးဆိုလည်း သုံးလိုက်ရသည်။ အတုံ့အဆိုင်း မရှိစေရ။

ကိုဖိုးအောင် သံပရာသီးပျောက် ရှာပုံတော်ဖွင့်

စာမျက်နှာ ၂၅ သို့ ➤

# စစ်ကိုင်းမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ပဲတီစိမ်း ၂၄၃၃ ကေထိ စိုက်ပျိုးပြီးစီးပြီဖြစ်



**စစ်ကိုင်း ဇူလိုင် ၁၂**

စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းခရိုင် စစ်ကိုင်းမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ပဲတီစိမ်း ၂၄၃၃ ကေထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း စစ်ကိုင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

စစ်ကိုင်းမြို့နယ်တွင် မိုးသီးနှံစိုက်ပျိုးရာသီ၌ မိုးကြိုပဲတီစိမ်း ၃၅၄ ကေနှင့် မိုးပဲတီစိမ်း ၄၅၁၉၄ ကေစိုက်ပျိုးရန် လျာထားပြီး ယခုနှစ် မေလမှစတင် စိုက်ပျိုးခဲ့ရာ ယနေ့ထိ မိုးကြိုပဲတီစိမ်း၃၂၁ ကေနှင့် မိုးပဲတီစိမ်း ၂၁၁၂ ကေ စုစုပေါင်း ၂၄၃၃ ကေထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"စစ်ကိုင်းမြို့နယ်မှာ ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီက မိုးကြိုပဲတီစိမ်းနဲ့ မိုးပဲတီစိမ်း ၄၅၅၄၈ ကေထိ စိုက်ပျိုးဖို့အတွက် လျာထားပါတယ်။ ဒီနေ့ထိ ၂၄၃၃ ကေစိုက်ပျိုးပြီးပါပြီ။ လျာထားချက် ကေပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့အတွက် ဆောင်ရွက်နေပါတယ်။ ပဲတီစိမ်းစိုက်ပျိုးမှုနဲ့ ပတ်သက်ပြီး တိုးချဲ့စိုက်ပျိုးဖို့နဲ့ အထွက်နှုန်းကောင်းမွန်ဖို့အတွက် မျိုးကောင်းမျိုးသန့်တွေသုံးစွဲဖို့ ပညာပေးတာတွေ လုပ်ဆောင်နေပါတယ်"ဟုစစ်ကိုင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဇော်ဦးက ပြောပြသည်။

စစ်ကိုင်းမြို့နယ်တွင် ယခုနှစ် ပဲတီစိမ်းစိုက်တောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက ဒေသနှင့် ကိုက်ညီသည့် မျိုးကောင်းမျိုးသန့်ရရှိရေး၊ စိုက်နည်းစနစ်မှန်ကန်ရေး၊ ပိုးမွှားကျရောက်မှု ကင်းရှင်းရေး၊ ဓာတ်မြေဩဇာစနစ်တကျသုံးစွဲရေး၊ အထွက်နှုန်းကောင်းမွန်ရေးတို့ကို အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း စစ်ကိုင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဇော်ဦးထံမှ သိရသည်။

(၂၀၆)

# သနပ်ပင်မြို့နယ် ရေကျော်(မြောက်)ကျေးရွာ၌ ကွန်ကရစ်လမ်းခင်းခြင်းဆောင်ရွက်နေမှု စစ်ဆေး

**သနပ်ပင် ဇူလိုင် ၁၂**

ပဲခူးတိုင်းဒေသကြီး ပဲခူးခရိုင် သနပ်ပင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ရေကျော်(မြောက်)ကျေးရွာ၌ ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း(VDP) ရန်ပုံငွေဖြင့်ဆောင်ရွက်သော ကျေးရွာတွင်းကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှု အခြေအနေများကို ဇူလိုင် ၁၁ ရက် နံနက်ပိုင်းက မြို့နယ်ကျေးလက် ဦးစီးဌာနမှ တာဝန်ရှိသူများ ကွင်းဆင်း စစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် သနပ်ပင်မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ကေသီထွန်း၊ VDP စီမံကိန်းတာဝန်ခံတို့နှင့်အတူ ရေကျော်(မြောက်)ကျေးရွာ၌ ကျေးရွာတွင်းကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးခဲ့ပြီး မြို့နယ်ဦးစီးမှူးက လုပ်ငန်းများ သတ်မှတ်ကာလအတွင်း အရည်အသွေးပြည့်မီအောင် ဆောင်ရွက်ကြရန် ဆွေးနွေး မှာကြားခဲ့ကြောင်း သိရသည်။

ရေကျော်(မြောက်)ကျေးရွာ၌ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP)ကို စီမံကိန်းထောက်ပံ့ရန်ပုံငွေကျပ်သိန်း ၁၅၀ဖြင့် အလျား ပေ ၄၀၀၊ အနံ ၁၂ ပေနှင့် အမြင့် ခြောက်လက်မရှိ ကျေးရွာတွင်း ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းများကို ဦးစီးဌာနဝန်ထမ်းများ၏ နည်းပညာပံ့ပိုးကူညီမှုဖြင့် ကျေးရွာနေပြည်သူများကိုယ်တိုင် ဇွန်လ စတုတ္ထပတ်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ ၇၅ ရာခိုင်နှုန်းပြီးစီးပြီဖြစ်ကြောင်း၊ အဆိုပါလုပ်ငန်းများ ရာနှုန်းပြည့်ပြီးစီးပါက ကျေးရွာရှိ အိမ်ခြေ ၈၉ အိမ်ရှိ လူဦးရေ ၅၀၄ ဦးတို့အတွက် လမ်းပန်းဆက်သွယ်ရေး လွယ်ကူလျင်မြန်လာမည် ဖြစ်ကြောင်း သနပ်ပင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ကေသီထွန်းထံမှ သိရသည်။

**သက်မာ**



➤ စာမျက်နှာ ၂၄ မှအဆက်

ရင်းက အတွေးနယ်ချဲ့နေသည်။ သူတို့ဘဝတွေကရော ဘာထူးလို့လဲ။ ပုံမှန်အားဖြင့်တော့ သံပရာသီးလေးလို အသုံးပဲတည့်သလိုလိုဘာလိုလို၊ သူတို့ရှိလို့ပဲ ဟိုဟိုသည်သည်လေး လုပ်လို့ကိုင်လို့အဆင်ပြေနေသလိုလို။ အမယ် တစ်ခါတစ်ခါ လက်ကျန်သံပရာသီး စိတ်ကလေးကို နှမြောစနိုးနဲ့ သိမ်းထားတတ်သလို သူတို့ကို ပြုမူဆက်ဆံတတ်ပါသေးရဲ့။

ဗြုန်းဆို ဆိတ်သားရောက်လာတဲ့အခြေအနေမျိုးကျပြန်တော့လည်း သူတို့ဆိုတာ ဘာမှမဟုတ်ပြန်တော့။ တစ်လုံးနှင့်မရလျှင် နှစ်လုံးအညှစ်ခံရမည်။ နှစ်လုံးနှင့်မှမရသေးလျှင် ရှိသမျှအကုန်အညှစ်ခံကြရမည်။ အဓိကက ဆိတ်သားမနံ့ဖို့လိုသည်။

သံပရာသီးသည် အသုံးဝင်တန်ဖိုးကြီးမားတာမှန်၏။ သို့သော် သူ့အပေါ် လေးနက်မှုအနေအထားကျ နောက်ထပ် ဆိတ်သားရောက်လာမလာ အခြေအနေနှင့် သွားဆက်စပ်နေ၏။

ဘာပဲပြောပြော ဆိတ်သားဆိုတာမျိုးက ကိုယ်တွေအနေအထားနှင့် အမြဲရှိနေတတ်တာ မဟုတ်။ သံပရာသီးလေး မပြတ်ဆောင်ထားခြင်းကသာ အရေးဟယ် အကြောင်းဟယ် ကိုဖိုးအောင်တို့ကို ထမင်းစားမြိန်စေမှာဖြစ်သည်။

"ဆိတ်သားကလဲ အညှီနံ့ ပျောက်ကိုမပျောက်နိုင်ဘူး၊ သံပရာသီးလေးများ ရနိုင်သေးရင် လိုချင်ပါရဲ့"

မီးဖိုခန်းထဲက မမယ်ရွှေအသံကို ကြားဖြစ်အောင် ကြားလိုက်ရသေးသည်။

သည်ဝတ္ထုကို ရေးရာတွင် ကိုဖိုးအောင် မျက်နှာလိုက်သည်ဟုဆိုလျှင် ငြင်းရမှာ ခပ်ခက်ခက်။ ခေါင်းစဉ်ကအစ တွေးစရာ ဖြစ်နေသည်ကိုး။

ဆိတ်သားနှင့် သံပရာသီးအကြောင်းကို ရေးတာချင်းအတူတူ သံပရာသီးနှင့်ဆိတ်သားဟု ခေါင်းစဉ်ပေးလည်း ရပါလျက် ဘာကြောင့်များ ဆိတ်သားနှင့် သံပရာသီးဟု ခေါင်းစဉ်တပ်လိုက်ပါလိမ့်။

## ကောက်စိုက်ချိန်ခါ ပျော်စရာ

\- ကောက်စိုက်ချိန် ဖော်သဟာပေါင်းနှင့်
ပျော်စရာကောင်း လယ်ကွင်းပြင်၊
လင်းကြက်တွေ တွန်သံကြားတော့
သွားကြပြင်ဆင်၊
ဝသန်ကာလ ရာသီခွင်
စိုက်ကာပင် မိုးစပါး၊
ကောက်ပင်ပျို စိမ်းမြမြ
ယိမ်းကထင်မှား။

\- ကွင်းပြင်မှာ တေးသံများက
အဝေးထံပါးမှ ကြားရပြန်၊
သံပြိုင်ဆို မငြီးတွားလို့
စည်းဝါးအမှန်၊
လုံမပျိုတို့ သီချင်းသံ
ကွင်းလုံးလျှံ သံပြိုင်ကြား၊
ကန်သင်းမှာ လက်စုံထမင်းပွဲ
ဖက်ခင်းကာစား။

\- ညနေချိန် ကောက်ပင်ကြား
တေးသံများလည်း မဆိုနိုင်၊
အိမ်ပြန်ချိန် အပြုံးမဖက်
ကုန်းတက်ကာထိုင်၊
တမန်းပြင်ထဲ ခွေယိုင်ယိုင်
အလှမမက်နိုင် တောသူများ၊
ဘဝဝမ်းစာ
ခဏပန်းရှာ နေ့စဉ်အရေးကိုဖြင့်
စိတ်မှာတွေး အဖော်တစ်သိုက်ရယ်နှင့်
ပျော်ပိုက်စွာ သည်ကာလ
စိုက်ကြစပါး။ ။

**ပန်းမာလာ**

# ဝါးခယ်မမြို့နယ် သံဒင်းကျေးရွာ၌ ကျေးရွာမတည်ရန်ပုံငွေစီမံကိန်း ရန်ပုံငွေထုတ်ချေး

**ဝါးခယ်မ ဇူလိုင် ၁၂**

ဧရာဝတီတိုင်းဒေသကြီး မြောင်းမြခရိုင် ဝါးခယ်မမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက သံဒင်းကျေးရွာ၌ ပဉ္စမအကြိမ် ကျေးရွာမတည် ရန်ပုံငွေစီမံကိန်း(VRFP) ရန်ပုံငွေ ထုတ်ချေးပေးခြင်းကို ဇူလိုင် ၁၁ ရက်တွင် အဆိုပါကျေးရွာ ဘုန်းတော်ကြီးကျောင်း၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ဝါးခယ်မမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ် ဦးစီးမှူးဦးနေဇော်ထက် နှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများက ကျေးရွာမတည်ရန်ပုံငွေစီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်ရခြင်း၏ ရည်ရွယ်ချက်များ၊ ရရှိလာမည့် အကျိုးကျေးဇူးများ၊ စီမံကိန်းလက်စွဲစာစောင်ပါ စည်းမျဉ်း စည်းကမ်းများ၊ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဥပဒေ၊ နည်းဥဒေများနှင့် ကျေးလက်နေပြည်သူများ၏ တာဝန်နှင့်ရပိုင်ခွင့်များကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ကျေးရွာမတည်ရန်ပုံငွေစီမံကိန်းတာဝန်ခံဝန်ထမ်းများက စီမံကိန်းစက်ဝန်းကာလ သတ်မှတ်ချက်များ၊ အတိုးနှုန်း သတ်မှတ်ချက်များ၊ စည်းမျဉ်း စည်းကမ်းများကို ရှင်းလင်းပြောကြားပြီး မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များထံ စီမံကိန်းရန်ပုံ ငွေကျပ်၂၄ ဒသမ ၇ သန်းကို လွှဲပြောင်းပေးအပ်သည်။

ထို့နောက် ကျေးရွာမတည်ရန်ပုံငွေစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များက သံဒင်းကျေးရွာရှိ စိုက်ပျိုးရေး၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ အသင်း သူ၊ အသင်းသား စုစုပေါင်း ၄၈ ဦး ကို ငွေကျပ် ၂၄ ဒသမ ၇သန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**သံသာ**

# အများအကျိုးအတွက် စွန့်လွှတ်ဝံ့သူများဖြစ်ပါစေ

လင်းလက်

**အကျိုးရှိရှိအသုံးချဖို့လို**

ကုန်ဆုံးတတ်သောအရာများတွင် အချိန်သည်လည်းတစ်ခုအပါအဝင် ဖြစ်သည်။ ဘဝဆိုသည်မှာ အချိန်များကို စုစည်းဖွဲ့စည်းထားသောအရာပင်ဖြစ်သဖြင့် ပျိုမျစ်နုနယ်သည့် အချိန်ကာလကိုပိုင်ဆိုင်ထားသည့် လူငယ်များသည် အချိန်ရှိခိုက်တွင် အသိပညာ၊ အတတ်ပညာများကို ကြိုးစားလေ့လာသင့်သည်။ "အချိန်နှင့်ဒီရေသည် လူကိုမစောင့်"ဆိုသည့်စကားနှင့်အညီ လူငယ်ဘဝအချိန်ကာလကုန်ဆုံးကာ လူ့သဘာဝအရ လောက၏တာဝန်များကို ပခုံးပြောင်းထမ်းဆောင်ရသည့်အခါတွင် မှန်ကန်တည့်မတ်စွာထမ်းဆောင်နိုင်ရန်လိုအပ်သည်။ ငယ်စဉ်ကတည်းက အများအကျိုးကို ဦးစားပေးဆောင်ရွက်လိုသည့်စိတ်၊ အများအကျိုးအတွက် စွန့်လွှတ်စွန့်စားလိုသည့်စိတ်ဓာတ်များ ကိန်းအောင်းနေရန်လည်း ကြိုးစားရန်လိုအပ်သည်။

"ကြိုတင်ပြင်ဆင်အောင်ပွဲဝင်"ဆိုသည့် စကားနှင့်အညီလူငယ်ဘဝတွင် လောကနီတိ၊ ပြည်သူ့နီတိ၊ လူမှုကျင့်ဝတ်စသည့်အရာများကို လေးစားလိုက်နာ၍ ကြီးပြင်းလာသောလူငယ်များသည် ခေါင်းဆောင်ဘဝကိုရောက်ကြသည့်အခါ အမှားအမှန်၊ အကောင်းအဆိုး၊ အကြောင်းအကျိုးကို ပိုင်းခြားကာ တွေးတောဆင်ခြင်၍ မှန်ကန်တည့်မတ်စွာ ဆောင်ရွက်နိုင်သည့် ဉာဏ်ပညာနှင့် ပြည့်စုံသောခေါင်းဆောင်ကောင်းများဖြစ်လာမည်ဖြစ်သည်။ လူမှုပတ်ဝန်းကျင် ကိုအဆိပ်သင့်စေနိုင်သည့် အတ္တစိတ်များကို ကင်းနိုင်သမျှကင်းအောင် ကြိုးစား၍ လူမှုပတ်ဝန်းကျင်၏ လိုအပ်ချက်များကို တတ်နိုင်သမျှ ကြိုးစားဖြည့်တင်းပေးမည့်လုပ်ရပ်များဖြင့် ရှင်သန်နိုင်ရန် ကြိုးစားဆောင်ရွက်သင့်သည်။

**ကြိုတင်ဖြည့်ဆည်းထားသင့်**

ခမာ - သည်းခံခြင်း၊ ဇာဂရိယာ - နိုးကြားခြင်း၊ ဥဋ္ဌာန - ထကြွလုံ့လရှိခြင်း၊ သံဝိဘာဂ - ခွဲခြမ်းဝေဖန်ခြင်း၊ ဒယာ - သနားကြင်နာခြင်း၊ ဣက္ခဏ-မြော်မြင်ဆင်ခြင်ခြင်း စသည့်ဂုဏ်အင်္ဂါရပ်တို့သည် အကြီးအမှူးပြုသူတို့ ရှိအပ်သောအရာများဖြစ်သကဲ့သို့ အနာဂတ်ခေါင်းဆောင်များဖြစ်သည့် လူငယ်များက ကြိုတင်ဖြည့်ဆည်းထားသင့်သည့် အရာများပင်ဖြစ်သည်။ မိမိကျင်လည်ရာပတ်ဝန်းကျင်တွင် အခြားသူများ၏အကျိုးစီးပွားကို အစဉ်အမြဲအလေးထားဆောင်ရွက်တတ်သူ၊ အများအကျိုးကိုထိခိုက်စေမည့် လုပ်ရပ်များကိုရှောင်ရှားတတ်သူ၊ အရာရာကိုဆင်ခြင်တုံတရားအပြည့်ဖြင့် ဆောင်ရွက်တတ်သူ၊ ကိုယ်ကျိုးမငဲ့ကွက်ဘဲ အများအကျိုးအတွက် ဆောင်ရွက်တတ်သူ စသည့်အရည်အချင်းများဖြင့် ပြည့်စုံသူများကို လူမှုပတ်ဝန်းကျင်ရှိ လူအားလုံးက ချစ်ခင်လေးစားတတ်သည်။ လူငယ်များအနေဖြင့် ထိုကဲ့သို့သောစိတ်ဓာတ်များရှိရန်အတွက် ငယ်စဉ်ကတည်းက ကြိုးစားနေထိုင်သင့်သည်။

လူငယ်များသည် အချိန်တန်အရွယ်ရောက်သည့်အခါ သက်ဆိုင်ရာနယ်ပယ်အသီးသီးသို့ ဝင်ရောက်ကာ နိုင်ငံတော်နှင့် ပြည်သူအကျိုးကို သယ်ပိုးကြရမည်မှာ မြေကြီးလက်ခတ်မလွဲပင်ဖြစ်သည်။ ကိုယ်တိုင်ဦးဆောင်ဦးရွက်ပြုရသည့်အရွယ်သို့ ရောက်ကြသည့်အခါ မိမိဦးဆောင်ရသည့် အဖွဲ့အစည်းကို မှန်ကန်သည့်လမ်းကြောင်းပေါ်သို့ ရောက်ရှိသွားနိုင်ရန်နှင့် မိမိအဖွဲ့အစည်းအတွင်းရှိလူများကိုပါ မှန်ကန်သော ဦးဆောင်မှုဖြင့် ဦးဆောင်နိုင်သည့် ခေါင်းဆောင်ကောင်းတစ်ဦးဖြစ်စေရေး ကြိုးစားဆောင်ရွက်ရမည်ဖြစ်သည်။ ရိုးသားမှုကို အရင်းတည်၍ ကြိုးစားအားထုတ်မှုဖြင့် ပေါင်းစပ်ကာ ဦးဆောင်ဦးရွက်ပြုတတ်သည့် လူငယ်များသည် ဘဝနယ်ပယ်သို့ အမှန်တကယ် လျှောက်လှမ်းကြသည့်အချိန်တွင် အောင်မြင်မှုကို လွယ်လင့်တကူဖန်တီးရယူနိုင်မည်ဖြစ်သည်။

**ပေးဆပ်တတ်သူဖြစ်ပါစေ**

ခေါင်းဆောင်ဆိုသည်မှာ အကြီးအမှူးပြုသူ၊ ဦးဆောင်သူ၊ ရှေ့ဆောင်ရှေ့ရွက်ပြုသူဟုဆိုနိုင်ပြီး "ခေါင်းဆောင်မှု"ဆိုသည်မှာ "မိမိဦးဆောင် ရသည့်ဌာန၊ အဖွဲ့အစည်းအတွင်းရှိ လူပုဂ္ဂိုလ်များကိုစည်းရုံးဆွဲဆောင်၍ လိုရာပန်းတိုင်ရောက်ရှိရေး ဆောင်ရွက်သည့်ပညာ"ဟု ဆိုနိုင်ပါသည်။ အဖွဲ့အစည်းတစ်ခုတွင် မိမိကဦးဆောင်ရသည်ဖြစ်စေ၊ နောက်လိုက်အနေဖြင့် ပါဝင်ဆောင်ရွက်ရသည်ဖြစ်စေ အဖွဲ့အစည်းအတွင်းရှိ ပါဝင်သူများက မိမိအပေါ်တွင် လေးစားအားကျ အတုယူနိုင်ရေးအတွက် ကိုယ်တိုင်က ပေးဆပ်တတ်သည့် စိတ်ဓာတ်ဖြင့် ရပ်တည်နိုင်ရန်လိုအပ်သည်။ အရာရာကို စွန့်လွှတ်အနစ်နာခံတတ်သည့် စိတ်ဓာတ်ရှိသူများ၏ ရပ်တည်မှုသည် ရှင်သန်ရာပတ်ဝန်းကျင်ရှိလူအများ၏ ယုံကြည်ကိုးစားမှုကို သိမ်းပိုက်ရယူနိုင်စွမ်းရှိသဖြင့် အများအတွက် ပေးဆပ်တတ်သည့်စိတ်ဓာတ်ဖြင့် ရိုးသားဖြောင့်မတ်စွာရပ်တည်ကြရန်သာဖြစ်သည်။

❖ လူငယ်များသည် အချိန်တန်အရွယ်ရောက်သည့်အခါ သက်ဆိုင်ရာနယ်ပယ်အသီးသီးသို့ဝင်ရောက်ကာ နိုင်ငံတော်နှင့် ပြည်သူအကျိုးကို သယ်ပိုးကြရမည်မှာ မြေကြီးလက်ခတ်မလွဲပင်ဖြစ်သည်။ ကိုယ်တိုင်ဦးဆောင်ဦးရွက်ပြုရသည့် အရွယ်သို့ရောက်ကြသည့်အခါ မိမိဦးဆောင်ရသည့် အဖွဲ့အစည်းကို မှန်ကန်သည့် လမ်းကြောင်းပေါ်သို့ရောက်ရှိသွားနိုင်ရန်နှင့် မိမိအဖွဲ့အစည်းအတွင်းရှိ လူများကိုပါ မှန်ကန်သော ဦးဆောင်မှုဖြင့် ဦးဆောင်နိုင်သည့် ခေါင်းဆောင်ကောင်းတစ်ဦးဖြစ်စေရေး ကြိုးစားဆောင်ရွက်ရမည် ဖြစ်သည်။ ❖

လူငယ်များသည် အချိန်တန်အရွယ်ရောက်သည့်အခါ ဘဝ၏အရေးသုံးပါးဖြစ်သည့် စား၊ ဝတ်၊ နေရေးကို ရင်ဆိုင်ဖြေရှင်းနိုင်ရန်အတွက် အသက်မွေးဝမ်းကျောင်းအလုပ်တစ်ခုကို မဖြစ်မနေလုပ်ကိုင်ရမည်ဖြစ်သည်။ မည်သည့်အလုပ်ကို လုပ်ကိုင်ရသည်ဖြစ်စေ မည်သည့်နယ်ပယ်တွင်ခေါင်းဆောင်နေရသည်ဖြစ်စေ ယေဘုယျအားဖြင့် ခေါင်းဆောင်တစ်ယောက်အနေဖြင့် ရှိသင့်ရှိထိုက်သည့် အရည်အချင်းများနှင့်ပြည့်စုံရန်လိုအပ်သည်။ လုပ်ငန်းခွင်အတွင်းတွင်ဖြစ်စေ လူမှုပတ်ဝန်းကျင်တွင် ကျင်လည်သည့်အခါတွင်ဖြစ်စေ မိမိ၏ကိုယ်ကျိုးထက် အများအကျိုးကို ဦးစားပေးတတ်သည့်စိတ်ဓာတ်ဖြင့် ရပ်တည်ကြရန်လိုအပ်သည်။ သနားကြင်နာတတ်ပြီး လိုအပ်သည့်အခါ ကိုယ်တိုင်အနစ်နာခံ၍ ရဲရဲဝံ့ဝံ့ဆောင်ရွက်တတ်သည့် စိတ်ဓာတ်သည် လူငယ်တိုင်းအတွက် ငယ်စဉ်ဘဝကတည်းက ဖြည့်ဆည်းထားအပ်သော စိတ်ဓာတ်ပင်ဖြစ်သည်။

ဘဝအတွက် ကြိုးစားရပ်တည်ကြရာတွင် မိမိအတွက်ဆိုသည့် အတ္တစိတ်ဓာတ်များကမထင်မှတ်ဘဲ လွှမ်းမိုးနေတတ်သည်။ ထိုအတ္တစိတ်သည် မိမိ၏လုပ်ဆောင်မှုများကို လမ်းမှားသို့ရောက်ရှိသွားစေတတ်သကဲ့သို့ အများအကျိုးကို ထိခိုက်စေတတ်သည့်လုပ်ရပ်မျိုးအထိပါ ကျူးလွန်စေတတ်သဖြင့် သတိပြုဆင်ခြင်အပ်သည်။ မိမိအောင်မြင်မှုအတွက် ကြိုးစားရန်မှာ လူတိုင်း၏တာဝန်ပင်ဖြစ်သည်ဟုဆိုနိုင်သော်လည်း ကိုယ်ကျိုး အတ္တဟိတနှင့် ပရဟိတ အများအကျိုးတို့ကြား မှန်ကန်မျှတစွာ ရပ်တည်နိုင်ရန်လိုအပ်သည်။ ငယ်ရွယ်စဉ်ကတည်းက အများအကျိုးကိုလိုလားသူ၊ လောဘတရားနည်းပါးသူ၊ အတ္တစိတ်ကင်းသူတို့သည် ကြီးပြင်းလာသည့်အခါ အများအကျိုးထိခိုက်စေမည့် လုပ်ရပ်များကိုရှောင်ရှားတတ်သူများဖြစ်လာမည်ဖြစ်သည်။

**အများအကျိုးအတွက်အသက်ကိုပင်ပေးဝံ့သူ**

ငယ်စဉ်ကတည်းက ကိုယ်ကျိုးနှင့်အများအကျိုးကြား မှန်မှန်ကန်ကန်ဝေဖန်ပိုင်းခြား၍ အများအကျိုးအတွက် ဆောင်ရွက်လိုသည့်စိတ်ရှိမှသာ မိမိကျင်လည်ရာ ပတ်ဝန်းကျင်တွင် ကောင်းမွန်စွာရပ်တည်နိုင်မည်ဖြစ်သည်။ မိမိ၏ လက်အောက်ငယ်သားများအတွက် အသက်ကိုပေးအပ်ရဲသည့် ဘုရားလောင်းနိဂြောဓသမင်မင်း၏ စိတ်ဓာတ်သည် အနာဂတ်၏ မျိုးဆက်သစ်တော်ဝင်ပန်းများဟု ခေါ်တွင်အပ်သော လူငယ်များတွင်ရှိအပ်သည်။ ဗာရာဏသီပြည်တွင် ဗြဟ္မဒတ်မင်းကြီးစိုးစံစဉ်အခါက မင်းကြီးသည် သမင်သားအလွန်ကြိုက်သဖြင့် နေ့စဉ်သမင်သားဖြင့် ပွဲတော်တည်လေ့ရှိသည်။ တိုင်းသူပြည်သားများက နေ့စဉ်သမင်ပစ်ခတ်ပေးရသည့် ဒုက္ခမှကင်းဝေးစေရန် တောတွင်းမှသမင်များကို ဥယျာဉ်အတွင်းသို့ မောင်းသွင်းပေးထားပြီးတစ်နေ့တစ်ကောင်အလှည့်ကျသတ်ဖြတ်ကာ မင်းကြီးထံဆက်သပေးရသည်။

သမင်တို့၏ ခေါင်းဆောင်ဖြစ်သည့် ရွှေရောင်အဆင်းရှိသည့် ဘုရားလောင်းနိဂြောဓသမင်မင်း ကို မင်းကြီးကချစ်ခင်နှစ်သက်သဖြင့် ဘေးမဲ့ပေးထားသည်။ ဥယျာဉ်အတွင်းမှနေ့စဉ်အလှည့်ကျအသတ်ခံနေရသည့် သမင်များသည် စိတ်ဓာတ်ကျကာ သေရမည့်အရေးကို စိတ်မချမ်းမသာဖြင့် စောင့်နေကြရသည်။ ထိုအချိန်တွင် အလှည့်ကျ သမင်မတစ်ကောင်သည် ကိုယ်ဝန်အရင့်အမာကိုလွယ်ထားရသဖြင့် ၎င်း၏အလှည့်တွင် အစားဝင်၍ အသတ်ခံပေးပါရန် ကျန်သမင်များကို အသနားခံသော်လည်း ကိုယ်ကျိုးစွန့်ကာ အလှည့်မကျမီ ကြိုတင်အသတ်ခံဝံ့သည့် သမင် မရှိဖြစ်နေသည်။ ထိုအကြောင်းကို ဘုရားလောင်းနိဂြောဓသမင်မင်း သိသည့်အခါ မိမိ၏အသက်ကိုပမာနမထားဘဲ စဉ်းတီတုံးပေါ်တွင် လည်စင်းပေးကာ ကိုယ်ဝန်ဆောင်သမင်မကိုယ်စား မိမိကိုသတ်ရန် ပြောခဲ့သည်။

မင်းကြီးဘေးမဲ့ပေးထားသည့် သမင်မင်းက စဉ်းတီတုံးပေါ်တွင် လည်စင်းနေသည့်အဖြစ်ကို မြင်သည့်အခါ မင်းချင်းများက မသတ်ဝံ့သဖြင့် မင်းကြီးထံအကြောင်းစုံကို လျှောက်တင်ကြသည်။ အကြောင်းစုံသိသည့်အခါ ဘုရားလောင်း နိဂြောဓသမင်မင်း၏ ခေါင်းဆောင်ကောင်းပီသသည့်စိတ်ဓာတ်၊ အသက်ကိုပင်ပမာနမထားဘဲ ကိုယ်ကျိုးစွန့်ဝံ့သည့် စိတ်ဓာတ်တို့ကိုလေးစားသဖြင့် ကိုယ်ဝန်အရင့်အမာရှိသော သမင်မကိုဘေးမဲ့ပေးခဲ့သည်။ ဘုရားလောင်းသမင်မင်းက အလျှုခံသဖြင့် နောက်ဆုံးတွင် ကျန်သောသမင်အားလုံး အပါအဝင် ကုန်းနေ၊ ရေနေသတ္တဝါများကိုပါ မင်းကြီးက ဘေးမဲ့ပေးခဲ့သည်။ စွန့်လွှတ်အနစ်နာခံဝံ့သော စိတ်ဓာတ်ရှိသည့်သူများအတွက် ရရှိသောအောင်မြင်မှုသည် အံ့မခန်းပင်ဖြစ်သဖြင့် လူငယ်များအနေဖြင့် အတုယူအပ်သည်။

**ငယ်စဉ်ကတည်းက ကြိုးစားကြရန်**

မကောင်းမှုဟူသမျှကို ရှောင်ရှားတတ်သူ၊ အများအကျိုးကို ဦးစားပေးဆောင်ရွက်တတ်သူ၊ မှန်ကန်တည့်မတ်စွာဆောင်ရွက်တတ်သူ၊ ဘက်လိုက်မှုကင်းရှင်းသူ၊ ကိုယ်ကျိုးစီးပွားကို အလေးမထားသူ စသည့်စံနှုန်းများဖြင့် ပြည့်နှက်နေသောလူငယ်များဖြစ်လာစေရေး ကြိုးစားသင့်သည်။ ခေါင်းဆောင်မှုဆိုသည်မှာ လုပ်ငန်းခွင်အတွင်းရှိ အရွယ်ရောက်ပြီးသူများနှင့်သာ သက်ဆိုင်သည်မဟုတ်ပေ။ ကျောင်းနေအရွယ်ကလေးဘဝတွင် အတန်းခေါင်းဆောင်၊ အသင်းခေါင်းဆောင်၊ ကော်မတီခေါင်းဆောင်၊ အားကစားအသင်းခေါင်းဆောင် စသည်ဖြင့် ခေါင်းဆောင်မှုပညာကို အသုံးပြုခဲ့ရမည်ဖြစ်သည်။

ကျောင်းနေစဉ်အရွယ်ကတည်းကပင် အဖွဲ့အစည်းစိတ်ဓာတ်ဖြင့် ပူးပေါင်းဆောင်ရွက်လိုသည့်စိတ်ဓာတ်၊ အားနည်းသူများကို ရိုင်းပင်းကူညီလိုသည့်စိတ်ဓာတ်၊ လူမှုပတ်ဝန်းကျင်ကို အကျိုးပြုလိုသည့်စိတ်ဓာတ် စသည့်စိတ်ဓာတ်များဖြင့် ကြီးပြင်းအပ်သောလူငယ်များသည် နိုင်ငံတော်အတွက် အားကိုးထိုက်သော အနာဂတ်မျိုးဆက်သစ်ခေါင်းဆောင်များဖြစ်လာမည် ဖြစ်သည်။ အများအကျိုးနှင့် ကိုယ်ကျိုးတို့ကြား မှန်ကန်သောအသိ၊ ကောင်းမွန်သော စိတ်ဓာတ်တို့ဖြင့် ခွဲခြားတတ်ပြီး လိုအပ်ပါက အများအကျိုးအတွက် စွန့်လွှတ်စွန့်စားဝံ့သည့် စိတ်ဓာတ်များကိုမွေးမြူနိုင်ကြသည့် လူငယ်များအဖြစ်ရပ်တည်ကာ အနာဂတ်နိုင်ငံတော်သာယာလှပရေးအတွက် စွမ်းစွမ်းတမံဆောင်ရွက်ကြမည့် ခေါင်းဆောင်ကောင်းများ ဖြစ်လာစေရေး ကြိုးစားနိုင်ကြပါစေကြောင်း ရည်ရွယ်ရေးသားလိုက်ရပါသည်။

**ကိုးကား**

– ငါးရာ့ငါးဆယ် ဇာတ်နိပါတ်တော်များ၊

ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး အကြိမ်ပြည့်ထိုးနှံမှုခံယူခြင်းနှင့် ထပ်ဆောင်းကာကွယ်ဆေးများထိုးနှံမှုခံယူခြင်းဖြင့် ရောဂါကူးစက်ခံရမှု၊ ရောဂါပြင်းထန်စွာခံစားရမှုနှင့် ရောဂါကြောင့်သေဆုံးရမှုတို့ကို ထိရောက်စွာလျှော့ချနိုင်ပါ၍ ကာကွယ်ဆေးထိုးနှံမှုမပျက်မကွက်ခံယူကြပါရန် တိုက်တွန်းအပ်ပါသည်။

# ပန်းတနော်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇွန်လအတွင်း ရက် ၉၀ စပါးတင်းရေ ၈၅၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့



**ပန်းတနော် ဇူလိုင် ၁၂**

ဧရာဝတီတိုင်းဒေသကြီး ပန်းတနော်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇွန်လအတွင်း ရက် ၉၀ စပါးတင်းရေ ၈၅၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း ပန်းတနော်မြို့နယ် ဆန်စပါးရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ဇာဇာက ပြောပြ၍ သိရသည်။

ပန်းတနော်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ မေလအတွင်းက ရက် ၉၀စပါးတင်းရေ ၆၂၀၀၀ ထိသာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး ဇွန် ၁ ရက်မှ ၃၀ ရက်ထိ တစ်လအတွင်း ရက် ၉၀ စပါးတင်းရေ ၈၅၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း၊ ပန်းတနော်မြို့နယ်မှ ဆန်စပါးရောင်းဝယ်ရေး ပိုင်ရှင်များသည် ဒေသထွက်စပါးများကိုဝယ်ယူပြီး ရန်ကုန်ဈေးကွက်သို့ တင်ပို့ရောင်းချလျက်ရှိကြောင်း သိရသည်။

“ပန်းတနော်မြို့နယ်ကနေ ရန်ကုန်ဈေးကွက်ကို ပြီးခဲ့တဲ့ တစ်လတွင်းမှာ ရက် ၉၀ စပါးအမျိုးအစားတင်းရေ ၈၅၀၀၀ ထိ တင်ပို့ရောင်းချခဲ့ရပါတယ်။ ပန်းတနော်ဘက်ကစပါးနဲ့ဆန်တွေကို ပြည်တွင်းဈေးကွက်က အဝယ်လိုက်နေပါတယ်။ ပန်းတနော်မြို့နယ်ကထွက်တဲ့စပါးတွေကိုဝယ်ယူပြီး ရန်ကုန်ဈေးကွက်ကို တင်ပို့ရောင်းချနေပါတယ်။ လက်ရှိ စပါးဈေးကလဲ အတက်တကျမရှိ ပုံမှန်အခြေအနေမှာရှိနေပါတယ်။ ရန်ကုန်ဈေးကွက်က ဒီလထဲမှာလဲ ပန်းတနော်ဘက်ကစပါးတွေကို အဝယ်လိုက်နေပါတယ်”ဟု ပန်းတနော်မြို့နယ် ဆန်စပါးရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ဇာဇာက ပြောပြသည်။

ပန်းတနော်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ တင်ပို့ရောင်းချခဲ့သည့် ရက် ၉၀ စပါးတင်းရေ ၁၀၀ လျှင် ငွေကျပ် ၂၁ သိန်း ၅ သောင်းထိ ပေါက်ဈေးရှိကြောင်း၊ အဆိုပါဆန်များကို အဆက်မပြတ်တင်ပို့ရောင်းချနေရခြင်းကြောင့် အရောင်းအဝယ်လုပ်ငန်းရှင်များ၊ တောင်သူများ၊ ကုန်တင်ကားအငှားလိုက်သူများ၊ ကုန်တင်၊ ကုန်ချလုပ်သားများ လုပ်ငန်းအဆင်ပြေပြေ လည်ပတ်လျက်ရှိကြောင်း သိရသည်။

**ကျော်ကျော်လင်း**

# ကျွန်းလှမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ မြေပဲ ၃၅၁၅ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်

**ကျွန်းလှ ဇူလိုင် ၁၂**

စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူခရိုင် ကျွန်းလှမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ မြေပဲ ၃၅၁၅ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ကျွန်းလှမြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ကျွန်းလှမြို့နယ်တွင် မိုးသီးနှံစိုက်ပျိုးရာသီ၌ မြေပဲ ၇၂၂၃ ဧကစိုက်ပျိုးရန်လျာထားပြီး မေလမှစတင် စိုက်ပျိုးခဲ့ရာ ယနေ့ထိ ၃၅၁၅ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

“ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ ကျွန်းလှမြို့နယ်မှာ မြေပဲ ၇၂၂၃ဧက စိုက်ပျိုးဖို့အတွက် လျာထားပါတယ်။ ဒီနေ့ထိ ၃၅၁၅ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ လျာထားချက်ဧက ပြည့်မီအောင် စိုက်ပျိုးနိုင်ရေးအတွက် ဆောင်ရွက်နေပါတယ်။ ဆီထွက်သီးနှံအနေနဲ့ကတော့ အောင်မြင်တဲ့အနေအထားမှာရှိပါတယ်။ မြေပဲစိုက်ပျိုးမှုအနေနဲ့ တစ်နှစ်ထက်တစ်နှစ် တိုးတက်လာပါတယ်”ဟု ကျွန်းလှမြို့နယ်စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မြင့်မြင့်ရီက ပြောပြသည်။



ကျွန်းလှမြို့နယ်တွင် မြေပဲစိုက်ပျိုးရာတွင် တစ်ဧကကို မျိုးတစ်တင်းခွဲ စိုက်ပျိုးရပြီး မျိုးစရိတ်၊ အလုပ်သမားခများနှင့် မြေဩဇာ၊ ပိုးသတ်ဆေးဖိုးများအပါအဝင် ငွေကျပ် နှစ်သိန်းကျော် ကုန်ကျစရိတ်ရှိကြောင်းနှင့် တစ်ဧကစိုက်ပျိုးလျှင် တင်း ၅၀ခန့် ထွက်ရှိကြောင်း သိရသည်။

ယခုနှစ် ကျွန်းလှမြို့နယ်တွင် မြေပဲစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်းနိုင်ရန်၊ ပိုးမွှားရောဂါကျရောက်မှုမရှိစေရန်၊ ပေါင်းမြက်ကင်းစင်စေရန်အတွက် စိုက်ခင်းများအတွင်း မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ ဝန်ထမ်းများက ကွင်းဆင်းဆောင်ရွက်ပေးလျက်ရှိကြောင်း ကျွန်းလှမြို့နယ်စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မြင့်မြင့်ရီက ပြောပြ၍ သိရသည်။

(၂၀၆)

# ပုဗ္ဗသီရိမြို့နယ် ကျေးရွာနှစ်ရွာ၌ ကျေးရွာကုန်ထုတ်လမ်းနှင့် တံတားနှစ်စင်းတည်ဆောက်နိုင်ရေး ကွင်းဆင်းတိုင်းတာ

**နေပြည်တော် ဇူလိုင် ၁၂**

ပြည်ထောင်စုနယ်မြေ နေပြည်တော် ဇေယျာသီရိခရိုင် ပုဗ္ဗသီရိမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက သစ်ယာကုန်းကျေးရွာနှင့် သရက်သမိန်ကျေးရွာ၌ ကျေးရွာကုန်ထုတ်လမ်းနှင့် တံတားနှစ်စင်း တည်ဆောက်နိုင်ရေး မြေပြင်ကွင်းဆင်းတိုင်းတာခြင်းကို ဇူလိုင် ၁၁ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ဇေယျာသီရိခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်စိုးစိုးဦး၊ ပုဗ္ဗသီရိမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကိုကိုနှင့်ဝန်ထမ်းများက သစ်ယာကုန်းကျေးရွာနှင့် သရက်သမိန်ကျေးရွာ၌ ယခုဘဏ္ဍာနှစ်တွင် ကျေးရွာကုန်ထုတ်လမ်းနှင့် တံတားနှစ်စင်း တည်ဆောက်ခြင်းလုပ်ငန်း ဆောင်ရွက်မည့်နေရာကို ကွင်းဆင်းတိုင်းတာ စစ်ဆေးပြီး ကျေးရွာလမ်းဖြစ်မြောက်ရေးကော်မတီဝင်များ၊ ကုမ္ပဏီမှ တာဝန်ရှိသူများက လုပ်ငန်းဆောင်ရွက်မည့်အခြေအနေများကို လိုက်လံရှင်းလင်းပြသရာ ခရိုင်ဦးစီးမှူးဒေါ်စိုးစိုးဦးက လုပ်ငန်းလိုအပ်ချက်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

သစ်ယာကုန်းကျေးရွာနှင့် သရက်သမိန်ကျေးရွာ၌ အရှည် ၇ ဒသမ ၅၈ ဖာလုံ၊ အကျယ် ၁၂ ပေ၊ အမြင့် နှစ်ပေ ကိုးလက်မရှိ ကျေးရွာကုန်ထုတ်လမ်းမြေသားခင်းခြင်းနှင့် Slab Culvert နှစ်စင်း တည်ဆောက်ခြင်းလုပ်ငန်းများကို ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်တွင် ပြည်ထောင်စုခွင့်ပြုရန်ပုံငွေကျပ် ၉၄ ဒသမ ၃၂သန်းဖြင့် မင်းသစ္စာလှိုင် ကုမ္ပဏီက အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဇေယျာသီရိခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနခရိုင် ဦးစီးမှူး ဒေါ်စိုးစိုးဦးက ပြောပြ၍သိရသည်။

**နေဘ်လူး**

# စေတုတ္တရာမြို့နယ် အောက်ပုံကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ ဆောင်ရွက်နေမှုစစ်ဆေး

**စေတုတ္တရာ ဇူလိုင် ၁၂**

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် စေတုတ္တရာမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းများ ရရှိပြီး မိသားစုဝင်ငွေ တိုးပွားလာကာ ကျေးလက်ဒေသ ဆင်းရဲမှုနှုန်း လျော့ကျလာစေရန် ရည်ရွယ်၍ အောက်ပုံကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်နေမှုအခြေအနေများကို ဇူလိုင် ၁၁ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် စေတုတ္တရာမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဒေါ်လဲ့လဲ့မွန်နှင့် ဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာ လုပ်ငန်းအဖွဲ့ဝင်များနှင့်အတူ အောက်ပုံကျေးရွာ၌ စိုက်ပျိုးရေးလုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများ၊ အသေးစားစက်မှုလက်မှုလုပ်ငန်း ဆောင်ရွက်နေမှုအခြေအနေများ၊ စီမံကိန်းလက်စွဲစာစောင်ပါ လမ်းညွှန်ချက်များနှင့်အညီ ဆောင်ရွက်ထားခြင်းရှိမရှိ အခြေအနေများ၊ လအလိုက် ပေးပို့ရသည့် စာရင်းဇယားများ ပြည့်စုံမှန်ကန်မှုရှိမရှိ အခြေအနေများကို ကြည့်ရှုစစ်ဆေးကြပြီး ဦးစီးအရာရှိက ကျေးရွာတာဝန်ရှိသူများ၊ မြစိမ်းရောင်ကျေးရွာလုပ်ငန်း အဖွဲ့ဝင်များနှင့် တွေ့ဆုံပြီး အရင်းအတိုးငွေများကို သတ်မှတ်ရက်အတွင်း ပေးသွင်းကြရန် ဆွေးနွေးမှာကြားခဲ့ကြောင်း သိရသည်။

စေတုတ္တရာမြို့နယ် အောက်ပုံကျေးရွာ၌ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၇၈ ဦးကို ငွေကျပ် ၃၁ ဒသမ ၃၅ သန်း၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင် သူ ၃၈ ဦးကို ငွေကျပ် ၁၁ ဒသမ ၂၅ သန်း၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ သုံးဦးကိုငွေကျပ် တစ်ဒသမ ၆၀ သန်း၊ အသေးစားစက်မှုလက်မှုလုပ်ငန်းလုပ်ကိုင်သူ နှစ်ဦးကို ငွေကျပ်သန်း သုည ဒသမ ၈၀ စုစုပေါင်းအသင်းသား၊ အသင်းသူ ၁၂၁ ဦးကို မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေကျပ် ၄၅ သန်း ထုတ်ချေးပေးထားကြောင်း စေတုတ္တရာမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဒေါ်လဲ့လဲ့မွန်က ပြောပြ၍သိရသည်။

**ကိုညို**

# သာစည်မြို့နယ် သုံးပတ်လည်ကျေးရွာတွင် မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေများ ထုတ်ချေး

**သာစည် ဇူလိုင် ၁၂**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် သာစည်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ မြစိမ်းရောင်ကျေးရွာ စီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသော သာဂရကျေးရွာအုပ်စု သုံးပတ်လည်ကျေးရွာ၌ ချေးငွေများ ပြန်လည်ထုတ်ချေးခြင်းကို ယနေ့ နံနက်ပိုင်းက အဆိုပါ ကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ သာစည်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မြသက်ဝင်းက မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ကြီးကြပ်မှုကော်မတီဝင်များနှင့်အတူ အသင်းသား၊ အသင်းသူများကိုတွေ့ဆုံ၍ မြစိမ်းရောင်ကျေးရွာစီမံကိန်း အကောင်အထည်ဖော် ဆောင်ရွက်ခြင်း၏ ရည်ရွယ်ချက်များ၊ အကျိုးကျေးဇူးများနှင့် စီမံကိန်းအကြောင်းအရာများ ရှင်းလင်းပြောကြားခဲ့သည်။

ဆက်လက်၍ ဦးစီးအရာရှိ ဒေါ်တိုးတိုးစိန်က အတိုးနှုန်းနှင့်ကာလသတ်မှတ်ချက်များ၊ ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့် စည်းမျဉ်း၊ စည်းကမ်းများကိုရှင်းလင်းပြောကြားခဲ့ပြီး သာစည်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မြသက်ဝင်းနှင့် တာဝန်ရှိသူများက မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ထံ ရန်ပုံငွေကျပ် ၅၇ ဒသမ ၄၅သန်းကို လွှဲပြောင်းပေးအပ်ခဲ့သည်။

ထို့နောက် သုံးပတ်လည်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့က စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၈၅ဦးကို ငွေကျပ် ၃၂ ဒသမ ခုနစ်သန်း၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၃၆ဦးကို ငွေကျပ် ၁၂ ဒသမ ၈သန်းနှင့် အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ ၃၈ဦးကို ငွေကျပ် ၁၁ ဒသမ ၉၅သန်း စုစုပေါင်း အသင်းသား၊ အသင်းသူ ၁၅၉ဦးကို ငွေကျပ် ၅၇ ဒသမ ၄၅သန်းကို ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**ဟိန်းထက်စိုး(မလှိုင်)**

# ကမ္ဘာ့သက်တမ်းရင့်သစ်တောများအကြောင်း အပိုင်း(၁)

ခိုင်ဇင်

ကမ္ဘာပေါ်ရှိတဲ့ အချို့သဘာဝသစ်တောတွေရဲ့ သက်တမ်းဟာ နှစ်များစွာကြာနေပြီဖြစ်ပါတယ်။ အဲဒီသစ်တောတွေထဲမှာ သက်တမ်းရင့်သစ်ပင်ကြီးတွေဟာ တွေ့ဖို့ခဲယဉ်းတဲ့အပင်တွေဖြစ်ပါတယ်။ သက်တမ်းရင့်သစ်ပင်တွေဆိုတာကို အခုခေတ်ရဲ့ ခေတ်မီသိပ္ပံနည်းပညာတွေကြောင့် သိရှိလာခဲ့ကြတာဖြစ်ပြီး သိပ္ပံပညာရှင်တွေဟာ အဲဒီခေတ်မီနည်းပညာတွေနဲ့ ကမ္ဘာ့ရှေးအကျဆုံးသစ်တောတွေနဲ့ သစ်ပင်တွေကို ဖော်ထုတ်နိုင်နေပြီဖြစ်ပါတယ်။ ကမ္ဘာကြီးရဲ့နေရာတိုင်းမှာ သက်တမ်းရင့်သစ်တောတွေရှိပါတယ်။ ကမ္ဘာကြီးမှာ သက်တမ်းရင့်သစ်တောတွေဟာ သဘာဝဇီဝကမ္မဖြစ်စဉ်တွေကို အကာအကွယ်ပေးထားတဲ့ နေရာတွေဖြစ်ပြီး သက်တမ်းရင့်သစ်တော ထောင်ပေါင်းများစွာရှိပါတယ်။ လက်ရှိမှာ ရာသီဥတုဖောက်ပြန်ပြောင်းလဲမှုတွေနဲ့ လူသားတွေရဲ့ လုပ်ဆောင်မှုတွေကြောင့် မိုးသစ်တောတွေအပါအဝင် သစ်တောတော်တော်များများဟာ ခြောက်သွေ့ပျက်စီးခဲ့ရပါတယ်။ ဒါပေမဲ့ ကံကောင်းထောက်မစွာ သဘာဝပတ်ဝန်းကျင်နဲ့သစ်တောထိန်းသိမ်းရေးဥပဒေတွေရှိနေတာကြောင့် သက်တမ်းရင့်သစ်တောတွေဟာ နောင်လာမဲ့မျိုးဆက်သစ်တွေထိ ဆက်လက်တည်တံ့နေအုံးမယ်လို့ ယူဆရပါတယ်။ အခုဖော်ပြပေးသွားမှာကတော့ ကမ္ဘာ့သက်တမ်းရင့်သစ်တောတွေအကြောင်းပဲ ဖြစ်ပါတယ်။

**Tarkine မိုးသစ်တော**



**Tarkine** မိုးသစ်တောရဲ့သက်တမ်းကို အတိအကျမသိရသေးပေမဲ့ သစ်တောကျွမ်းကျင်သူတွေကတော့ အနည်းဆုံး နှစ်ပေါင်း ၃၀၀၀ လောက်ရှိမယ်လို့ ခန့်မှန်းကြပါတယ်။ အဲဒီမိုးသစ်တောဟာ ဩစတြေးလျနိုင်ငံမြောက်ဘက် **Tasmania** မြို့မှာရှိပြီး သစ်တောဧရိယာဟာ ၁၈၀၀ စတုရန်းကီလိုမီတာ ကျယ်ဝန်းပါတယ်။ သစ်တောအမျိုးအစားကတော့ အေးမြစိုစွတ်တဲ့ အပူပိုင်းမိုးသစ်တောအမျိုးအစားဖြစ်ပါတယ်။ အဲ့ဒီမိုးသစ်တောမှာ မိုးသစ်တောမျိုးစိတ်သစ်ပင်တွေ များစွာပေါက်ရောက်နေတာကို ကျောက်ဖြစ်ရုပ်ကြွင်းတွေကနေတစ်ဆင့် လေ့လာနိုင်ပါတယ်။ **Tarkine** မိုးသစ်တောရဲ့သက်တမ်းကို အတိအကျမသိရပေမဲ့ မိုးသစ်တောမှာ ပေါက်နေတဲ့ သက်တမ်းအရင့်ဆုံးသစ်ပင်က အနည်းဆုံး နှစ်ပေါင်း ၃၀၀၀ သက်တမ်းရှိနေပြီဖြစ်တယ်လို့ သစ်တောကျွမ်းကျင်သူတွေက ဆိုပါတယ်။

အခုအခါမှာတော့ **Tarkine** မိုးသစ်တောဟာ လူတို့အလွန်အကျွံသစ်ပင်ခုတ်တာတွေ၊ အမဲလိုက်မှုတွေကြောင့် သစ်တောပြုန်းတီးမဲ့ အန္တရာယ်နဲ့ ရင်ဆိုင်နေရပါတယ်။ ဒါကြောင့် ၂၀၀၅ ခုနှစ်မှာ ဩစတြေးလျနိုင်ငံ၊ တက်စမေးနီးယားကျွန်းအာဏာပိုင်တွေက **Tarkine** ရှိ မိုးသစ်တောဧရိယာ ၇၀၀၀၀ ဟက်တာကို သစ်ခုတ်ခြင်းမှ ကာကွယ်ရန် သဘောတူညီခဲ့ကြပါတယ်။ ဒါ့ပြင် **Tarkine** မိုးသစ်တောဟာ ကမ္ဘာ့အကြီးဆုံးရေချိုပုစွန်ကြီးများ ကျက်စားရာနေရာလဲဖြစ်ပါတယ်။

**Bristlecone ထင်းရှူးတော**

**Bristlecone** ထင်းရှူးသစ်တောဟာ သက်တမ်းအနေနဲ့ နှစ်ပေါင်း ၅၀၀၀ ကျော်ရှိနေပြီဖြစ်ပါတယ်။ အဲဒီသစ်တောဟာ အမေရိကန်နိုင်ငံ ကယ်လီဖိုးနီးယားပြည်နယ်ရဲ့ အဖြူရောင်တောင်တန်းတွေပေါ်မှာတည်ရှိပါတယ်။ သစ်တောရဲ့အကျယ်အဝန်းက ဧရိယာ ၁၁၃ ဒသမ ၅ စတုရန်းကီလိုမီတာကျယ်ဝန်းပြီး ထင်းရှူးသစ်တောအမျိုးအစားဖြစ်



ပါတယ်။ အဲဒီသစ်တောဟာ ကမ္ဘာ့ရှေးအကျဆုံး ထင်းရှူးသစ်ပင်တွေကြောင့် လူသိများထင်ရှားပါတယ်။ ထင်းရှူးသစ်တောထဲမှာရှိတဲ့ အချို့ထင်းရှူးပင်တွေဆိုရင် နှစ်ပေါင်း ၅၀၀၀ ထက်တောင် ကျော်မယ်လို့ ကျွမ်းကျင်သူတွေက သုံးသပ်ကြပါတယ်။ အဲဒီထင်းရှူးတောထဲမှာ ကမ္ဘာ့အကြီးဆုံး ထင်းရှူးပင်တွေကတော့ **Methuelah** နဲ့ **Patriarch** မျိုးစိတ်တွေဖြစ်ပါတယ်။ **Bristlecone** ထင်းရှူးသစ်တောရဲ့ အချို့နေရာတွေကို အမျိုးသားဥယျာဉ်အဖြစ်သတ်မှတ်ကာ လည်ပတ်လေ့လာချင်သူတွေကို လည်ပတ်လေ့လာလို့ရအောင် ခွင့်ပြုထားပေးပေမဲ့ ရှေးကျပြီး သက်တမ်းအတော်ရင့်နေတဲ့ ထင်းရှူးပင်တွေရှိတဲ့နေရာကိုတော့ ကန့်သတ်ထားပါတယ်။

**Yakushima သစ်တော**

**Yakushima** သစ်တောဟာ နှစ်ပေါင်း ၇၀၀၀ ကျော်သက်တမ်းရှိတဲ့ သစ်တောကြီးဖြစ်ကာ ဂျပန်နိုင်ငံ **Yakushima** မြို့မှာရှိပါတယ်။ သစ်တောရဲ့အကျယ်အဝန်းက ဧရိယာ ၁၈၉ ဒသမ ၆ စတုရန်းကီလိုမီတာ ကျယ်ဝန်းပြီး အပူပိုင်း သက်တမ်းရင့်ရှေးဟောင်းသစ်တောတစ်ခုဖြစ်ပါတယ်။ ကမ္ဘာကြီးရဲ့ ထူးခြားမှုအပေါင်းစုဝေးရာ အပူပိုင်းသက်တမ်းရင့်သစ်တောကြီးကြောင့် **Yakushima** သစ်တောရှိရာကျွန်းကို ၁၉၉၃ ခုနှစ်မှာ ယူနက်စကိုက ကမ္ဘာ့အမွေအနှစ်နေရာအဖြစ် သတ်မှတ်ခဲ့ပါတယ်။ **Yakushima** သစ်တောဟာ သက်တမ်းရင့်သစ်တောဖြစ်တဲ့အပြင်



ကမ္ဘာပေါ်က အလှပဆုံးသစ်တောတွေထဲကတစ်ခုလဲဖြစ်တာကြောင့် ခရီးသွားတွေအလာများတဲ့ သစ်တောတစ်ခုဖြစ်ပါတယ်။ **Yakushima macaque** မျောက်နဲ့ **Sika** သမင်မျိုးစုံဟာ **Yakushima** ကျွန်းမှာ နေထိုင်ကျက်စားကြပါတယ်။ **Yakushima** သစ်တောထဲမှာ တောရိုင်းတိရစ္ဆာန်တွေဟာ တစ်ကောင်နဲ့တစ်ကောင် ချစ်ချစ်ခင်ခင်နေထိုင်ကြပြီး ခရီးသွားတွေရဲ့ ပြောပြချက်အရ မျောက်တွေဟာ သမင်တွေရဲ့ကျောပေါ်ကိုတောင် တက်စီးကြတယ်လို့ သိရပါတယ်။

**ပန်ဒိုသစ်တော**

ပန်ဒိုသစ်တောဟာ သက်တမ်းအနည်းဆုံး နှစ်ပေါင်း ၈၀၀၀၀ ကျော်ရှိတဲ့ သစ်တောကြီးဖြစ်ပါတယ်။ ပန်ဒိုသစ်တောဟာ အမေရိကန်နိုင်ငံ ယူးတားပြည်နယ် **Fishlake** အမျိုးသားသစ်တောမှာတည်ရှိပြီး အကျယ်အဝန်း ဧရိယာ ၄၃ ဟတ်တာ ကျယ်ဝန်းပါတယ်။ သစ်တောအမျိုးအစားကတော့ ပေါ့ပလာပင်ခေါ် ပန်ဒိုပင်တွေပေါက်ရောက်ရာ တောအုပ်အမျိုးအစားဖြစ်ပါတယ်။ လှုပ်ခတ်နေတဲ့ ပေါ့ပလာပင်တွေ ဝန်းရံထားတဲ့ ပန်ဒိုတောအုပ်ဟာ အလွန်လဲလှပပါတယ်။ ပေါ့ပလာပင်တွေက နှစ်ပေါင်း ၈၀၀၀၀ ကျော်ထိ ရှင်သန်နိုင်ပါ့မလား ဆိုတာ မေးခွန်းထုတ်စရာဖြစ်နေပေမဲ့လဲ လေ့လာမှုတွေအရ တကယ်ကို နှစ်ပေါင်း ၈၀၀၀၀ ကျော်သက်တမ်းရှိတဲ့ တောအုပ်ဖြစ်တာကို သိပ္ပံပညာရှင်တွေ တွေ့ရှိခဲ့ကြပါတယ်။ ပေါ့ပလာပင်ကို သုတေသနပညာရှင်



**Burton V. Barnes** က ၁၉၆၈ ခုနှစ်တွင် စတင်တွေ့ရှိခဲ့ပြီး နှစ်ပေါင်းများစွာ လေ့လာပြီးနောက် အဲဒီအပင်တွေဟာ သက်တမ်းကြာမြင့်တဲ့ထိ ရှင်သန်နေနိုင်တာကို တွေ့ရှိခဲ့ပါတယ်။ သုတေသနပညာရှင်ရဲ့နာမည် **Barnes** ကို လက်တင်ဘာသာလို ပန်ဒိုလို့ အဓိပ္ပာယ်ရတာကြောင့် ဒီတောအုပ်ကို ပန်ဒိုသစ်တောလို့ခေါ်ဆိုခဲ့တာဖြစ်ပါတယ်။

**Kakamega အပူပိုင်းမိုးသစ်တော**



**Kakamega** အပူပိုင်းမိုးသစ်တောဟာ သက်တမ်းအားဖြင့် နှစ်သန်းပေါင်း နှစ်သန်းကျော်ရှိတယ်လို့ သိရပါတယ်။ **Kakamega** သစ်တောဟာ ကင်ညာနိုင်ငံ **Kakamega** နဲ့ **Kisumu**က ခရိုင်ကြားမှာ တည်ရှိပြီး ၂၃၈ စတုရန်းကီလိုမီတာ ကျယ်ဝန်းပါတယ်။ သစ်တောအမျိုးအစားက အပူပိုင်းမိုးသစ်တောအမျိုးအစားဖြစ်ပြီး **Kakamega** သစ်တောဟာ ကင်ညာနိုင်ငံမှာရှိတဲ့ တစ်ခုတည်းသော မိုးသစ်တောဖြစ်ပါတယ်။ **Kakamega** အပူပိုင်းမိုးသစ်တောဟာ အရှေ့အာဖရိကမှာရှိတဲ့ အခြားသစ်တောတွေထက် အာဖရိကအလယ်ပိုင်းနဲ့ အနောက်အာဖရိက မိုးသစ်တောတွေနဲ့ ပိုတူပါတယ်။

**Kakamega** အပူပိုင်းမိုးသစ်တောမှာ ပေါက်ရောက်တဲ့သစ်ပင်အများစုဟာ ကမ္ဘာပေါ်မှာရှိတဲ့ အခြားဘယ်နေရာမှာမှ ရှာမတွေ့နိုင်တဲ့ အပင်မျိုးစိတ်တွေနဲ့ တိရစ္ဆာန်တွေ နေထိုင်ရာ နေရာဖြစ်ပါတယ်။ **Kakamega** သစ်တောတွင် ရှားပါးသစ်ပင်မျိုးစိတ် ၁၅၀ ကျော်၊ ချုံပုတ်မျိုးစိတ် ၁၇၀၊ သစ်ခွမျိုးစိတ် ၆၀ အပါအဝင် အခြားသစ်ပင်မျိုးစိတ်တွေ ပေါက်ရောက်တာကြောင့် လည်ပတ်သူတွေအတွက် လေ့လာစရာများတဲ့ အဖိုးတန်သစ်တောတစ်ခုဖြစ်ကြောင်း ဖော်ပြလိုက်ပါတယ်။

**ကိုးကား**

– **11 Oldest Forests in the World**

# ယူရိုပြိုင်ပွဲ ဗိုလ်လုပွဲနဲ့ ကိုပါအမေရိကဖလား ဗိုလ်လုပွဲစဉ်တွေမှာ ခြေစွမ်းပိုင်းထက်မြက်နေတဲ့ စပိန်အသင်းနဲ့ အာဂျင်တီးနားအသင်းတို့ကိုပဲ ရွေးချယ်ရမှာပါ



ဒီတစ်ပတ်မှာတော့ ၂၀၂၄ ခုနှစ် ယူရိုပြိုင်ပွဲနဲ့ ကိုပါအမေရိကဖလား ပြိုင်ပွဲ ဗိုလ်လုပွဲစဉ်တွေ ကစားမှာဖြစ်လို့ အကြိတ်အနယ်ရှိတဲ့ ပွဲစဉ်တွေကို အားပေးရအုံးမှာဖြစ်ပါတယ်။ အဓိကပြိုင်ပွဲတွေမှာ ဗိုလ်လုပွဲတက်ရောက်ခဲ့တဲ့အသင်းတွေဟာ ကစားသမားစုဖွဲ့မှု ကွာခြားချက်ရှိနေရင်တောင်မှ ယုံကြည်မှုပိုင်းအားကောင်းလာတာကြောင့် ဘယ်အသင်းမှလျှော့တွက်လို့မရတာကို သတိပြုရမှာပါ။ ဒါကြောင့် တနင်္ဂနွေနေ့မှာ ကစားမဲ့ ဗိုလ်လုပွဲစဉ်တွေမှာ အ ဆုဖလားနဲ့ထိုက်တန်တဲ့ခြေစွမ်းမျိုးနဲ့ အစဉ်အလာပိုင်းကောင်းနေတဲ့ အသင်းတွေကိုသာ ဦးစားပေးရွေးချယ်ရမှာဖြစ်ပါတယ်။

**စပိန်အသင်းကို အားပေးရမှာပါ**

၂၀၂၄ ခုနှစ် ယူရိုပြိုင်ပွဲ ဗိုလ်လုပွဲစဉ်မှာ ထိပ်တိုက်တွေ့ဆုံနေတာကတော့ စပိန်အသင်းနဲ့ အင်္ဂလန်အသင်းတို့ပွဲစဉ်ပဲဖြစ်ပါတယ်။ စပိန်အသင်းဟာ ယူရိုပြိုင်ပွဲသမိုင်းမှာ ချန်ပီယံဆုဖလားသုံးကြိမ်ထိ ဆွတ်ခူးနိုင်ခဲ့ပြီး ပြီးခဲ့တဲ့ ၂၀၂၀ ပြည့်နှစ် ယူရိုပြိုင်ပွဲမှာလဲ ဆီမီးဖိုင်နယ်ထိ တက်ရောက်နိုင်ခဲ့တာဖြစ်ပါတယ်။ အခုနှစ်မှာတော့ စပိန်လူငယ်အသင်းနည်းပြ ဒီဖူဟန်တီဟာ အတွေ့အကြုံရှိတဲ့ လာပေါ်တီ၊ ဖာနန်ဒက်စ်၊ နာဗက်စ်၊ ကာဗာဂျယ်၊ ရိုဒရီ၊ ဖေဘီယန်ရုဇ်၊ မိုရာတာတို့လို ကစားသမားတွေကို နစ်ကိုးဝီလျံ၊ ယာမယ်၊ ပက်ထရီတို့လို လူငယ်တွေနဲ့ တွဲဖက်ကစားစေခဲ့တာဖြစ်ပါတယ်။ စပိန်အသင်းဟာ အုပ်စုတွင်းမှာ အီတလီ၊ ခရိုအေးရှား၊ အယ်လ်ဘေးနီးယားအသင်းတို့နဲ့ ကစားခဲ့ရပေမဲ့ ခရိုအေးရှားအသင်းကို သုံးဂိုး၊ ဂိုးမရှိ၊ အီတလီအသင်းကို တစ်ဂိုး၊ဂိုးမရှိ၊ အယ်လ်ဘေးနီးယားအသင်းကို တစ်ဂိုး၊ဂိုးမရှိနဲ့အနိုင်ရခဲ့ပြီး အုပ်စုပထမနေရာနဲ့ ၁၆ သင်းရှုံးထွက်အဆင့်ကို တက်ရောက်ခဲ့တာဖြစ်ပါတယ်။ အုပ်စုပွဲစဉ်တွေမှာဆိုရင် ယာမယ်နဲ့ နစ်ကိုးဝီလျံတို့အတွဲဟာ ပြိုင်ဘက်ခံစစ်ကြောင်းကို ပွဲချိန်ပြည့်ခြိမ်းခြောက်နိုင်ခဲ့ပြီး သူတို့နှစ်ဦးရဲ့ လျင်မြန်မှုနဲ့ တစ်ဦးချင်းစွမ်းဆောင်ရည်ကောင်းမှုက တိုက်စစ်ပိုင်းအတွက် နေရာလွတ်ရှာတွေ့ခဲ့တာကြောင့် မိုရာတာ၊ ဖေဘီယန်ရုဇ်၊ ရိုဒရီတို့ ဂိုးတွေသွင်းယူနိုင်ခဲ့တာဖြစ်ပါတယ်။

၁၆ သင်းရှုံးထွက်အဆင့်မှာ ဂျော်ဂျီယာအသင်းနဲ့တွေ့ဆုံခဲ့တာကြောင့် နည်းပြဒီဖူအန်တီက ပက်ထရီနေရာမှာ အိုမိုလ်ကို လူစားလဲအသုံးပြုခဲ့ပြီး ဂျော်ဂျီယာအသင်းကို လေးဂိုး၊တစ်ဂိုးနဲ့အနိုင်ရခဲ့လို့ ကွာတားဖိုင်နယ်အဆင့်ရောက်ခဲ့တာတွေ့ရမှာပါ။ ကွာတားဖိုင်နယ်မှာတော့ အိမ်ရှင်ဂျာမနီအသင်းနဲ့တွေ့ဆုံခဲ့လို့ အကြိတ်အနယ်ရှိခဲ့ပေမဲ့ ဒဏ်ရာရသွားတဲ့ ပက်ထရီနေရာမှာ ပါဝင်ကစားခဲ့တဲ့ အိုမိုလ်ရဲ့ ခြေစွမ်းပြသမှုတွေက စပိန်အသင်းကို ဆီမီးဖိုင်နယ်ထိ ပို့ဆောင်ပေးခဲ့တာဖြစ်ပါတယ်။ အဲဒီပွဲစဉ်မှာ အိုမိုလ်ဟာ တစ်ဂိုးသွင်း၊ တစ်ဂိုးဖန်တီးပေးနိုင်ခဲ့လို့ စပိန်အသင်းက ဂျာမနီအသင်းကို နှစ်ဂိုး၊တစ်ဂိုးနဲ့အနိုင်ရခဲ့တာကိုတွေ့ရမှာပါ။ ဆီမီးဖိုင်နယ်မှာတော့ ပြင်သစ်အသင်းနဲ့ကစားခဲ့ရပေမဲ့ အပြန်အလှန်ဖိအားပေးမှုတွေနဲ့ ကစားနိုင်ခဲ့ပြီး နှစ်ဂိုး၊တစ်ဂိုးနဲ့ နိုင်ပွဲရခဲ့တာဖြစ်ပါတယ်။ ထူးခြားချက်ကတော့ စပိန်အသင်းဟာ အခုပြိုင်ပွဲမှာ ဗိုလ်လုပွဲတက်ရောက်ချိန်ထိ ပွဲတိုင်းဂိုးသွင်းယူနိုင်ခဲ့သလို ပင်နယ်တီအဆုံးအဖြတ်ထိမရောက်ခဲ့ဘဲ နိုင်ပွဲရှာနိုင်ခဲ့တာဖြစ်ပါတယ်။

အင်္ဂလန်အသင်းဟာ အခုပြိုင်ပွဲမှာ ဗိုလ်စွဲဖို့ ရေပန်းအစားဆုံးအသင်းဖြစ်ခဲ့ပေမဲ့ ကစားကွက်ပိုင်းနဲ့ အသင်းလိုက်ကစားအားကတော့ အားရစရာမရှိခဲ့ပါဘူး။ သူတို့အသင်းဟာ အခုနှစ်မှာတော့ ယခင်ယူရိုပြိုင်ပွဲမှာ ပါဝင်ခဲ့တဲ့ ကစားသမားတွေကို အခြေခံကာ စုဖွဲ့မှုပြုလုပ်ခဲ့ပြီး မိုင်နူး၊ ကိုးလ်ပယ်မာ၊ အက်ဇီ၊ ဘိုဝင်၊ ဂေါ်ဒွန်တို့လို အတွေ့အကြုံနည်းတဲ့ ကစားသမားတွေကိုလဲ ခေါ်ယူခဲ့တာကို တွေ့ရမှာပါ။ သူတို့အသင်းဟာ အုပ်စုအဆင့်မှာ ဆားဘီးယား၊ ဆလိုဗေးနီးယား၊ ဒိန်းမတ်တို့နဲ့ ကစားခဲ့ရပေမဲ့ ဆားဘီးယားတစ်သင်းသာ အနိုင်ရခဲ့ပြီး ဆလိုဗေးနီးယားနဲ့ ဒိန်းမတ်အသင်းတို့ကို သရေရလဒ်သာ ကစားနိုင်ခဲ့တာဖြစ်ပါတယ်။ ဒါပေမဲ့ အုပ်စုတွင်းပြိုင်ဘက်တွေကလဲ သရေရလဒ်တွေများခဲ့လို့ အင်္ဂလန်အသင်းဟာ အုပ်စုပထမနဲ့ ရှုံးထွက်အဆင့်ရောက်ခဲ့တာကိုတွေ့ရမှာပါ။ နည်းပြဆောက်ဂိတ်ဟာ အုပ်စုတွင်းမှာ ဟယ်ရီကိန်း၊ ဘယ်လင်ဟမ်၊ ဖိုဒန်၊ ဆာကာ၊ ဒီကလန်ရိုက် စတဲ့ အဓိကကစားသမားတွေနဲ့ ပွဲထွက်ခဲ့ပေမဲ့ တိုက်စစ်က သုံးပွဲမှာ နှစ်ဂိုးသာသွင်းယူနိုင်ခဲ့ပြီး ကစားပုံကလဲ အားရစရာမကောင်းခဲ့ပါဘူး။ ရှုံးထွက်အဆင့်မှာလဲ ဆလိုဗက်ကီးယားအသင်းလိုစုဖွဲ့မှုအားနည်းတဲ့အသင်းနဲ့ တွေ့ခဲ့ပေမဲ့ ကစားပုံတိုးတက်လာခြင်းမရှိတာကြောင့် ဆလိုဗက်ကီးယားအသင်းရဲ့ဦးဆောင်မှုကိုခံခဲ့ရပြီး နာကျင်အချိန်ပိုမှာ ဘယ်လင်ဟမ်ရဲ့သွင်းဂိုးက အသင်းအတွက်အဖိုးတန်ခဲ့ပြီး အချိန်ပိုဆက်ကစားခဲ့ရတာဖြစ်ပါတယ်။ အချိန်ပိုမှာတော့ ဟယ်ရီကိန်းကဦးဆောင်ဂိုးသွင်းယူနိုင်ခဲ့တာကြောင့် နှစ်ဂိုးတစ်ဂိုးနဲ့အနိုင်ရခဲ့ပြီး ကွာတားဖိုင်နယ်အဆင့် ရောက်ရှိခဲ့တာဖြစ်ပါတယ်။

ကွာတားဖိုင်နယ်အဆင့်မှာ ဆွစ်ဇာလန်အသင်းလို အသင်းလိုက်ကစားအားကောင်းတဲ့အသင်းနဲ့တွေ့ဆုံခဲ့တာကြောင့် တစ်ဖက်တစ်ဂိုးစီနဲ့ သရေရလဒ်ထွက်ပေါ်ခဲ့တာဖြစ်ပါတယ်။ အဲဒီနောက်မှာ ပင်နယ်တီအဆုံးအဖြတ်ထိရောက်ရှိခဲ့ပြီး ပင်နယ်တီမှာ ငါးဂိုး၊ သုံးဂိုးနဲ့ အနိုင်ရခဲ့လို့ ဆီမီးဖိုင်နယ်ကို တက်ရောက်ခဲ့တာကို တွေ့ရမှာပါ။ ဆီမီးဖိုင်နယ်မှာ တိုက်စစ်ကစားပုံကောင်းတဲ့ နယ်သာလန်အသင်းနဲ့ တွေ့ဆုံခဲ့ပေမဲ့ အင်္ဂလန်အသင်း နည်းစနစ်ပိုင်းပြောင်းလဲသွားတာကြောင့် နယ်သာလန်အသင်းကိုပွဲချိန်ပြည့်ဖိအားပေးကစားနိုင်ခဲ့ပြီး နှစ်ဂိုး၊တစ်ဂိုးနဲ့ နိုင်ပွဲရခဲ့လို့ ဗိုလ်လုပွဲတက်ရောက်ခဲ့တာဖြစ်ပါတယ်။ အင်္ဂလန်အသင်းဟာ ကစားကွက်ပိုင်းမကောင်းခဲ့ဘဲ အုပ်စုကနေ ဗိုလ်လုပွဲစဉ်ထိ ပွဲစဉ်ချောင်ခဲ့လို့ ဗိုလ်လုပွဲရောက်ခဲ့တာကို တွေ့ရမှာဖြစ်ပြီး စပိန်အသင်းကတော့ အုပ်စုတွင်းကနေ ဗိုလ်လုပွဲစဉ်ထိ အီတလီ၊ ခရိုအေးရှား၊ ဂျာမနီ၊ ပြင်သစ်အသင်းတို့လို အသင်းကြီးတွေကို ကျော်ဖြတ်လာခဲ့ရတာကို သတိပြုရမှာပါ။ ဒ့ါပြင် စပိန်အသင်းရဲ့ ယာမယ်၊ နစ်ကိုးဝီလျံ တိုက်စစ်အတွဲဟာ အင်္ဂလန်အသင်းရဲ့ ဖိုဒန်၊ ဆာကာတိုက်စစ်အတွဲနဲ့ယှဉ်ရင် စွမ်းဆောင်မှုပိုကောင်းနေသလို တောင်ပံခံစစ်ပိုင်းက ဝေါ်လ်ကာနဲ့ ထရစ်ပီယာတို့အနေနဲ့ ယာမယ်၊ နစ်ကိုးဝီလျံအတွဲကိုမထိန်းချုပ်နိုင်ရင်တော့ ပေးဂိုးများသွားမှာဖြစ်လို့ ခြေစွမ်းပိုင်းကောင်းနေတဲ့ စပိန်အသင်းကိုပဲ အားပေးရမှာပါ။

**စပိန်အသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်**

| | | | | |
|---|---|---|---|---|
| စပိန် | ၁ | - | ၀ | အီတလီ |
| အယ်လ်ဘေးနီးယား | ၀ | - | ၁ | စပိန် |
| စပိန် | ၄ | - | ၁ | ဂျော်ဂျီယာ |
| စပိန် | ၂ | - | ၁ | ဂျာမနီ |
| စပိန် | ၂ | - | ၁ | ပြင်သစ် |

**အင်္ဂလန်အသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်**

| | | | | |
|---|---|---|---|---|
| ဒိန်းမတ် | ၁ | - | ၁ | အင်္ဂလန် |
| အင်္ဂလန် | ၀ | - | ၀ | ဆလိုဗေးနီးယား |
| အင်္ဂလန် | ၂ | - | ၁ | ဆလိုဗက်ကီးယား |
| အင်္ဂလန် | ၁ | - | ၁ | ဆွစ်ဇာလန် |
| နယ်သာလန် | ၁ | - | ၂ | အင်္ဂလန် |

**အာဂျင်တီးနားအသင်းကိုရွေးရမှာပါ**

၂၀၂၄ ခုနှစ် ကိုပါအမေရိကဖလား ဗိုလ်လုပွဲစဉ်မှာ အာဂျင်တီးနားနဲ့ ကိုလံဘီယာအသင်းတို့ တွေ့ဆုံနေတာဖြစ်ပါတယ်။ အာဂျင်တီးနားအသင်းဟာ ပြီးခဲ့တဲ့ ၂၀၂၁ ခုနှစ် ကိုပါအမေရိကဖလားပြိုင်ပွဲမှာ ချန်ပီယံဖြစ်ခဲ့ပြီး ၁၅ ကြိမ်မြောက်ဆုဖလားရခဲ့တာကို တွေ့ရမှာပါ။ အာဂျင်တီးနားအသင်းဟာ နည်းပြစကာလိုနီလက်ထက်မှာ ၂၀၂၁ ခုနှစ် ကိုပါအမေရိကဖလား၊ ၂၀၂၂ ကမ္ဘာ့ဖလားရယူနိုင်ခဲ့ပြီး အောင်မြင်မှုရရှိခဲ့တာကို သတိပြုရမှာပါ။ အာဂျင်တီးနားအသင်းဟာ အုပ်စုတွင်းမှာ ကနေဒါ၊ ပီရူး၊ ချီလီအသင်းတို့နဲ့တွေ့ဆုံခဲ့ပေမဲ့ သုံးပွဲစလုံးနိုင်ပွဲရခဲ့လို့ အုပ်စုပထမနဲ့ ကွာတားဖိုင်နယ်အဆင့် တက်ရောက်ခဲ့တာကိုတွေ့ရမှာပါ။ ကွာတားဖိုင်နယ်အဆင့်မှာတော့ အီကွေဒေါအသင်းနဲ့တွေ့ဆုံခဲ့လို့ ခြေစွမ်းပိုင်းအသာနဲ့ ဦးဆောင်ဂိုးသွင်းယူနိုင်ခဲ့ပေမဲ့ နာကျင်အချိန်ပိုမှာ မထင်မှတ်ဘဲ ချေပဂိုးပေးလိုက်ရလို့ ပင်နယ်တီအဆုံးအဖြတ်ခံယူခဲ့ရတာဖြစ်ပါတယ်။ ပင်နယ်တီမှာ တိုက်စစ်မှူးမက်ဆီလွဲချော်ခဲ့ပေမဲ့ ဂိုးသမားမာတီနက်ဇ်က လက်စွမ်းပြသပြီး နှစ်ကြိမ်ကာကွယ်မှုပြုလုပ်နိုင်ခဲ့လို့ လေးဂိုး၊နှစ်ဂိုးနဲ့ အနိုင်ရခဲ့တာဖြစ်ပါတယ်။ ဆီမီးဖိုင်နယ်အဆင့်မှာတော့ အုပ်စုတွင်းပြိုင်ဘက် ကနေဒါအသင်းနဲ့ ထပ်မံတွေ့ဆုံခဲ့တာကြောင့် အခက်အခဲမရှိ ကစားနိုင်ခဲ့လို့ နှစ်ဂိုး၊ဂိုးမရှိနဲ့ နိုင်ပွဲရခဲ့ပြီး ဗိုလ်လုပွဲတက်ရောက်ခဲ့တာကို တွေ့ရမှာပါ။ အဲဒီပွဲစဉ်တွေမှာ နည်းပြစကာလိုနီဟာ ၄-၄-၂ ကစားကွက်နဲ့ပွဲထွက်ခဲ့ပြီး တိုက်စစ်မှာ မက်ဆီ၊ အယ်ဗာရက်ဇ်၊ မာတီနက်ဇ်တို့အတွဲကို အလှည့်ကျအသုံးပြုခဲ့ပေမဲ့ မာတီနက်ဇ်က သွင်းဂိုးလေးဂိုးထိ သွင်းယူနိုင်ခဲ့တာဖြစ်ပါတယ်။

ကိုလံဘီယာအသင်းဟာ နည်းပြလိုရန်ဇိုလက်ထက်မှာ နောက်ဆုံးကစားခဲ့တဲ့ ပြိုင်ပွဲစုံ ၂၇ ပွဲဆက် ရှုံးပွဲမရှိသေးတဲ့ စံချိန်ကောင်းတစ်ခုကို ရရှိထားတာကို တွေ့ရမှာပါ။ သူတို့အသင်းဟာ လူးဝစ်ဒီယက်ဇ်၊ ဂျိမ်းရိုဒရိဂွက်ဇ်၊ မူနိုဇ်တို့လို ထိပ်တန်းအဆင့်ကစားသမား အနည်းငယ်သာရှိပေမဲ့ အသင်းလိုက်ကစားအားကောင်းတာကြောင့် ပြိုင်ပွဲစုံမှာ ရလဒ်ကောင်းနေတာကို သတိပြုရမှာပါ။ နည်းပြလိုရန်ဇိုကတော့ အခုပြိုင်ပွဲမှာ ၄-၂-၃-၁ ကစားကွက်ကိုသာ ပုံမှန်အသုံးပြုခဲ့ပြီး အသင်းကြီးတွေကိုတောင် ဖိအားပေးကစားနိုင်ခဲ့တာကို တွေ့ရမှာပါ။ အုပ်စုတွင်းမှာ ဘရာဇီး၊ ပါရာဂွေး၊ ကော့စတာရီကာအသင်းတို့နဲ့တွေ့ဆုံခဲ့ပေမဲ့ ပါရာဂွေးအသင်းကို နှစ်ဂိုး၊ တစ်ဂိုး၊ ကော့စတာရီကာအသင်းကို သုံးဂိုး၊ဂိုးမရှိ၊ ဘရာဇီးအသင်းကို တစ်ဂိုးစီသရေ ကစားနိုင်ခဲ့ပြီး ရှုံးပွဲမရှိနဲ့ အုပ်စုက ကျော်ဖြတ်နိုင်ခဲ့တာဖြစ်ပါတယ်။ ကွာတားဖိုင်နယ်အဆင့်မှာတော့ ပနားမားအသင်းလို အသင်းငယ်နဲ့တွေ့ဆုံခဲ့ရတာကြောင့် ဖိအားမရှိကစားနိုင်ခဲ့ပြီး ငါးဂိုး၊ဂိုးမရှိနဲ့ အနိုင်ရခဲ့တာဖြစ်ပါတယ်။ ဆီမီးဖိုင်နယ်အဆင့်မှာတော့ ပါရာဂွေးအသင်းလို အစဉ်အလာပိုင်းနဲ့ ခြေစွမ်းပိုင်းကောင်းတဲ့အသင်းကို ပထမပိုင်းဦးဆောင်ဂိုးရပြီးချိန်မှာ ခံစစ်ပိုင်းက မူနိုဇ် အနီကတ်နဲ့ထုတ်ပယ်ခံရပြီး တစ်ယောက်လျော့နဲ့ကစားခဲ့ရပေမဲ့ ပွဲချိန်ပြည့်ထိန်းချုပ်သွားတဲ့ ခံစစ်ကစားပုံကိုတော့ လျှော့တွက်လို့မရပါဘူး။ ဆီမီးဖိုင်နယ်ပွဲစဉ်ပြီးတဲ့အချိန်မှာ တိုက်စစ်က လူးဝစ်ဒီယက်ဇ်က သွင်းဂိုးနှစ်ဂိုး၊ ဂျိမ်းရိုဒရိဂွက်ဇ်က သွင်းဂိုးတစ်ဂိုးနဲ့ ဂိုးဖန်တီးမှုခြောက်ကြိမ် ပြုလုပ်နိုင်ခဲ့တာဖြစ်ပါတယ်။

အခုပွဲစဉ်မှာတော့ နှစ်သင်းစလုံး ခြေစွမ်းပိုင်းကောင်းမွန်ပေမဲ့ အာဂျင်တီးနားအသင်းက ပြီးခဲ့တဲ့ပြိုင်ပွဲစုံမှာ ဆုဖလားတွေ ဆက်တိုက်ရယူနိုင်ခဲ့တာကြောင့် ယုံကြည်မှုပိုင်းမှာ ကိုလံဘီယာအသင်းထက် သာနေတာကို တွေ့ရမှာပါ။ ကစားသမားစုဖွဲ့မှုမှာလဲ အာဂျင်တီးနားအသင်းက ကိုလံဘီယာအသင်းနဲ့ယှဉ်ရင် တစ်ဦးချင်းစွမ်းဆောင်ရည် ပိုသာနေတာဖြစ်ပါတယ်။ သူတို့နှစ်သင်း ထိပ်တိုက်တွေ့ဆုံမှု ၁၁ ကြိမ်မှာလဲ အာဂျင်တီးနားအသင်းက လေးပွဲနိုင်၊ ခြောက်ပွဲသရေ၊ တစ်ပွဲသာရှုံးနိမ့်ခဲ့တာကြောင့် အဘက်ဘက်ကသာလွန်မှုရှိနေတဲ့ တိုက်စစ်မှူးမက်ဆီ ဦးဆောင်လာမဲ့ အာဂျင်တီးနားအသင်းကို ရွေးရမှာပါ။

**အာဂျင်တီးနားအသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်**

| | | | | |
|---|---|---|---|---|
| အာဂျင်တီးနား | ၂ | - | ၀ | ကနေဒါ |
| ချီလီ | ၀ | - | ၁ | အာဂျင်တီးနား |
| အာဂျင်တီးနား | ၂ | - | ၀ | ပီရူး |
| အာဂျင်တီးနား | ၁ | - | ၁ | အီကွေဒေါ |
| အာဂျင်တီးနား | ၂ | - | ၀ | ကနေဒါ |

**ကိုလံဘီယာအသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်**

| | | | | |
|---|---|---|---|---|
| ကိုလံဘီယာ | ၂ | - | ၁ | ပါရာဂွေး |
| ကိုလံဘီယာ | ၃ | - | ၀ | ကော့စတာရီကာ |
| ဘရာဇီး | ၁ | - | ၁ | ကိုလံဘီယာ |
| ကိုလံဘီယာ | ၅ | - | ၀ | ပနားမား |
| ဥရုဂွေး | ၀ | - | ၁ | ကိုလံဘီယာ |

# တောင်အာဖရိကနိုင်ငံ ကိပ်တောင်းမြို့တွင် မုန်တိုင်းတိုက်ခတ်မှုကြောင့် လူနေအိမ်တချို့ပျက်စီး



**ပရီတိုးရီးယား ဇူလိုင် ၁၂**

တောင်အာဖရိကနိုင်ငံ ကိပ်တောင်းမြို့တွင် ဇူလိုင် ၁၁ ရက် အစောပိုင်းက အားကောင်းသည့် မုန်တိုင်းတိုက်ခတ်မှု ဖြစ်ပွားခဲ့ပြီး လေတိုက်နှုန်း ပြင်းထန်ခဲ့သောကြောင့် လူနေအိမ်တချို့ပျက်စီးခဲ့ကြောင်း တောင်အာဖရိကအာဏာပိုင်အဖွဲ့အစည်းက ထုတ်ပြန်ခဲ့သည်ဟု ယနေ့သတင်းများအရ သိရသည်။

မုန်တိုင်းအားကောင်းခဲ့သည့်အတွက်ကြောင့် လူနေအိမ်များအပါအဝင် အခြေခံအဆောက်အအုံ ၁၅၀၀၀ ကျော်ထက်မနည်း ပျက်စီးခဲ့ကြောင်း၊ သို့သော်လည်း ကြီးမားသည့် ပျက်စီးမှုများဖြင့် ရင်ဆိုင်ခဲ့ရသောအဆောက်အအုံအရေအတွက်ကို စိစစ်နေဆဲဖြစ်ကြောင်း၊ အန္တရာယ်ရှိသည့် အဆောက်အအုံများတွင် နေထိုင်သောဒေသခံများကို ဘေးလွတ်ရာ ရွှေ့ပြောင်းရန် ညွှန်ကြားခဲ့ခြင်းဖြစ်ကြောင်း၊ မုန်တိုင်းကြောင့် ဓာတ်တိုင်များ လဲကျခဲ့သဖြင့် လျှပ်စစ်မီးပြတ်တောက်မှုများလည်း ဖြစ်ပေါ်နေကြောင်း တောင်အာဖရိက အာဏာပိုင်အဖွဲ့အစည်းက ထုတ်ပြန်ခဲ့သည်။

“ကိပ်တောင်းမြို့မှာ မုန်တိုင်းတိုက်ခတ်မှုကြောင့် လူနေအိမ်နဲ့ အခြေခံအဆောက်အအုံတချို့ ပျက်စီးမှုတွေရှိခဲ့ပါတယ်။ ဒေသခံအယောက် ၄၅၀၀ ကျော် ဘေးလွတ်ရာ ရွှေ့ပြောင်းခဲ့ရတယ်။ အများစုကတော့ အိမ်ခေါင်မိုးတွေလန်သွားပြီး ချက်ချင်းပြန်ပြင်ဆင်ဖို့ကလဲ မုန်တိုင်းအန္တရာယ်ကြောင့်မပြင်နိုင်ပါဘူး။ ဒါကြောင့် ဘေးလွတ်ရာ ယာယီရွှေ့ပြောင်းခဲ့ရတာဖြစ်ပါတယ်။ ဘေးလွတ်ရာ ရွှေ့ပြောင်းခဲ့ရတဲ့ ဒေသခံတွေရဲ့စားရေးသောက်ရေးနဲ့ နေရေးထိုင်ရေးကိစ္စတွေကိုလဲ ကိပ်တောင်း အာဏာပိုင်အဖွဲ့အစည်းက တာဝန်ယူဆောင်ရွက်ပေးနေပါတယ်”ဟု တောင်အာဖရိက အာဏာပိုင်အဖွဲ့အစည်းမှ ပြောရေးဆိုခွင့်ရှိသူတစ်ဦးက ပြောကြားခဲ့သည်။

**Ref : Russia Today**

**Trs : Sai Sat**

# တရုတ်နိုင်ငံတွင် မိုးသက်လေပြင်း ကျရောက်မှုကြောင့် ဒေသခံခြောက်ဦး သေဆုံး

**ပေကျင်း ဇူလိုင် ၁၂**

တရုတ်နိုင်ငံအနောက်တောင်ဘက်ပိုင်းရှိ Chongqing မြူနယ်စပယ်တွင် မိုးသက်လေပြင်းကျရောက်ခဲ့ပြီးနောက် ရေကြီးရေလျှံမှုနှင့် မြေပြိုကျမှုများ ဖြစ်ပေါ်ခဲ့ပြီး ဒေသခံခြောက်ဦး သေဆုံးခဲ့ကြောင်း တရုတ်အာဏာပိုင်အဖွဲ့အစည်းက ထုတ်ပြန်ခဲ့သည်ဟု ယနေ့သတင်းများအရ သိရသည်။

တရုတ်နိုင်ငံ တောင်ဘက်ပိုင်း၊ အလယ်ပိုင်းနှင့် အရှေ့ဘက်ပိုင်းဒေသများတွင် မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် ရေကြီးရေလျှံမှုများဖြစ်ပေါ် လျက်ရှိကြောင်း၊ Chongqing မြူနီစပယ်တွင် နေထိုင်သည့် ဦးရေ ၃၂ သန်းကျော်ရှိနေပြီး တောင်ပေါ်ဒေသတစ်ခုဖြစ်သကဲ့သို့ ကမ္ဘာလှည့်ခရီးသည်များ နှစ်စဉ်လာရောက်လည်ပတ်မှုနှုန်း မြင့်မားသည့် နယ်မြေလည်းဖြစ်ကြောင်း၊ သေဆုံးသူ ခြောက်ဦးအနက် လေးဦးမှာ မြေပြိုကျမှုနှင့် ဆက်စပ်၍ သေဆုံးခဲ့ခြင်းဖြစ်ပြီး ကျန်နှစ်ဦးမှာ ရေကြီးရေလျှံမှုနှင့် ဆက်စပ်၍ သေဆုံးခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

“ဇူလိုင် ၁၁ ရက်ကကျရောက်ခဲ့တဲ့ မိုးသက်လေပြင်းကြောင့် ရေကြီးရေလျှံမှုနဲ့ မြေပြိုကျမှုတွေ ဖြစ်ပေါ်ခဲ့ပါတယ်။ မြေပြိုမှုကြောင့် မီးရထားလမ်းတချို့ ပျက်စီးခဲ့ပြီး မီးရထားခရီးစဉ်ပေါင်း ၂၆ ခုကို ယာယီဆိုင်းငံ့ထားခဲ့ရပါတယ်။ ခရီးသည်တင် မီးရထားခရီးစဉ်တွေပဲဖြစ်ပါတယ်။ ဒေသခံ ခြောက်ယောက် သေဆုံးမှုဖြစ်ပွားခဲ့ပါတယ်။ သေဆုံးခဲ့တဲ့ ခြောက်ယောက်အနက် လေးယောက်ကတော့ မြေပြိုကျမှုနဲ့ဆက်စပ်ပြီး သေဆုံးခဲ့တာဖြစ်ပြီးတော့ ကျန်နှစ်ယောက်ကတော့ ရေကြီးရေလျှံမှုနဲ့ ဆက်စပ်ပြီးတော့ သေဆုံးခဲ့တာဖြစ်ပါတယ်”ဟု Chongqing မြူနီစပယ် အာဏာပိုင်အဖွဲ့အစည်းမှ ပြောရေးဆိုခွင့်ရှိသူတစ်ဦးက ပြောကြားခဲ့သည်။

တရုတ်နိုင်ငံတွင် မိုးရွာသွန်းမှုဖြစ်ပေါ်နေသည့် ဒေသများအနက် Dianjiang ကောင်တီနှင့် Chongqing မြူနီစပယ်တို့တွင် မိုးရေချိန်အမြင့်ဆုံးဖြစ်ပြီး မိုးရေချိန်မှာ ၂၅၄ ဒသမ ၆ မီလီမီတာထိ ရောက်ရှိခဲ့ကြောင်း သိရသည်။

Chongqing မြူနီစပယ်တွင် မိုးသက်လေပြင်းကျရောက်မှုကြောင့်ဖြစ်ပေါ်နေသော ရေကြီးရေလျှံမှုနှင့် မြေပြိုကျမှုတို့ကြောင့် မီးရထားခရီးစဉ် ၂၆ ခုကို ယာယီဆိုင်းငံ့ထားပြီး မိုးရေချိန်ပြောင်းလဲမှုအပေါ် မူတည်၍ မီးရထားခရီးစဉ်များကို ပြန်လည်ပြေးဆွဲသွားရန် စီစဉ်ထားကြောင်း Chongqing မြူနီစပယ် အာဏာပိုင်အဖွဲ့အစည်းက ထုတ်ပြန်ခဲ့ကြောင်း သိရသည်။

**Ref : Xinhua News**

**Trs : Sai Sat**

# နီပေါနိုင်ငံတွင် မိုးသည်းထန်စွာရွာသွန်းမှုကြောင့် အဝေးပြေးလမ်းမြေပြိုသဖြင့် လူ ၆၃ ဦးပါ ဘတ်စကားနှစ်စီး မြစ်အတွင်း ထိုးကျနစ်မြုပ်မှုဖြစ်ပွား

**ခတ္တမန္ဒူ ဇူလိုင် ၁၂**

နီပေါနိုင်ငံ နာရန်ဂါမြို့နှင့် မူဂလင်မြို့တို့ကို ဆက်သွယ်ထားသော အဝေးပြေးလမ်းမကြီးတွင် ယနေ့ နံနက်အစောပိုင်းက မိုးသည်းထန်စွာရွာသွန်းပြီ မြေပြိုမှုဖြစ်ပွားသဖြင့် လူ ၆၃ ဦး တင်ဆောင်လာသည့် ဘတ်စကားနှစ်စီး မြစ်အတွင်းသို့ ထိုးကျနစ်မြုပ်မှုဖြစ်ပွားခဲ့ကြောင်း အစိုးရ၏ သတင်းထုတ်ပြန်ချက်များအရ သိရသည်။

နီပေါနိုင်ငံတွင် ယနေ့ ဒေသစံတော်ချိန် နံနက် ၃နာရီ မိနစ် ၃၀ ခန့်က မိုးသည်းထန်စွာရွာသွန်းပြီး မြေပြိုမှုဖြစ်ပွားခဲ့ရာ ယာဉ်မောင်းနှစ်ဦး အပါအဝင် လူ ၆၃ ဦး တင်ဆောင်လာသည့် ဘတ်စကားနှစ်စီး ထရီရှူလီမြစ်အတွင်း ထိုးကျနစ်မြုပ်မှု ဖြစ်ပွားခဲ့သဖြင့် နီပေါနိုင်ငံဝန်ကြီးချုပ် ပူရှ်ပါကာမယ်ဒါဟယ်က အစိုးရအေဂျင်စီအားလုံးကို ရှာဖွေရေးနှင့် ကယ်ဆယ်ရေး လုပ်ငန်းများ ဦးစားပေးလုပ်ဆောင်ကြရန် ညွှန်ကြားထားကြောင်း သိရသည်။

“ကနဦး အချက်အလက်တွေအရ ဘတ်စကားနှစ်စီးစလုံးမှာ ယာဉ်မောင်းတွေအပါအဝင် စုစုပေါင်း ၆၃ ယောက် တင်ဆောင်လာတာဖြစ်ပါတယ်။ မြေပြိုမှုကြောင့် ဘတ်စကားတွေ မြစ်ထဲထိုးကျပြီး မကြာမီ အချင်းဖြစ်ပွားရာနေရာကို သက်ဆိုင်ရာကရောက်ရှိပြီး ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းတွေကို ဆောင်ရွက်နေပါတယ်”ဟု အဆိုပါအဝေးပြေးလမ်းပိုင်းရှိ ခရိုင်ရဲအရာရှိချုပ် အင်ဒရာဒေ့ဗ်ယာဒပ်က ပြောကြားခဲ့သည်။



နီပေါနိုင်ငံဝန်ကြီးချုပ် ပူရှ်ပါကာမယ်ဒါဟယ်က ခရီးသည်များကို ရှာဖွေကယ်ဆယ်ရန် အစိုးရ၏ သက်ဆိုင်ရာအေဂျင်စီအားလုံးကို ညွှန်ကြားထားပြီး ကယ်ဆယ်ရေး လုပ်ငန်းများ ဖိဖိစီးစီးဆောင်ရွက်ရန်နှင့် နိုင်ငံအနှံ့ရေကြီးမှု၊ မြေပြိုမှုများကြောင့် လူဦးရေ ငါးဒါဇင်ခန့် ပျောက်ဆုံးလျက်ရှိခြင်းကြောင့် စိတ်မကောင်း ဖြစ်ရကြောင်း ၎င်း၏ လူမှုကွန်ရက်စာမျက်နှာမှတစ်ဆင့် ဖော်ပြထားကြောင်း သိရသည်။

**Ref : Sputnik News**

**Trs : AZH**

# ကနေဒါနိုင်ငံ ဗန်ကူးဗားကျွန်းအနီးတွင် ပြင်းအား ၆ ဒသမ ၄ မဂ္ဂနီကျူရှိ ငလျင်လှုပ်ခတ်

**အော့တာဝါ ဇူလိုင် ၁၂**

ကနေဒါနိုင်ငံအနောက်တောင်ပိုင်းရှိ ဗန်ကူးဗားကျွန်းအနီးတွင် ဇူလိုင် ၁၁ ရက်က ပြင်းအား ၆ ဒသမ ၄ မဂ္ဂနီကျူရှိငလျင်လှုပ်ခတ်ခဲ့ကြောင်း ကနေဒါအစိုးရက ထုတ်ပြန်ခဲ့သည်ဟု ယနေ့သတင်းများအရ သိရသည်။

ကနေဒါနိုင်ငံအနောက်တောင်ပိုင်း ဗန်ကူးဗားကျွန်းပေါ်ရှိ မြို့ငယ်တစ်ခုဖြစ်သော တိုဖီနိုမြို့မှ မိုင် ၁၃၀ ခန့်အကွာ ပင်လယ်ပြင်ကို ဗဟိုပြု၍ ပြင်းအား ၆ ဒသမ ၄ မဂ္ဂနီကျူရှိ ငလျင်သည် ဇူလိုင် ၁၁ ရက် ဒေသစံတော်ချိန် နံနက် ၈ နာရီခန့်တွင် ပင်လယ်ရေအောက်အနက် ပေ ၆ ဒသမ ၂ မိုင်ခန့် အကွာတွင် လှုပ်ခတ်ခဲ့ကြောင်း ကနေဒါနိုင်ငံ ငလျင်ဗေဒဌာနက သတင်းထုတ်ပြန်ခဲ့သည်။

တိုဖီနိုမြို့တွင် နေထိုင်သည့် လူဦးရေ ၂၀၀၀ ခန့်သည် ငလျင်လှုပ်ခတ်မှုကို သိသိသာသာခံစားခဲ့ရပြီး ထိခိုက်မှုကြီးကြီးမားမားဖြစ်ပေါ်ခဲ့ခြင်းမရှိဘဲ ငလျင်လှုပ်ခတ်မှုသည်လည်း မြေအောက်အလွန်နက်သောနေရာတွင် ဖြစ်ပွားခဲ့သဖြင့် ဆူနာမီဖြစ်ပေါ်ဖွယ်မရှိကြောင်း သက်ဆိုင်ရာက ထုတ်ပြန်ခဲ့သည်။

အဆိုပါ ငလျင်လှုပ်ခတ်ပြီး တစ်နာရီခန့်ကြာတွင် ပြင်းအား ၅ ဒသမ ၄ မဂ္ဂနီကျူရှိ ငလျင်တစ်ကြိမ်နှင့် ဒေသစံတော်ချိန် ၁၀ နာရီ မိနစ် ၃၀ ခန့်တွင် ပြင်းအား ၄ ဒသမ ၇ မဂ္ဂနီကျူရှိ နောက်ဆက်တွဲ ငလျင်နှစ်ကြိမ် ဆက်လက် လှုပ်ခတ်ခဲ့ကြောင်း သိရသည်။

ပြင်းအား ၆ မဂ္ဂနီကျူထက်ပိုသော ငလျင်တစ်ခုလှုပ်ခတ်မှုသည် အားကောင်းသည်ဟု ယူဆရပြီး ငလျင်နှင့် ၆၂ မိုင် အကွာအဝေးအတွင်းရှိ ကြံ့ခိုင်မှုအားနည်းသော အဆောက်အအုံများအနေဖြင့် ထိခိုက်ပျက်စီးမှုများဖြစ်ပေါ်နိုင်ကြောင်း ကနေဒါအစိုးရက သတိပေးချက် ထုတ်ပြန်ခဲ့သည်။

**Ref : Russia Today**

**Trs : AZH**

# အဇာဘိုင်ဂျန်နိုင်ငံက ရာသီဥတုဖောက်ပြန်မှုဆိုင်ရာရန်ပုံငွေထူထောင်ရန်စီစဉ်နေ

**ဘာကူး ဇူလိုင် ၁၂**

အဇာဘိုင်ဂျန်နိုင်ငံသည် COP 29 ညီလာခံကို အိမ်ရှင်အဖြစ်လက်ခံကျင်းပခွင့်ရထားသည့် နိုင်ငံဖြစ်ပြီး ၂၀၂၅ ခုနှစ်တွင် COP29 ညီလာခံမကျင်းပမီ နိုင်ငံအတွင်း ရာသီဥတုဖောက်ပြန်မှုထိန်းချုပ်ရေးလုပ်ငန်းများကို အရှိန်တိုးမြှင့်ဆောင်ရွက်သွားရန် ပြင်ဆင်လာရာ ရာသီဥတုဖောက်ပြန်မှုထိန်းချုပ်ရေး အနေဖြင့် အဓိကကျသည့် အခန်းကဏ္ဍဖြစ်သော ရာသီဥတုဖောက်ပြန်မှုဆိုင်ရာရန်ပုံငွေထူထောင်သွားရန် စီစဉ်နေကြောင်း အဇာဘိုင်ဂျန် အာဏာပိုင်အဖွဲ့အစည်းက ထုတ်ပြန်ခဲ့သည်ဟု ယနေ့သတင်းများအရ သိရသည်။

ရန်ပုံငွေ ထူထောင်နိုင်ရေးအတွက် လိုအပ်သော ဘဏ္ဍာငွေများကို နိုင်ငံတော်ဘဏ္ဍာမှ တချို့တစ်ဝက် စိုက်ထုတ်သွားမည်ဖြစ်ပြီး ရုပ်ကြွင်းလောင်စာကဏ္ဍမှ အခွန်စည်းကြပ်ကာ ရရှိလာသောအခွန်ဘဏ္ဍာများကို ရာသီဥတုဖောက်ပြန်မှုထိန်းချုပ်ရေးရန်ပုံငွေတွင် အဓိကအသုံးပြုသွားရန် စီစဉ်နေကြောင်း အဇာဘိုင်ဂျန် အာဏာပိုင်အဖွဲ့အစည်းက ထုတ်ပြန်ခဲ့သည်။

“ရာသီဥတုဖောက်ပြန်မှုထိန်းချုပ်ရေးလုပ်ငန်းတွေကို အထောက်အကူဖြစ်စေဖို့အတွက် ရုပ်ကြွင်းလောင်စာထုတ်လုပ်မှု၊ ကုန်သွယ်မှု၊ သုံးစွဲမှုတွေကို ထိန်းချုပ်နိုင်ဖို့လိုပါတယ်။ ဒါကြောင့် ရုပ်ကြွင်းလောင်စာဆိုင်ရာအခွန်စည်းကြပ်မှုတွေပြုလုပ်သွားမယ်။ ရရှိလာတဲ့ အခွန်ဘဏ္ဍာတွေကိုလဲ ထူထောင်သွားမဲ့ ရာသီဥတုဖောက်ပြန်မှုဆိုင်ရာရန်ပုံငွေမှာ အဓိကထည့်ဝင်သွားမယ်”ဟု အဇာဘိုင်ဂျန်အာဏာပိုင်အဖွဲ့အစည်းမှ ပြောရေးဆိုခွင့်ရှိသူတစ်ဦးက ပြောကြားခဲ့သည်။


ရာသီဥတုဖောက်ပြန်မှုထိန်းချုပ်ရေးလုပ်ငန်းများအတွက် အဟန့်အတားဖြစ်စေသည့် ရုပ်ကြွင်းလောင်စာသုံးစွဲထုတ်လုပ်မှုများကို ထိန်းချုပ်နိုင်သွားပြီး သန့်စင်သော ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်ကဏ္ဍဖွံ့ဖြိုးတိုးတက်လာစေရေး အဓိကဆောင်ရွက်မည်ဖြစ်ကြောင်း၊ ရုပ်ကြွင်းလောင်စာ အခွန်စည်းကြပ်မှုသည် ရာသီဥတုဖောက်ပြန်မှုဆိုင်ရာ ရန်ပုံငွေအတွက် အထောက်အပံ့ဖြစ်စေနိုင်ပြီး အခွန်စည်းကြပ်မှုကြောင့် ရုပ်ကြွင်းလောင်စာ သုံးစွဲထုတ်လုပ်မှုများ၊ ကုန်သွယ်မှုများလည်း အတိုင်းအတာတစ်ခုထိ လျော့ကျလာနိုင်ကြောင်း သိရသည်။

**Ref: Sputnik News**

**Trs : Sai Sat**

ASEAN TOURISM AWARDS(2022) ၏ ASEAN MICE Vanue Standard တွင် Exhibition Vanue Award ရရှိခဲ့သော

ခန်းမလူဝင်ဆံ့မှုလူဦးရေ(၁၂၀၀)(စားပွဲဝိုင်းဖြင့်)ဖြစ်ပြီး
အခမ်းအနားများနှင့်ဖျော်ဖြေရေးပွဲများအတွက်
လူဦးရေ(၁၆၀၀+၂၀၀)ထိဆောင်ရွက်နိုင်ပါသည်။



"မန္တလေးမြို့၏ ဂုဏ်ကျက်သရေဆောင်"
ရတနာပုံ ခန်းမ







ရရှိနိုင်သောဝန်ဆောင်မှုများ
ဖိုရမ်များ၊ ဆွေးနွေးပွဲများ၊ အလုပ်ရုံဆွေးနွေးပွဲများ၊ အစည်းအဝေးများ၊
ရှင်ပြုရဟန်းခံ နားထွင်းနားသ အလှုပွဲများမင်္ဂလာဆောင်ပွဲများ၊
မွေးနေ့ပွဲများအထိမ်းအမှတ်ညစာစားပွဲများ၊ဈေးရောင်းပွဲတော်များ၊
အရောင်းမြှင့်တင်ရေးပွဲများ၊ နိုင်ငံတကာကုန်စည်ပြပွဲများ၊ အငြိမ့်ပွဲ၊
ပဒေသာကပွဲ၊ တေးဂီတဖျော်ဖြေပွဲများ၊အလှဓာတ်ပုံရိုက်ကူးခြင်းများအတွက်
ခန်းမများ ငှားရမ်းခြင်းနှင့် ဝန်ဆောင်မှုများဆောင်ရွက်ပေးလျက်ရှိပါသည်။

ဆက်သွယ်ရန်လိပ်စာ
၇၈ လမ်း နှင့် ၃၈ လမ်းထောင့်၊ မဟာအောင်မြေမြို့နယ်၊ မန္တလေးမြို့ ။
ဖုန်း - ၀၉ ၆၉၅၀၀၈၆၈၀၊ ၀၉ ၆၆၇၈၉၉၉၉၁၊ ၀၉ ၆၆၇၈၉၉၉၉၂၊ ၀၂ ၄၀၃၀၄၃၈၊ ၀၂ ၄၀၃၀၄၃၉ ။





နိုင်ငံတကာရှိ ဟိုတယ်၊ Coffee Shop များတွင် နှစ်ခြိုက်မက်မောစွာ အသုံးပြုနေသော

ပြင်ဦးလွင်
နန်းမြိုင်ကော်ဖီ




ပင်ရင်းအရောင်းဌာန - ဖုန်း - ၀၈၅ ၂၀၂၁၇၄၀၊ ၀၉ ၃၀၅၂၉၁၁၁
STARMART nine mile Showroom - (၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့။ ဖုန်း - ၀၉ ၃၀၈၆၀၁၈၀
KHA YAE PIN MART-မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့။ ဖုန်း - ၀၉ ၆၇၁၄၄၃၅၅၅
STARMART MANDALAY Wholesale-၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့။ ဖုန်း - ၀၉ ၆၆၁၇၀၂၂၄၄
STARMART Nay Pyi Taw-ရန်ကုန် - မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား။ ဖုန်း - ၀၉ ၆၈၅၁၁၉၀၇၇


## တင်ဒါခေါ်ယူခြင်း

မန္တလေးမြို့၊ ၈၆ လမ်း၊ ၃၂ × ၃၃ လမ်းကြား၊ ချမ်းအေးသာစံမြို့နယ် တွင် တည်ရှိသော ပွဲစားကုန်သည်စက်ပိုင်များ မဟာကထိန်တော်အသင်း (မန္တလေးကုန်စည်ဒိုင်)မှ ပေ ၁၀၀ × ပေ ၆၀ ရှိ အသင်းပိုင်မြေကွက်ပေါ် တွင် ဆိုင်ကယ်များ အမိုးပြင်ပေါ်တွင် ထားရှိနိုင်ရန် အတက်အဆင်း (၂)လမ်းနှင့် မြေအောက်ခန်းပါ RC (၂)ထပ်အဆောက်အဦ ဆောက်လုပ်မည်ဖြစ်ပါသည်။

သို့ပါ၍ စိတ်ပါဝင်စားသော ဆောက်လုပ်ရေးကုမ္ပဏီများသည် အသေးစိတ်ကို အသင်းရုံးသို့ လာရောက်စုံစမ်းဆက်သွယ်မေးမြန်း၍ ၁၁-၇-၂၀၂၄ နေ့ နောက်ဆုံးထားပြီး အိတ်ပိတ်တင်ဒါပေးသွင်းနိုင်ပါကြောင်း ကြေညာအပ်ပါသည်။

**ပွဲစားကုန်သည်စက်ပိုင်များ၊ မဟာကထိန်တော်အသင်း**
**(မန္တလေးကုန်စည်ဒိုင်)**
**ဖုန်း ၀၉-၄၄၃၄၄၆၃၀၀/ ၀၉-၄၄၄၈၈၂၇၂၂**

## တင်ဒါခေါ်ယူခြင်း

မန္တလေးမြို့၊ ၈၆ လမ်း၊ ၃၂ × ၃၃ လမ်းကြား၊ ချမ်းအေးသာစံမြို့နယ် တွင် တည်ရှိသော ပွဲစားကုန်သည်စက်ပိုင်များ မဟာကထိန်တော် အသင်း (မန္တလေးကုန်စည်ဒိုင်)၏ အသင်းပိုင် အလျား ၁၀၀ ပေ × အနံ ၆၀ ပေ၊ အမြင့် ၂၀ ပေခန့်ရှိ သွပ်မိုးတစ်ထပ်၊ နံကပ်အဆောက်အဦ ကို လက်ရှိအခြေအတိုင်း တင်ဒါစနစ်ဖြင့် ရောင်းချသွားမည်ဖြစ်ပါသည်။

ဝယ်လိုသူများသည် အသေးစိတ်အချက်အလက်ကို အသင်းရုံးသို့ စုံစမ်းမေးမြန်း၍ ၁၁-၇-၂၀၂၄ နေ့မတိုင်မီ အိတ်ပိတ်တင်ဒါပေးသွင်း နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

**ပွဲစားကုန်သည်စက်ပိုင်များ၊ မဟာကထိန်တော်အသင်း**
**(မန္တလေးကုန်စည်ဒိုင်)**
**ဖုန်း ၀၉-၄၄၃၄၄၆၃၀၀/ ၀၉-၄၄၄၈၈၂၇၂၂**

## အမည်မှန်

မန္တလေး၊ ချမ်းအေးသာစံ မြို့နယ်၊ ELC ကိုယ်ပိုင် အထက်တန်းကျောင်း Grade-6 တွင် ပညာသင်ကြားနေသော မောင်ကောင်းမြင့်နိုင် (ဘ) ဦးဟေမလား ၏ အမည်မှန်မှာ အိမ်ထောင်စုလူဦးရေ စာရင်းနှင့်ဖွားစာရင်းအရ မောင်ကောင်းမြတ်နိုင် ဖြစ်ပါကြောင်း။

**မောင်ကောင်းမြတ်နိုင်**

### ပျောက်ဆုံးကြောင်း

ပန်းတနော်မြို့နေ စိုင်းလင်းကို(ဘ) ဦးမြင့်ဆွေ(၁၄/ဝခမ(နိုင်)၁၁၄၆၈၈) ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ) မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ ၀၉-၇၉၂၅၄ ၂၈၆၄

### ပျောက်ဆုံးကြောင်း

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ ကန်သာယာနေ ဒေါ်သီတာအောင် (ဘ) ဦးမောင်ညို (၅/ကသန(နိုင်)၀၈၈၇၆၅) ၏ နိုင်ငံကူး လက်မှတ်အမှတ် (MA-720371) မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ ၀၉-၄၀၂၆၂၉၃၃၄






## ဖခင်အမည်မှန်

မန္တလေးတိုင်းဒေသကြီး၊ ငါန်းဇွန်မြို့နယ်၊ အထက်တန်း ကျောင်း(ခွဲ) သုနတ်စစ်၊ Grade-11 တွင် ပညာသင်ကြားနေ သော မနှင်းအိမြတ်နိုးဖြူ (၉/ငဇန(နိုင်)၁၄၂၉၀၉)၏ဖခင် အမည်မှန်မှာ အိမ်ထောင်စုလူဦးရေစာရင်းအရ ဦးငွေခဲ ဖြစ်ပါကြောင်း။ ဦးငွေခဲ(၅/ငဇန(နိုင်)၀၁၉၄၀၈)

### ပျောက်ဆုံးကြောင်း

မချမ်းဘောမြို့နယ်၊ ရပ်ကွက်(၁)နေ မငါးဆာလီနာ (ဘ) ဦးခိုး ရဲဆဲ (၁/မခဘ(နိုင်)၀၁၁၃၅၈)၏ နိုင်ငံကူးလက်မှတ်အမှတ် (MC-319814) မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ ၀၉-၉၅၃၃၀၅၅၈၀

### ပျောက်ဆုံးကြောင်း

ဟသ်ာတမြို့နေ မတင်ဝင်းလှိုင်(ဘ) ဦးသန်းလွင်(၁၄/ဟသတ(နိုင်)၂၃၆ ၀၉၁)၏ နိုင်ငံကူးလက်မှတ်အမှတ် (MA-212040)မှာ ပျောက်ဆုံးသွား ပါသဖြင့် တွေ့ရှိပါက အကြောင်း ကြားပေးပါရန်။ ၀၉-၆၇၈၆၆၀၉၄၀

**ခြင်ဆေးခွေသုံးလျှင် သတိယှဉ်**
**အောက်တွင်ခံခွက် မမေ့နှင့်**

**စာအုပ်စာပေ လူ့မိတ်ဆွေ**

## ပြည်သူများကျန်းမာစေဖို့ ဆီစားသုံးမှုလျှော့ချစို့

ဆီကို စားသုံးသင့်သည့်ပမာဏထက် ကျော်လွန်စားသုံးခြင်းနှင့် အရည်အသွေး မပြည့်မီသည့်ဆီများစားသုံးခြင်းတို့ကြောင့်-

- နှလုံးရောဂါ၊ နှလုံးသွေးကြောပိတ်ရောဂါ၊ ဆီးချိုရောဂါ၊ သွေးတိုး ရောဂါ၊ အဝလွန်ခြင်း၊ အသည်းအဆီဖုံးခြင်း၊ လေဖြတ်ခြင်း စသည့် ကျန်းမာရေးဆိုင်ရာဆိုးကျိုးများစွာ ခံစားရစေပါသည်။
- ထိုသို့ ဆိုးကျိုးများစွာခံစားလာရသည်နှင့်အမျှ စီးပွားရေး၊ လူမှုရေးဆိုင်ရာ ထိခိုက်မှုများကိုပါ တွေ့ကြုံစေနိုင်သောကြောင့် ဆီစားသုံးမှုကို လျှော့ချစားသုံးသင့်ပါသည်။

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်

၁။ **နိုင်ငံရေး**

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကိုတည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံးထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA) ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) ပြည်သူလူထု၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံးတည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးအပြည့်အဝရရှိစေရန်အလေးထားလုပ်ဆောင်ရေး။

၂။ **စီးပွားရေး**

(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သောစိုက်ပျိုးရေးနှင့်မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး။

(ခ) တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး။

(ဂ) ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကိုအားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်းထွက်ရှိအောင်ဆောင်ရွက်၍ နိုင်ငံအတွင်းဖူလုံမှုမှသည် ပြည်ပသို့ တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

၃။ **လူမှုရေး**

(က) တစ်နိုင်ငံလုံးအသိပညာ၊ အတတ်ပညာမြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှုအထောက်အကူပြုပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး။

(ခ) တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံးအကျုံးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍမြှင့်တင်ဆောင်ရွက်ရေး။

(ဂ) နိုင်ငံ၏ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ်ပါဝင်နိုင်ရေး ဗလငါးတန်နှင့်ပြည့်စုံသော လူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး။

❖ အရာရှိငယ်ဘဝတွင် အထက်အကြီးအကဲများ၏ အမိန့်ကို တိကျစွာလိုက်နာတတ်ခြင်းသည် ခေါင်းဆောင်ကောင်းနှင့် နောက်လိုက်ကောင်းတို့၏ အမှုအကျင့်ကောင်းများပင်ဖြစ်...

❖ ငယ်သားဖြစ်ချိန်၌ နောက်လိုက်ကောင်းတစ်ယောက်ဖြစ်ခြင်းသည် နောင်တစ်ချိန်တွင် ခေါင်းဆောင်ကောင်းတစ်ယောက်၏ အစပင်ဖြစ်...

**(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က ၂၀၂၃ ခုနှစ် ဒီဇင်ဘာ ၂၂ ရက်တွင်ပြုလုပ်သော ဘွဲ့ရအမျိုးသမီးဗိုလ်လောင်းအမှတ်စဉ်(၁၀) သင်တန်းဆင်းဂုဏ်ပြုစစ်ရေးပြအခမ်းအနား မိန့်ခွန်းပြောကြားမှုမှ ကောက်နုတ်ချက်)**

# ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့ လုပ်ငန်းညှိနှိုင်းအစည်းအဝေးအမှတ်စဉ်(၅/၂၀၂၄)သို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးတင်အောင်စန်း တက်ရောက်အမှာစကားပြောကြား



**နေပြည်တော် ဇူလိုင် ၁၂**

ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့ လုပ်ငန်းညှိနှိုင်းအစည်းအဝေး အမှတ်စဉ်(၅/၂၀၂၄)ကို ယနေ့မွန်းလွဲပိုင်းတွင် ကာကွယ်ရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ကျင်းပရာ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့ဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးတင်အောင်စန်း တက်ရောက်အမှာစကားပြောကြားသည်။

အစည်းအဝေးသို့ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့ ဒုတိယဥက္ကဋ္ဌ ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီးမောင်မောင်အေး၊ အတွင်းရေးမှူး စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးမင်းဦး၊ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့ အဖွဲ့ဝင်များဖြစ်သည့် ပြည်ထောင်စုဝန်ကြီးများ၊

**စာမျက်နှာ ၁၉ ကော်လံ ၁** ☆

## နိုင်ငံ့တာဝန်ထမ်းဆောင်ခဲ့ပြီး အမည်မည်းစာရင်း (Black Lists)တွင် ပါဝင်နေသူများကို ဖြေလျှော့ပေးမည်

**နေပြည်တော် ဇူလိုင် ၁၂**

ပြည်ထောင်စုအဆင့်အဖွဲ့အစည်းများ၊ ပြည်ထောင်စုဝန်ကြီးဌာနများမှ နိုင်ငံ့ဝန်ထမ်းအချို့သည် အကြောင်းအမျိုးမျိုးကြောင့် ခွင့်ပြုချက်မရရှိဘဲ လုပ်ငန်းခွင်ကို စွန့်ခွာသွားကြသည့်အတွက် သက်ဆိုင်ရာဌာနများ၏အမည်မည်းစာရင်း(Black Lists)တွင် ပါဝင်လျက်ရှိနေခြင်းကြောင့် နိုင်ငံတော်အတွက် လူသားအရင်းအမြစ်ဆုံးရှုံးမှုများဖြစ်ပေါ်သည့်အပြင် ကာယကံရှင်များ၏ လူမှုဘဝများလည်း နစ်နာလျက်ရှိပါသည်။

နိုင်ငံတော်အစိုးရအနေဖြင့် အဆိုပါနစ်နာမှုများကို ကုစားပေးနိုင်ရန်အလို့ငှာ ယင်းဝန်ထမ်းများကို လုပ်ငန်းခွင်စွန့်ခွာရသည့် အကြောင်းခြင်းရာအပေါ် မူတည်၍ **စာမျက်နှာ ၂၀ ကော်လံ ၃** ❖

## (၇၇)နှစ်မြောက် အာဇာနည်နေ့တွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အလံ တိုင်ဝက်လွှင့်ထူရန်နှင့် ဥသြဆွဲရန်

**နေပြည်တော် ဇူလိုင် ၁၂**

၂၀၂၄ ခုနှစ် ဇူလိုင် ၁၉ ရက် (သောကြာနေ့) (၇၇)နှစ်မြောက် အာဇာနည်နေ့တွင် ဝမ်းနည်းခြင်းအထိမ်းအမှတ်အနေဖြင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အလံကို နိုင်ငံတစ်ဝန်းလုံး တိုင်ဝက်လွှင့်ထူရေး၊ အာဇာနည်ခေါင်းဆောင်ကြီးများကျဆုံးသည့် နံနက် ၁၀ နာရီ ၃၇ မိနစ်တွင် မြန်မာ့အသံနှင့် ရုပ်မြင်သံကြားက ဥသြဆွဲအချက်ပေးရေးနှင့်ယင်းအချိန်တွင် သွားလာနေသည့်မော်တော်ယာဉ်များ ခေတ္တရပ်ပြီး ဟွန်းတီးစေရေးတို့အတွက် လက်အောက်ဌာန၊ ရုံးအဆင့်ဆင့်သို့ ဆက်လက်အသိပေးညွှန်ကြားရန် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီရုံးက အစိုးရရုံးဌာနအဖွဲ့အစည်းအားလုံးသို့ ညွှန်ကြားထားကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

OKKAN SUGAR MILL

ဥက္ကံ သကြားစက်၊ ရန်ကုန်တိုင်းဒေသကြီး

FDA ထောက်ခံချက်အမှတ်-စ၅/၂၁၃၄၆/ထလ
FDA Approved No. Sa 5/21346/Hta la











Phone; 09973037364(Office), 09971922346(Mill)

မြန်မာပြည်တွင်ထုတ်လုပ်သည်

သကြားဖြူ White Sugar